# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် စတင်ထုတ်ဝေသည်။ Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်၊ တနင်္လာနေ့။ Monday, 8 June 2020 ၁၀၀၃၇


# မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှု ထူထောင်သည့် နှစ်(၇၀)ပြည့်မြောက် အခါသမယတွင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အပြန်အလှန်ပေးပို့

**နေပြည်တော် ဇွန် ၈**

၂၀၂၀ ပြည့်နှစ် ဇွန်လ ၈ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှုထူထောင်သည့် နှစ် (၇၀) ပြည့်မြောက် အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့သည် လည်းကောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် လီခချန်းတို့သည် လည်းကောင်း ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးအပြန်အလှန်ပေးပို့ခဲ့ကြသည်။

**သတင်းစဉ်**




ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထောက်ပံ့ကူညီသည့် ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများတင်ဆောင်လာသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထူးလေယာဉ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်စဉ်။

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထောက်ပံ့ကူညီသည့် ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများ တင်ဆောင်လာသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထူးလေယာဉ်ရောက်ရှိ

**ရန်ကုန် ဇွန် ၇**

ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP)၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှု အစီအစဉ်ဖြင့် မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထောက်ပံ့ကူညီသည့် ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများ တင်ဆောင်လာသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထူးလေယာဉ်သည် ယနေ့နံနက် ၁၁ နာရီတွင် မလေးရှားနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်လာသည်။

ယနေ့ခရီးစဉ်နှင့်ပတ်သက်၍ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ ဒုတိယ ဌာနေကိုယ်စားလှယ် Mr. Walid Ibrahim က "ဒီနေ့ခရီးစဉ်ကတော့ WFP ရဲ့ ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံခရီးစဉ်ဖြစ်ပါတယ်။ ဒီခရီးစဉ်မှာတော့ WHO ရဲ့ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်တဲ့ ဓာတ်စမ်းပစ္စည်း(Reagents)တွေ အပါအဝင် ဓာတ်ခွဲခန်းသုံး ပစ္စည်းတွေနဲ့ ဆေးပစ္စည်းတွေကို သယ်ဆောင်ခဲ့ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ကိုဗစ်-၁၉ ကပ်ရောဂါတိုက်ဖျက်ရေးမှာ ကူညီပေးနိုင်ဖို့ရည်ရွယ်ချက်နဲ့ WHO အနေနဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနထံ လွှဲပြောင်းလှူဒါန်းသွားမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

အထူးလေယာဉ်ဖြင့်ရောက်ရှိလာသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထောက်ပံ့ကူညီသည့် ပစ္စည်းများမှာ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

## ကြေးမုံ ယနေ့ ဖတ်စရာ

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော LNG to Power စီမံကိန်းများအတွက် မြန်မာနိုင်ငံသို့ LNG သင်္ဘောရောက်ရှိလာမှု၊ အဆိုပါစီမံကိန်းများမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန် ဆောင်ရွက်မှုနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

စာမျက်နှာ » ၃

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းအစီအစဉ်တွင် ပါဝင်ဆောင်ရွက်ပေးကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအား အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ရင်ထိုးတံဆိပ်များ ပေးအပ်

စာမျက်နှာ » ၅

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

စာမျက်နှာ » ၁၅




ကြေးမုံ

# တက်ညီလက်ညီ ရုန်းကန်နိုးထ စီးပွားဖွံ့ဖြိုးမှုကိုဆောင်ကြဉ်း

တစ်ကမ္ဘာလုံး ရင်ဆိုင်ကြုံတွေ့နေရသော ကိုဗစ်-၁၉ ရောဂါဂယက်ကြောင့် ကမ္ဘာ့စီးပွားရေးထုတ်ကုန်လုပ်ငန်းများ တုံ့ဆိုင်းနှေးကွေးသွားခဲ့သည်။ ကိုဗစ် - ၁၉ ရောဂါကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအနေဖြင့် စီးပွားရေးအကျပ်အတည်းမှ အမြန်ဆုံးရုန်းထွက်နိုင်ရေးမှာ ကာလတိုနှစ်နှစ်မှ သုံးနှစ်အတွင်း အထူးရုန်းကန်ကြိုးစားအားထုတ်ကြရမည် ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါဘေးဂယက်မှာ ကမ္ဘာ့နိုင်ငံများနှင့် နှိုင်းစာလျှင် မြန်မာနိုင်ငံတွင် ကြီးကြီးမားမား စိုးရိမ်ဖွယ်ရာအနေအထားသို့ မရောက်ရှိသေးဘဲ စီးပွားရေးလုပ်ငန်းပိုင်းတွင်လည်း ဆိုးဆိုးရွားရွား ထိခိုက်မှုမရှိသေးဟု ဆိုရမည်ဖြစ်သည်။ နိုင်ငံတကာတွင် ပြည်တွင်းထုတ်ကုန်လုပ်ငန်းများ ယိမ်းယိုင်နေချိန်တွင် မြန်မာနိုင်ငံ၌ စားနပ်ရိက္ခာထုတ်ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ ယနေ့အခြေအနေနှင့် အချိန်အခါအရ အခွင့်အလမ်းကောင်းများ ရှိနေသည်ဟု ဆိုနိုင်သည်။

ကိုဗစ် - ၁၉ ကြောင့် ဂယက်ရိုက်ခတ်လာသည့် ကမ္ဘာ့စီးပွားရေးပျက်ကပ်နှင့်အတူ ကမ္ဘာ့နိုင်ငံများအနေဖြင့် လုပ်ငန်းကိုင်ငန်း မလည်ပတ်နိုင်မှုကြောင့် စားနပ်ရိက္ခာအကျပ်အတည်းများ ဖြစ်ပေါ်လာနိုင်သောကာလဖြစ်သည်။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် ကုန်ထုတ်လုပ်ငန်းများ လည်ပတ်မှုတွင် အခက်အခဲများရှိသော်လည်း စားနပ်ရိက္ခာထုတ်လုပ်မှုတွင် ထိခိုက်ခြင်းမရှိဘဲ အလျှံပယ်ထုတ်လုပ်နိုင်သည်ကို တွေ့ရသည်။ ကိုဗစ်-၁၉ ဂယက်မှာ မြို့ပြများတွင်သာရိုက်ခတ်မှုရှိပြီး စိုက်ပျိုးထွက်ကုန်ထုတ်လုပ်သည့် ကျေးလက်များတွင် ပုံမှန်လည်ပတ်နေဆဲဖြစ်သည်။

လက်ရှိကာလတွင် ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာယုတ်လျော့မှုများနှင့် ကိုဗစ် -၁၉ ကြောင့် စားနပ်ရိက္ခာ မလည်ပတ်မှုများကိုရှေးရှု၍ ကမ္ဘာ့ကုလသမဂ္ဂ၏ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က စားနပ်ရိက္ခာ တိုးချဲ့ထုတ်လုပ်နိုင်သည့်နိုင်ငံများအား ပိုမိုထုတ်လုပ်ရေးနှင့် နိုင်ငံတိုင်းနိုင်ငံတိုင်းအား အရန်စားနပ်ရိက္ခာများရှိရေးကို နှိုးဆော်ပေးနေသည်။ မြန်မာနိုင်ငံအနေဖြင့် လယ်ယာအခြေခံစားသောက်ကုန်ထုတ်လုပ်မှုသည် ပြည်တွင်းစားသုံးမှုအတွက် ပြည့်စုံလုံလောက်ပိုလျှံနေသလို တိုးချဲ့ထုတ်လုပ်နိုင်ရန်အတွက်လည်း အသုံးမပြုရသေးသည့် မြေ၊ ရေ၊ သဘာဝသယံဇာတများ အများဆုံးရှိသည့်နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။

ထို့ကြောင့် တိုးချဲ့ထုတ်လုပ်နိုင်သည့် လယ်ယာမြေအခြေခံစားသောက်ကုန်များကို ရနိုင်သလောက် စိုက်ပျိုးထုတ်လုပ်ခြင်းနှင့်အတူ စက်မှုနည်းပညာအသုံးပြု၍ တန်ဖိုးမြှင့်ထပ်ဆင့်ပြုပြင်ထုတ်လုပ်နိုင်ရန် အချိန်အခါကောင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကိုဗစ်-၁၉ ရောဂါကြောင့် စားသောက်ကုန်များ ကမ္ဘာ့ဝယ်လိုအားနှင့် ဈေးကောင်းနေသည့် အချိန်အခါဖြစ်ခြင်း၊ ပြည်တွင်း၌ထုတ်လုပ်နိုင်သည့် အခြေခံသယံဇာတများ လုံလောက်စွာရှိခြင်း၊ ပြည်ပတွင် စားသောက်ကုန်လုပ်ငန်း အဆင့်မြင့်အတွေ့အကြုံရှိသည့် ကျွမ်းကျင်ရွှေ့ပြောင်းလုပ်သားများ ပြည်တွင်းသို့ပြန်လာမှုကြောင့် လုပ်သားအင်အား အဆင်သင့်ရှိနေခြင်း၊ နိုင်ငံတော်အနေဖြင့်လည်း စီးပွားရေးလုပ်ငန်းများ အမြန်ရုန်းထနိုင်ရေးအတွက် ပံ့ပိုးဖြေလျှော့မှုများ စဉ်ဆက်မပြတ်လုပ်ဆောင်ပေးနေခြင်းတို့သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေအနေကောင်းများဖြစ်သည်။

သာဓကအားဖြင့် မြန်မာနိုင်ငံသည် ပြောင်းကို နှစ်စဉ် ပြည်တွင်းစားသုံးမှုထက် ပိုလျှံစွာထုတ်လုပ်နိုင်ပြီး ပြည်ပတင်ပို့မှုတွင် အာဆီယံဒေသတွင်း ၁၀ နိုင်ငံအနက် ဒုတိယအများဆုံးဖြစ်သည်။ နိုင်ငံအနီးထွက်ရှိသောပြောင်းကို တရုတ်ဈေးကွက်သို့ အများဆုံးတင်ပို့လျက်ရှိရာ ပြီးခဲ့သည့် ဘဏ္ဍာနှစ်မှစ၍ ဝယ်လိုမှုများကျဆင်းလာခဲ့ရာ ဈေးကွက်အသစ်အဖြစ် ထိုင်းနိုင်ငံနှင့်အခြားနိုင်ငံများသို့ ပြောင်းလဲတင်ပို့လျက်ရှိသည်။ ထို့အပြင် လက်ရှိ ဈေးကွက်နှင့် ပို့ကုန်ပြောင်းလဲတင်ပို့နိုင်မှုကို အကောင်အထည်ဖော်ပြီး ပို့ကုန်လိုအပ်ချက်နှင့်ကိုက်ညီမည့် အခြားသီးနှံများကို ပြောင်းလဲစိုက်ပျိုးလျက်ရှိသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးသည် အဓိကဖြစ်ရာ စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုအခြေခံထုတ်ကုန်လုပ်ငန်းများ တိုးတက်ရေးတို့ကို ကြိုးစားဆောင်ရွက်ကြရမည် ဖြစ်သည်။ အရေးကြီးသည်မှာ ပြည်တွင်းပြည်ပလုပ်ငန်းရှင်များ ပိုမိုပေါင်းစည်းဆောင်ရွက်နိုင်ရန် အသင့်ပြင်ဆင်ထားရမည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘာ့စီးပွားရေးယိုင်နဲ့နေချိန်တွင် အခြေအနေကောင်းများရှိနေသော မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများထက် စီးပွားရေးတွင် ပိုမိုနိုးကြားရုန်းကန်လှုပ်ရှားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘာ့စီးပွားရေးမတည်ငြိမ်မှုဖြစ်နေချိန်တွင် အခြေအနေကောင်းများရှိပြီးဖြစ်သော မြန်မာ့စီးပွားရေးလုပ်ငန်းများတွင် နိုင်ငံသားတစ်ဦးချင်းစီမှစ၍ ပြည်သူလူထုတစ်ရပ်လုံး နိုင်ငံချစ်စိတ်ကိုအရင်းတည်ကာ ခိုင်မာသည့်စိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှုတို့ပေါင်းစပ်၍ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

# ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားအခြေခံပြည်သူများအား စားနပ်ရိက္ခာများ ဆက်လက် လှူဒါန်းပေးအပ်

**တောင်ကြီး ဇွန် ၇**

ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားအခြေခံပြည်သူများအတွက် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သန်းလှိုင်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ဝန်ကြီးများဖြစ်ကြသော ဦးစိုင်းစွံဆိုင်း၊ ဦးစိုင်းလျှံတစ်လုံး၊ ဦးခွန်ရဲထွေး၊ ကွန်ဟိန်းမြို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်စော၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံထွန်းနှင့် ဦးအောင်ကျော်ဦး၊ ကွန်းဟိန်းအခြေချ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး အောင်ကိုဝင်း၊ ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်းနှင့်တာဝန်ရှိသူများ၊ ထောက်ပံ့ရေးကော်မတီဝင်များ၊ ပရဟိတအဖွဲ့ဝင်များသည် ဇွန် ၇ ရက်က ကွန်ဟိန်းဒေသတွင် စားနပ်ရိက္ခာများ ဆက်လက်ပေးအပ်လှူဒါန်းခဲ့သည်။

ရှေးဦးစွာ ကွန်ဟိန်းမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးရုံတက်လူနာများအား စားနပ်ရိက္ခာများနှင့် ငွေကျပ် ၁၀၀၀၀ စီကိုလည်းကောင်း၊ ကွန်ဟိန်းဓမ္မာရုံ၌ ကွန်ဟိန်း၊ မိုင်းပျဉ်း၊ ကာလိရွာများရှိ ပအိုဝ်း၊ ရှမ်းတိုင်းရင်းသားအခြေခံပြည်သူများအတွက် စားနပ်ရိက္ခာထုပ် ၁၃၀၀ နှင့် ငွေကျပ် ၁၀၀၀၀ စီကို လည်းကောင်း၊ ကွန်ဟိန်းမြို့ ဟိတာကာရီခန်းမ ဘက်စုံတည်ဆောက်ရေးအတွက် ငွေကျပ်သိန်း ၁၀၀ ကို လည်းကောင်း၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းအတွက် ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ မိုင်းကိုင်မြို့နယ် တုံလောရွာနှင့် ဆားတောရွာများအတွက် ရိက္ခာထုပ် ၃၀၀ နှင့် ငွေကျပ် ၁၀၀၀၀ စီကို လည်းကောင်း၊ မိုင်းရှူးမြို့နယ် မိုင်းစံကျေးရွာအတွက် စားနပ်ရိက္ခာထုပ် ၂၀၀ နှင့် ငွေကျပ် ၁၀၀၀၀ စီကို လည်းကောင်း၊ ကွန်ဟိန်းမြို့ အောင်မင်္ဂလာကျောင်းတိုက်သို့ ရောက်ရှိပြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလ ဘုန်းတော်ကြီးများ၊ သီလရှင်များ ဆွမ်းကွမ်းအခက်အခဲမရှိ လွယ်ကူစေရေးအတွက် ဆန်၊ ဆီ၊ ရိက္ခာများနှင့် လမ်းများ ဆက်လက်ပြုပြင်ရန်အတွက် ကတ္တရာ ၁၀ ပုံးကို လည်းကောင်း အသီးသီးထောက်ပံ့လှူဒါန်းခဲ့သည်။

ဆက်လက်၍ ကွန်ဟိန်းမြို့မှ ဆိုင်းမွန်ကျေးရွာသို့ ရောက်ရှိခဲ့ပြီး ပလောင်၊ လားဟူ၊ လီဆူး၊ လီရှော၊ ရှမ်း၊ အာခါတိုင်းရင်းသားပေါင်းစုံ အခြေခံပြည်သူများအား စားနပ်ရိက္ခာများနှင့်ငွေကျပ် ၁၀၀၀၀ စီကို ပေးအပ်လှူဒါန်းခဲ့သည်။ ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီသည် ကမ္ဘောဇဘဏ်မှ မတည်လှူဒါန်းငွေကျပ် သိန်း ၁၀၀၀၀ နှင့် အများပြည်သူလှူဒါန်းငွေများဖြင့် ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားပေါင်းစုံနေထိုင်ရာဒေသများသို့လည်းကောင်း၊ စစ်ဘေးရှောင်စခန်းများသို့ လည်းကောင်း၊ စားနပ်ရိက္ခာများ ဆက်လက် ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ပြီး ရောဂါကာကွယ်ကုသရေးအတွက် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသူများအား စောင့်ကြည့်ရေး စခန်းများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများသို့ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**ကိုကျော်**




# ကျောက်တံခါးမြို့၌ အိမ်ထောင်စုများအား နှာခေါင်းစည်းများ လိုက်လံဝေငှ

**ကျောက်တံခါး ဇွန် ၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် မြို့နယ်ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးပူးပေါင်းကော်မတီနှင့် ပဲနွယ်ကုန်းမြို့ တစ်ရာစွမ်းအား (Hundred Power) ကျန်းမာရေးနှင့် ပညာရေးအထောက်အကူပြုအဖွဲ့တို့ ပူးပေါင်းပြီး ယနေ့နံနက်ပိုင်းက ကျောက်တံခါးမြို့ပေါ်ရှိ ရပ်ကွက်ငါးခုမှ အိမ်ထောင်စုဝင်များနှင့် စတိုးဆိုင်၊ ကုန်စုံဆိုင်၊ စားသောက်ဆိုင်၊ ကွမ်းယာဆိုင်များအား နှာခေါင်းစည်းများ အခမဲ့လိုက်လံဝေငှခဲ့ကြသည်။

ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားစေရေးအတွက် ပဲနွယ်ကုန်းမြို့ တစ်ရာစွမ်းအား ကျန်းမာရေးနှင့် ပညာရေးအထောက်အကူပြုအဖွဲ့မှ စက်ချုပ်လုပ်သားများကိုယ်တိုင် စနစ်တကျချုပ်လုပ်ထားသော နှာခေါင်းစည်းများကို ကျောက်တံခါးမြို့ပေါ် ရပ်ကွက်ငါးခုမှ အိမ်ထောင်စုပေါင်း ၄၀၀၀ ကျော်အတွက် တစ်အိမ်ထောင်လျှင် နှစ်ခုနှုန်းဖြင့်လည်းကောင်း၊ မြို့ပေါ်ရှိကုန်စုံဆိုင်၊ စတိုးဆိုင်၊ စားသောက်ဆိုင်နှင့် ကွမ်းယာဆိုင်များအတွက် နှာခေါင်းစည်း ၂၀၀၀ ကျော်ကို လည်းကောင်း တစ်ရာစွမ်းအားအဖွဲ့သားများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊



ထိန်းချုပ်ရေးပူးပေါင်းကော်မတီများ၊ ရပ်ကွက်အုပ်ချုပ်ရေး မှူးများနှင့် ပရဟိတလူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ နှာခေါင်းစည်းများ လိုက်လံဝေငှပေးခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

စာအုပ်စာပေ
လှူမိတ်ဆွေ

ကြေးမုံ

| | | | |
|---|---|---|---|
| ခေတ္တ စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း | | |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | ဓာတ်ပုံသတင်းထောက် | - ဦးခင်မောင်ဝင်း |
| ဘာသာပြန်စာတည်းများ | - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော် | သုတေသန | - ဒေါ်ဇင်မာဝင့် |
| အကြီးတန်း သတင်းထောက်များ | - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ | စာပြင် | - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်စွာလင်း၊ ဦးချစ်ဇေယျာထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဒေါ်ဇာရည်မွန်၊ ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော LNG to Power စီမံကိန်းများအတွက် မြန်မာနိုင်ငံသို့ LNG သင်္ဘောရောက်ရှိလာမှု၊ အဆိုပါစီမံကိန်းများမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် ဆောင်ရွက်မှုနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၇**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော LNG to Power စီမံကိန်းများအတွက် မြန်မာနိုင်ငံသို့ LNG သင်္ဘောရောက်ရှိလာမှု၊ အဆိုပါ စီမံကိန်းများမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် ဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ဝင်းနှင့် ဒေါက်တာထွန်းနိုင်၊ အမြဲတမ်းအတွင်းဝန် ဦးတင်မောင်ဦး၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ ယခုနှစ်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများအနက် မကွေး ၆၆ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ၊ ကျွန်းချောင်း ၂၀ ဒသမ ၅၄ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံနှင့် အလုံ ၁၅၁ ဒသမ ၅၄ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံစီမံကိန်းများမှ ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားများကို နိုင်ငံတော်ဓာတ်အားစနစ်သို့ ပို့လွှတ်နိုင်ခဲ့ပြီး မကြာမီ LNG to Power သာကေတ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းမှလည်း လျှပ်စစ်ဓာတ်အားများ ထွက်ရှိတော့မည်ဖြစ်ကြောင်း၊ ဆက်လက်၍ သန်လျင် LNG to Power စီမံကိန်းကိုလည်း သတ်မှတ်ကာလအတွင်း အချိန်မီ ဓာတ်အားထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အနေဖြင့် ကိုဗစ်-၁၉ ထိန်းချုပ်နေသောကာလဖြစ်သည့်အလျောက် ကန့်သတ်ချက်များအတိုင်း လိုက်နာပြီး လျှပ်စစ်ဓာတ်အား အမြန်ဆုံးရရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကုမ္ပဏီဝန်ထမ်းများ၊ ကျွမ်းကျင်ပညာရှင်များအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ဆက်လက်ပြီး ကျန်ရှိနေသည့် စီမံကိန်းများကိုလည်း ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးက LNG သယ်ဆောင်လာသော သင်္ဘောဆိုက်ကပ်မည့် ယာယီဆိပ်ခံ (Temporary Jetty)အဖြစ် အသုံးပြုမည့် Mobile Filling Platform(MFP) တည်ဆောက်ခြင်းနှင့် LNG သိုလှောင်သင်္ဘောဆိုက်ကပ်နိုင်ရေးတို့အတွက် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဓာတ်အားပေးစက်ရုံစီမံကိန်းများမှ ဓာတ်အားထုတ်လုပ်မည့်အခြေအနေ၊ အဆိုပါ MFP နှင့် LNG သိုလှောင်သင်္ဘောအား ဆိပ်ကမ်းသို့ ဆိုက်ကပ်နိုင်ရေးအတွက် လိုအပ်သော ခွင့်ပြုမိန့်များ၊ ကူညီပံ့ပိုးမှုများကို အချိန်နှင့်တစ်ပြေးညီရရှိနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့မှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက LNG to Power စီမံကိန်းမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ချိန်တွင် ရေအားလျှပ်စစ်စီမံကိန်းအပါအဝင် အခြားထုတ်လုပ်မှုများနှင့် ပေါင်းစပ်၍ နိုင်ငံတော်ဓာတ်အားစနစ်အား ထိန်းညှိဆောင်ရွက်မည့်အစီအစဉ်ကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

**စီမံဆောင်ရွက်**

ထို့နောက် ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ယခုရောက်ရှိလာသည့် LNG သိုလှောင်သင်္ဘောမှ LNG ကို အသုံးပြု၍ ဓာတ်အားထုတ်လုပ်ခြင်းသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးစီမံကိန်းဖြစ်သည့်အတွက် နိုင်ငံတကာစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းရေးကို အထူးဂရုပြု၍ အမြန်ဆုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ယခုအချိန်သည် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကန့်သတ်နေသည့်ကာလဖြစ်သည့်အတွက် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေသူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်သွားကြရန် အထူးလိုအပ်ကြောင်းနှင့် နည်းပညာသစ်များကိုလည်း ဌာနမှ အင်ဂျင်နီယာများအနေဖြင့် လေ့လာဆည်းပူးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း လမ်းညွှန်မှာကြားသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ယခုနှစ်နွေရာသီတွင် တိုးတက်သုံးစွဲလာသော ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် Liquefied Natural Gas to Power စီမံကိန်းများအပါအဝင် လျှပ်စစ်ဓာတ်အား စုစုပေါင်း ၁၁၆၆ မဂ္ဂါဝပ် ထုတ်ပေးနိုင်မည့် စီမံကိန်းသစ် ခုနစ်ခုကို ရန်ကုန်တိုင်းဒေသကြီး အလုံ၊ သန်လျင်၊ သာကေတတို့တွင်လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးနှင့် ကျွန်းချောင်းတို့တွင် လည်းကောင်း၊

ပဲခူးတိုင်းဒေသကြီး ရွှေတောင်နှင့် ရခိုင်ပြည်နယ် ကျောက်ဖြူဒေသတို့တွင် လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အဆိုပါ စီမံကိန်း ခုနစ်ခုအနက် မကွေး ၆၆ မဂ္ဂါဝပ်ဓာတ်အားပေးစက်ရုံ၊ အလုံ ၁၅၁ ဒသမ ၅၄ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံနှင့် ကျွန်းချောင်း ၂၀ ဒသမ ၅၄ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံတို့မှ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ကျန်ရှိသည့် ဓာတ်အားပေးစက်ရုံ စီမံကိန်းများမှလည်း လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ LNG to Power စီမံကိန်းများအတွက် LNG သယ်ဆောင်လာသော သင်္ဘောဆိုက်ကပ်မည့် ယာယီဆိပ်ခံ(Temporary Jetty)အဖြစ် အသုံးပြုမည့် Mobile Filling Platform(MFP)ကို စင်ကာပူနိုင်ငံတွင် တည်ဆောက်၍ မေ ၂ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီး သီလဝါ LNG ဆိပ်ကမ်း၌ ကိုဗစ်-၁၉ ကန့်သတ်မှုများအရ လိုက်နာဆောင်ရွက်ရသဖြင့် ဇွန် ၂ ရက်တွင် တပ်ဆင်ပြီးစီးခဲ့သည်။

MFP တွင် ဆိုက်ကပ်မည့် LNG သိုလှောင်သင်္ဘော(MV-CNTIC VPOWER GLOBAL) သည် အလျား ၁၇၆ ဒသမ ၈ မီတာ၊ ရေဆူး ၈ မီတာနှင့် စုစုပေါင်းတန်ချိန် ၃၆၀၀၀ ခန့်ရှိပြီး ဓာတ်အား ၂၀၀ မဂ္ဂါဝပ်ကို ၁၄ ရက်ကြာ ဓာတ်အားထုတ်လုပ်နိုင်သော LNG ပမာဏ သိုလှောင်နိုင်ပြီး Small LNG Tanker များဖြင့် လိုအပ်သော LNG ကိုဖြည့်တင်းမည်ဖြစ်သည်။

**ပထမဆုံး အတွေ့အကြုံဖြစ်**

အဆိုပါသင်္ဘောသည် မလေးရှားနိုင်ငံမှ ဧပြီ ၂၈ ရက်တွင် ထွက်ခွာခဲ့ပြီး မေ ၆ ရက်တွင် ရန်ကုန်မြစ်ဝသို့ရောက်ရှိကာ ကျောက်ချရပ်နား၍ MFP လုပ်ငန်းများ ပြီးစီးသည့်နောက် ဇွန် ၆ ရက်တွင် ဆိုက်ကပ်နိုင်ခဲ့သည်။ MFP တည်ဆောက်ခြင်းနှင့် LNG သိုလှောင်ရေးသင်္ဘောဆိုက်ကပ်နိုင်ရေးသည် မြန်မာနိုင်ငံအတွက် ပထမဆုံးအတွေ့အကြုံဖြစ်သည့်အတွက် စီမံကိန်းဆောင်ရွက်နေသည့် ပြည်တွင်း/ပြည်ပ ပညာရှင်များ၊ Consortium of CNTIC and Vpower ကုမ္ပဏီတို့နှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းတို့အကြား အသေးစိတ်ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ခဲ့ရသည်။

Liquefied Natural Gas(LNG)ဖြင့် ပထမဆုံးအကြိမ် ဓာတ်အားထုတ်လုပ်မည့် သာကေတ ၄၀၀ မဂ္ဂါဝပ်နှင့် သန်လျင် ၃၅၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံစီမံကိန်းများမှ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပြီး နိုင်ငံတော်ဓာတ်အားစနစ်သို့ မကြာမီကာလတွင် ချိတ်ဆက်ပို့လွှတ်ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❖ **ရှေ့ဖုံးမှ**

အမေရိကန်ဒေါ်လာ တစ်သောင်းခန့်တန်ဖိုးရှိ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ(PPE)နှင့်အတူ ဆေးဝါးနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် နိုင်ငံတကာလေကြောင်းခရီးစဉ်များကို ယာယီရပ်ဆိုင်းထားသည့်အတွက် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ၏ကိုယ်စား ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP)၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်နှင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ကို အပတ်စဉ် ချိတ်ဆက်ပေးနိုင်မည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လေကြောင်းပျံသန်းမှုအကူအညီ အစီအစဉ်ကိုဆောင်ရွက်ခဲ့ရာ ယင်းအစီအစဉ်အရ မေ ၁၀၊ ၁၇၊ ၂၄ ရက်တို့တွင် ကွာလာလမ်ပူမြို့မှ ရန်ကုန်မြို့သို့ ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများ တင်ဆောင်လာသော ထောက်ပံ့ရေး အထူးလေယာဉ်များ ဆိုက်ရောက်ခဲ့သည်။

အဆိုပါ ခရီးစဉ်များအရ မေ ၁၀ ရက်တွင် ပထမဆုံးအကြိမ် ခရီးစဉ်အဖြစ် Gavi (Global Alliance for Vaccines and Immunisation) အဖွဲ့၏ထောက်ပံ့မှုဖြင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၏ အစီအစဉ်ဖြင့် ဝယ်ယူထားသော ကိုဗစ်-၁၉ ရောဂါပိုးစမ်းသပ်ကိရိယာ(test kits)နှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ မေ ၁၇ ရက်တွင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)က ဝယ်ယူထားသော တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ(PPE)နှင့် ဆက်စပ်ပစ္စည်းများအပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဝယ်ယူထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့်ပတ်သက်သည့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း သယ်ယူပို့ဆောင်နိုင်ခဲ့ပြီး ယင်းလေကြောင်းခရီးစဉ်ပျံသန်းမှုသုံးကြိမ်၏ ကုန်ကျစရိတ်အား ဥရောပသမဂ္ဂနှင့် ဆွစ်ဇာလန်နိုင်ငံအစိုးရ၏ ဘဏ္ဍာငွေထောက်ပံ့မှုဖြင့် ပျံသန်းပြေးဆွဲခဲ့ခြင်းဖြစ်သည်။

ထို့အတူ WFP အနေဖြင့် မေ ၃၁ ရက်တွင် စတုတ္ထအကြိမ်မြောက် ခရီးစဉ်အဖြစ်စတင်ကာ WFP ၏ ကမ္ဘာလုံးဆိုင်ရာ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုအစီအစဉ်ဖြင့် ပြောင်းလဲပြေးဆွဲခဲ့ခြင်းဖြစ်ပြီး ယင်းခရီးစဉ်တွင် WHO က ထောက်ပံ့ကူညီသည့် အမေရိကန်ဒေါ်လာ ၁၆၆၈၆ တန်ဖိုးရှိ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ(PPE)နှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများကို သယ်ဆောင်နိုင်ခဲ့သည်။

WFP ၏ အဆိုပါ အစီအစဉ်သည် ကမ္ဘာအနှံ့အပြားရှိ သယ်ယူပို့ဆောင်ရေးဗဟိုဌာန (Logistics Hubs)များနှင့် ချိတ်ဆက်ပြီး အရေးပေါ်လိုအပ်ချက်ရှိနေသည့် နိုင်ငံများဆီ ကူညီကယ်ဆယ်ရေး အထောက်အပံ့ပစ္စည်းများ သယ်ယူပို့ဆောင်ပေးနေခြင်းဖြစ်သည်။

ထို့အတူ မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် အိန္ဒိယ၊ တရုတ်၊ ကိုရီးယား၊ စင်ကာပူနှင့် ဂျပန်နိုင်ငံတို့ကလည်း ဆေးဝါး၊ စက်ပစ္စည်းနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများအား ထောက်ပံ့ကူညီလှူဒါန်းမှုများ ပြုလုပ်ခဲ့သည်။

**သတင်း - ဇော်ကြီး**

**ဓာတ်ပုံ - ဖေဇော်**

ဝေဒနာရှင်နှင့် ကျန်းမာရေးဝန်ထမ်းများကို ပံ့ပိုးပါ




ယခုလိုခက်ခဲနေချိန်မှာ အတူတကွ ပူးပေါင်းဆောင်ရွက်ဖို့လိုပါသည်။ ကျန်းမာရေးဝန်ထမ်းများအနေနှင့် စိတ်ရောကိုယ်ပါ သန်မာနေစေဖို့ အထောက်အပံ့များစွာ လိုအပ်နေပါသည်။

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြလုပ်ငန်းဆောင်ရွက်နေမှုနှင့် တိုးတက်မှုတို့ကို Video Conferencing ဖြင့် ချိတ်ဆက်၍ ကြည့်ရှုစစ်ဆေး





**နေပြည်တော် ဇွန် ၇**
ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြ အိမ်ရာဖွံ့ဖြိုးရေးနှင့် ကျေးလက်လမ်း/တံတားများ ဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသလို ပြည်သူများနှင့် နေ့စဉ်ထိတွေ့ဆက်ဆံနေရသော ဌာနဖြစ်သည့်အတွက် ကိုဗစ်-၁၉ ကာလအတွင်း ပြည်သူများ၏ အခက်အခဲကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းပေးနိုင်ရန် လမ်းဂိတ် (၂၄) ဂိတ်နှင့် တံတား (၆၂)စင်းတို့မှ လမ်း/တံတား အသုံးပြုခကောက်ခံမှုတို့ကို ဇွန်လမှစတင်ပြီး နိုဝင်ဘာလအထိ (၆)လကို (၅၀) ရာခိုင်နှုန်း ဖြေလျှော့ပေးသွားမည့် အခြေအနေတို့အား အများပြည်သူ သိရှိရန် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်မှ Video Conferencing ဖြင့် တိုက်ရိုက်ချိတ်ဆက်၍ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးရန်နိုင်ဇော်က ရန်ကုန် - ပုသိမ်လမ်း (ဧရာဝတီတိုင်းဒေသကြီး အပိုင်း) လုပ်ငန်းတိုးတက်မှု၊ အဆိုပါလမ်း မိုင်တိုင်အမှတ် (၂၇/၄ နှင့် ၃၄/၄) ကြားရှိ ရေနှင့်ထိစပ်သော နေရာများအား Slope Protection လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ နိုင်ငံတကာ ချေးငွေ အထောက်အပံ့ဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများ၊ ငသိုင်းချောင်း (ရေနံ့သာ)-ဂွလမ်း စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တံတားများ၏ ချဉ်းကပ်လမ်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြပြီး လုပ်ငန်းဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

ထို့နောက် တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)မှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်စွာထွန်းက ရန်ကုန်-ပုသိမ်လမ်း မိုင်တိုင်အမှတ် (၁၇/၄)နှင့် (၄၂/၄)တို့ရှိ နှစ်လမ်းမောင်း တံတားများအား လေးလမ်းမောင်း တံတားများအဖြစ် တိုးချဲ့တည်ဆောက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)မှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်သီဟက ဧရာဝတီတိုင်းဒေသကြီး လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် ပါဝင်သော လမ်းအမှတ်(၁၀) ဘိုကလေး-မော်လမြိုင်ကျွန်း - ကျုံမငေး - ဝါးခယ်မ - မြောင်းမြလမ်းပေါ်ရှိ စော်ကဲတံတားလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ အဆိုပါလမ်းပေါ်ရှိ ကျွန်းပြဿဒ်တံတား တည်ဆောက်နေမှုတို့ကိုလည်းကောင်း Power Point ဖြင့် ရှင်းလင်းတင်ပြပြီး လုပ်ငန်းဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

ထို့နောက် တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၅)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးရဲနိုင်ဦးက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်သော တံတားများ၏ လုပ်ငန်းပြီးစီးမှုကိုလည်းကောင်း၊ ပန်းတနော်-ရွှေလောင်း-ဝါးခယ်မ-ကျုံမငေးလမ်းပေါ်ရှိ ယခင်ကြံ့ခိုင်မှု အားနည်းသော ရွှေလောင်းကြိုးတံတားအား Steel Box Girder ဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ အဆိုပါလမ်းပေါ်ရှိ ဝါးခယ်မ တံတား၏ ပင်မကြိုးတံတားအပိုင်းအား ဖြုတ်သိမ်း၍ HS – 25 Load Class Steel Box Girder တံတားအဖြစ် အဆင့်မြှင့်တင် တည်ဆောက်နေမှုကိုလည်းကောင်း၊ ငရုတ်ကောင်း - ငွေဆောင်-ချောင်းသာ-ရွှေသောင်ယံ-မကျီးဇင်- ဂွလမ်းပေါ်ရှိ မကျီးဇင် တံတား တည်ဆောက်နေမှုတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြပြီး တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တိုးတက်မှုတို့ကို Video Clip ဖြင့် ပြသသည်။

**လုပ်ငန်းတိုးတက်မှု အခြေအနေ**

ယင်းနောက် တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၆) မှ ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်သစ်သစ်အောင်က ပုသိမ်တံတားအမှတ်(၂) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရေလယ်သံပေါင်ခုံး နောက်ဆုံးအခန်း တပ်ဆင်ပြီးစီးမှု၊ Cable Hanger များ တပ်ဆင်ပြီးစီး၍ တင်းအားပေးနေမှု၊ တံတားပေါ်တွင် Decking Slab များ ခင်းနေမှုနှင့် Jiont ကွန်ကရစ်များ သွန်းလောင်းနေမှုတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြပြီး လုပ်ငန်း ဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှု အခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

**ကျေးလက်လမ်းဖွံ့ဖြိုးရေး**

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးလင်းထိုက်က Pilot Project ဖြင့် ဆောင်ရွက်လျက်ရှိသော သာပေါင်းမြို့နယ် ကြက်သွန်ကွင်း-သဲဖြူ-မကျီးဇင်လမ်း ၆၇ ဒသမ ၅၈ ကီလိုမီတာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ဟင်္သာတမြို့နယ် ပဆင-တာကွ-ဘုရားကုန်း-ဓမ္မီလမ်း (၃)ကီလိုမီတာ ကတ္တရာခင်းခြင်းလုပ်ငန်း၊ မြောင်းမြမြို့နယ် မြောင်းမြ-ကုန်းသာ-မြစိမ်းရောင်လမ်း ၄ ဒသမ ၁၂ ကီလိုမီတာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ အိမ်မဲမြို့နယ် ကြို့ကုန်း-ကွင်းကလေးလမ်း ၂ ဒသမ ၈၂ ကီလိုမီတာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ဓနုဖြူမြို့နယ် စံကင်း-ကလေ့သော့လမ်း ၄ ဒသမ ၈၃ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းနှင့် လပွတ္တာမြို့နယ် မင်းကုန်း-ကြာကန်လမ်း ၂ ဒသမ ၈၂ ကီလိုမီတာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လည်းကောင်း၊ မအူပင်မြို့နယ် မင်းဘောကျေးရွာ အဝင်လမ်း ၁ ဒသမ ၆၀၉ ကီလိုမီတာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ဇလွန်မြို့နယ် ပဆင- ခနုဘေး -သက္ကယ်ကျွန်းလမ်း သုည ဒသမ ၈၇၅ ကီလိုမီတာ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြပြီး လုပ်ငန်း ဆောင်ရွက်နေမှုနှင့် တိုးတက်မှုတို့ကို Video Clip ဖြင့် ပြသသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးနေမင်းထက်က ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဆောင်ရွက်လျက်ရှိသော အိမ်ရာစီမံကိန်းလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**အဆောက်အဦစီမံကိန်း**

ယင်းနောက် အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၁၅)မှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမြဝင်းက ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော အဆောက်အဦစီမံကိန်း လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ရန်ကုန်-ပုသိမ်လမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ပြီးစီးမှုကို တွေ့မြင်ရပါကြောင်း၊ ယခင်ကြံ့ခိုင်မှု အားနည်းသော ကြိုးတံတားများကို နိုင်ငံခြားမှ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းပြီး မြန်မာအင်ဂျင်နီယာများ၏ စွမ်းပကားဖြင့် ခေတ်မီနည်းပညာကို အသုံးပြု၍ တံတားများ အဆင့်မြှင့်တင်နေသည်ကိုလည်း ဂုဏ်ယူပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ ပြည်သူများ အပေါ်ထားရှိသည့် စေတနာဖြင့် ပုသိမ်မြို့နှင့် ငဝန်မြစ်အနောက်ဘက် စိန်ကုန်း လူနေရပ်ကွက်တို့ကို တိုက်ရိုက်ဆက်သွယ်သည့် ပုသိမ်တံတားအမှတ်(၂) တည်ဆောက်ရေး လုပ်ငန်းများ မကြာမီပြီးစီးမည် ဖြစ်သည့်အတွက် ကျေနပ်မိပါကြောင်း၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး အထူးအလေးထား ဆောင်ရွက်ရန်လိုပါကြောင်း၊ ယခင်က ရေလမ်းခရီးကိုသာ အားထားသွားလာခဲ့ရသည့် ဧရာဝတီတိုင်းဒေသကြီးမှ ပြည်သူများအနေဖြင့် ကွန်ရက်သဖွယ် ဖောက်လုပ်ထားသော လမ်း/တံတားများကို အသုံးပြုပြီး လိုရာခရီးကို အချိန်တိုအတွင်း အလွယ်တကူ သွားရောက်နိုင်မည် ဖြစ်ပါကြောင်း၊ ဆက်လက်၍ လမ်း/တံတားများ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်း မှာကြားသည်။

**သတင်းစဉ်**




# ကသာမြို့နယ် စာရေးဆရာအသင်းအမှုဆောင်နှင့် စာပေညီလာခံကိုယ်စားလှယ် ရွေးချယ်တင်မြှောက်

**ကသာ ဇွန် ၇**
စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးခန်းမတွင် ယနေ့နံနက် ၁၀ နာရီက မြန်မာနိုင်ငံစာရေးဆရာအသင်း(ကသာ)၏ အမှုဆောင်ကော်မတီနှင့် စာပေညီလာခံကိုယ်စားလှယ် ရွေးချယ်တင်မြှောက်ခြင်းအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ စာရေးဆရာအသင်းနာယကကြီး ဦးချစ်မြိုင်နှင့် ဥက္ကဋ္ဌ ဦးမောင်လေးတို့က အမှာစကား ပြောကြားပြီး အတွင်းရေးမှူး ဦးစမ်းဦးက နှစ်ပတ်လည်အစီရင်ခံစာများကို ဖတ်ကြားရှင်းလင်းသည်။ စာရေးဆရာအသင်းအမှုဆောင်ကော်မတီနှင့် စာပေညီလာခံကိုယ်စားလှယ် ရွေးချယ်တင်မြှောက်ခြင်းအခမ်းအနားတွင် ကသာမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်သူရစိုး၊ စာရေးဆရာအသင်းနာယက နှစ်ဦးနှင့် ခရိုင်ပြန်ဆက်ဦးစီးမှူး ဒေါ်အေးမြမွန်တို့၏ ရှေ့မှောက်တွင် လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ကြသည်။

အဆိုပါမဲရွေးချယ်မှုအရ စာရေးဆရာအသင်း အမှုဆောင်ကော်မတီ ငါးဦးအဖြစ် ဥက္ကဋ္ဌ ဦးဘမောင်(ကိုဘ-ကသာ)၊ အတွင်းရေးမှူး ဦးမောင်လေး (မောင်လေး-ကသာ)၊ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဦး (ဦးရဲ-ကသာ)၊ အမှုဆောင် ဒေါ်နန်းထွန်းမေ(အေးမြသက်ထား)နှင့်အမှုဆောင် ဦးကျော်ဇင် (ကျော်ဇင်-ကသာ)တို့အား ရွေးချယ်တင်မြှောက်ခဲ့ပြီး စာပေညီလာခံကိုယ်စားလှယ်အဖြစ် ဥက္ကဋ္ဌ ဦးဘမောင်နှင့် အတွင်းရေးမှူး ဦးမောင်လေးတို့ကို ရွေးချယ်ခဲ့သည်။ အခမ်းအနားသို့ ကသာမြို့နယ် စာရေးဆရာအသင်းဝင် ၂၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အေးမြသက်ထား**

# မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇွန် ၇**
နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း) တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းအစီအစဉ်တွင် ပါဝင်ဆောင်ရွက်ပေးကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအား အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ရင်ထိုးတံဆိပ်များ ပေးအပ်



**နေပြည်တော်  ဇွန်  ၇**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းအစီအစဉ်တွင် ပါဝင်ဆောင်ရွက်ပေးကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအား အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာများ၊ စေတနာ့ဝန်ထမ်း ရင်ထိုးတံဆိပ်များ စတင်ပေးအပ်ခြင်း၊ တစ်ကိုယ်ရေလုံခြုံရေး အကာအကွယ်ပစ္စည်းများ ထောက်ပံ့ခြင်းနှင့် သတ်မှတ်နေရာအဆောက်အအုံများတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်း (Quarantine Center) များတွင်ရှိသော ကိုယ်ဝန်ဆောင်များ၊ အသက် ငါးနှစ်အောက်ကလေးများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများအား ငွေကြေးထောက်ပံ့ပေးခြင်းတို့ကို ယနေ့နံနက်ပိုင်းက သွားရောက်ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အတူ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးနှင့် တာဝန်ရှိသူများ လိုက်ပါဆောင်ရွက်ခဲ့ကြသည်။

**အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် နေပြည်တော် စည်ပင်ဧည့်ရိပ်သာ(၁)၌ Quarantine Center အဖြစ် ဖွင့်လှစ်ထားသည့် နေရာသို့ရောက်ရှိခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက အသွားအလာကန့်သတ်ထားရှိသူများအား ကူညီဆောင်ရွက်ပေးနေကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့အစည်းများအတွက် အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌထံ ပေးအပ်ပြီး စေတနာ့ဝန်ထမ်း ရင်ထိုးတံဆိပ်များ၊ ပါးစပ်နှင့် နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များကို စေတနာ့ဝန်ထမ်းကိုယ်စားလှယ်တို့ထံသို့ ပေးအပ်သည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အဆိုပါအသွားအလာကန့်သတ်ခြင်းနေရာတွင်ရှိသော ကိုယ်ဝန်ဆောင်မိခင် ၁၂ ဦး၊ အသက်ငါးနှစ်အောက်ကလေး ၁၄ ဦး၊ အသက် ၆၀ အထက် သက်ကြီးရွယ်အို ခုနစ်ဦးနှင့် မသန်စွမ်းသူ သုံးဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် ထောက်ပံ့သည့် စုစုပေါင်းငွေကျပ် ၁၀၈၀၀၀၀ ကို လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စခန်းတာဝန်ခံတစ်ဦးထံသို့ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် နေပြည်တော် အမှတ်(၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် ဖွင့်လှစ်ထားသည့် အသွားအလာကန့်သတ်ခြင်းနေရာ (Quarantine Center) သို့ရောက်ရှိကြပြီး ကူညီဆောင်ရွက်ပေးခဲ့ကြသည့် စေတနာ့ဝန်ထမ်းများအတွက် အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာများ၊ စေတနာ့ဝန်ထမ်း ရင်ထိုးတံဆိပ်များ၊ ပါးစပ်နှင့်နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များကို ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ကောင်စီဥက္ကဋ္ဌထံနှင့် စေတနာ့ဝန်ထမ်းကိုယ်စားလှယ်တို့ထံသို့ ပေးအပ်သည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အဆိုပါအသွားအလာကန့်သတ်ခြင်းနေရာတွင်ရှိသော ကိုယ်ဝန်ဆောင်မိခင် ၃၂ ဦး၊ အသက်ငါးနှစ်အောက်ကလေး ၂၃ ဦးနှင့် အသက် ၆၀ အထက် သက်ကြီးရွယ်အို လေးဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် ထောက်ပံ့သည့် စုစုပေါင်းငွေကျပ် ၁၇၇၀၀၀၀ ကို လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တာဝန်ရှိသူတစ်ဦးထံသို့ ပေးအပ်သည်။

**လက်ဝယ်အရောက် ပေးအပ်သွားမည်**

ယနေ့ အမျိုးသားအဆင့်စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့က စေတနာ့ဝန်ထမ်း ၃၃၄ ဦးနှင့် ပရဟိတအဖွဲ့ ၃၄ ဖွဲ့တို့အတွက် ပေးအပ်ခဲ့သည့် အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာများကို နေပြည်တော်ကောင်စီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာ မြို့နယ်စေတနာ့ဝန်ထမ်း ပံ့ပိုးကူညီရေးအဖွဲ့ တာဝန်ရှိသူများက အဆင့်ဆင့်စိစစ်၍ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များ လက်ဝယ်အရောက် ပေးအပ်သွားမည်ဖြစ်သည်။

**ဆက်လက်ဂုဏ်ပြုပေးအပ်သွားမည်**

ဆက်လက်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကိုဗစ်-၁၉ လုပ်ငန်းစဉ်များတွင် ကူညီဆောင်ရွက်ပေးကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအတွက် အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် စေတနာ့ဝန်ထမ်းရင်ထိုးတံဆိပ်များကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စေတနာ့ဝန်ထမ်း ပံ့ပိုးကူညီရေးအဖွဲ့ တာဝန်ရှိသူများ၏စိစစ်မှုဖြင့် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့က ဆက်လက်ဂုဏ်ပြုပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးကြိုးဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပေးနှိုးဆော်ခြင်း

မြန်မာနိုင်ငံတွင် မိုးကြိုးဘေးအန္တရာယ်သည် မိုးကြိုကာလနှင့် မိုးနှောင်းကာလများ၌ ပိုမိုဖြစ်ပွားတတ်ပြီး လေ့လာတွေ့ရှိမှုများအရ တစ်နေ့တာအတွင်း မိုးကြိုးပစ်ခြင်း အဖြစ်အများဆုံးအချိန်မှာ မွန်းတည့် (၁၂)နာရီမှ ညနေ (၆)နာရီအတွင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

မိုးကြိုးပစ်မှုကြောင့် ၂၀၁၉ ခုနှစ်တွင် လူ(၁၃၃)ဦးသေဆုံးခဲ့ပြီး (၅၂)ဦးဒဏ်ရာရရှိခဲ့ကာ ယခု ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့မှ ဇွန်လ(၆)ရက်နေ့အထိ လူ(၆၂)ဦးသေဆုံးကာ (၂၆)ဦး ဒဏ်ရာရရှိခဲ့ပါသည်။ မိုးကြိုးပစ်မှုဖြစ်စဉ်များကိုကြည့်ပါက မိုးထစ်ချုန်းရွာသွန်းခြင်း၊ လျှပ်စီးလက်ခြင်းဖြစ်ပေါ်နေချိန်များတွင် လယ်ကွင်းထဲ၌ အလုပ်လုပ်နေစဉ်၊ အိမ်အပြင်ဘက်၌ လူများ တစုတစည်းတည်းရှိနေစဉ်၊ လမ်းပေါ်စက်ဘီးတွန်းလာစဉ်၊ မြစ်ကမ်းဘေးတွင်လမ်းလျှောက်လာစဉ်၊ နေအိမ်ခြံဝင်းအတွင်း သစ်ပင်ဘေး၌ထိုင်နေစဉ်၊ ရေမြောင်းတူးနေစဉ်၊ နေအိမ်တံစက်မြိတ်၌ မိုးရေချိုးနေစဉ်၊ နေအိမ်ထဲ၌ရေဒီယိုနားထောင်နေစဉ်၊ အိမ်ထဲ၌ဖုန်းဖြင့်အင်တာနက်အသုံးပြုနေစဉ်၊ ဖုန်းပြောနေစဉ်၊ သစ်ပင်အောက်တွင်မိုးခိုနေစဉ်၊ တောင်ယာတဲအတွင်းရှိနေစဉ်၊ ချောင်းထဲတွင် ငါးဖမ်းနေစဉ်၊ အုန်းပင်အနီးရှိနေစဉ် စသည်ဖြင့် တွေ့ရှိရပါသည်။

သို့ဖြစ်ရာ မိုးကြိုးပစ်မှုများသည် အဆောက်အအုံများအပြင်ဘက်၊ လယ်ကွင်း၊ ကွင်းပြင်များ၌သာမက အိမ်အတွင်း၌ ရှိနေစဉ်တွင်ပင် မိုးကြိုးစက်ကွင်းအန္တရာယ်ရှိနိုင်ပြီး သေဆုံးမှုများ၊ ဒဏ်ရာရမှုများဖြစ်ပွားတတ်ကြောင်း သတိပြုနိုင်ပါရန်နှင့် မိုးထစ်ချုန်းရွာသွန်းခြင်း၊ လျှပ်စီးလက်ခြင်းများ ဖြစ်ပေါ်နေချိန်တွင် အောက်ပါအချက်များကို အထူးသတိပြုလိုက်နာနေထိုင်ကြပါရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးနှိုးဆော်အပ်ပါသည်-

(က) အိမ်အပြင်တွင်ရောက်ရှိနေပါက-

(၁) အိမ်ထဲသို့ချက်ချင်းပြေးဝင်ပါ။ သံ/သတ္တုပစ္စည်းများကို လက်တွင် ကိုင်မထားပါနှင့်၊ သံ/သတ္တုပစ္စည်းများသည် လျှပ်စစ်အလွယ်တကူစီးနိုင်သောကြောင့် မိုးကြိုးအလွယ်တကူပစ်နိုင်ပါသည်။

(၂) သစ်ပင်၊ ဓာတ်တိုင်၊ သွပ်ဆူးကြိုးကာထားသည့် ခြံစည်းရိုးနှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်၊

(၃) ရေကူးကန်၊ ရေကန်၊ မြစ်ချောင်း၊ အင်းအိုင် စသည့်နေရာများတွင် ရှိနေခဲ့လျှင် ရေထဲမှချက်ချင်းတက်ပြီး လုံခြုံသည့်နေရာ အမိုးအကာရှာ၍နေပါ။

(၄) ကွင်းပြင်ကျယ်တွင် လူစုလူဝေးဖြစ်နေပါက အမြန်ဆုံးလူစုခွဲပါ။

(၅) ကွင်းပြင်တွင်ထီးထီးကြီးမနေပါနှင့်။ မလွဲသာမရှောင်သာဘဲ ကွင်းပြင်နှင့် လွင်တီးခေါင်အလယ်တွင် ရောက်နေပါက လျှပ်စီးလက်၍ မိုးထစ်ချုန်းသံများကြားလျှင် ရပ်မနေဘဲ နိမ့်စပ်ရာနိမ့်သောနေရာများနှင့် ချိုင့်ဝှမ်းများအတွင်း၌ ဝပ်နေပါ။

(၆) စက်ဘီး၊ ဆိုင်ကယ်ပေါ်ရောက်ရှိနေပါက အမြန်ဆုံးဆင်းပါ။

(၇) ဆံပင်များထောင်လာသည်ဟု ခံစားရပါက မိုးကြိုးပစ်တော့မည့်လက္ခဏာ ဖြစ်သည်။ ထိုသို့ဖြစ်ပွားပါက ဒူးထောက်ချလိုက်ပြီး လက်နှစ်ဖက်ကို ဒူးပေါ်သို့ ယှက်တင်၍ ခန္ဓာကိုယ်ကို ကွေးညွှတ်ထားပါ၊ မြေပြင်ပေါ်တွင် ပြားပြားဝပ်မှောက်မနေပါနှင့်။ ထိုသို့မှောက်နေပါက သင့်ခန္ဓာကိုယ်သည် ပိုကြီးမားသော မိုးကြိုးပစ်မှတ် ဖြစ်သွားနိုင်ပါသည်။

(၈) လှေသမားများ၊ ရေကူးသမားများအနေဖြင့် ဖြစ်နိုင်သမျှ ကမ်းသို့ကပ်ပါ။

(ခ) အိမ်အတွင်းတွင်ရှိနေပါက-

(၁) ဖြစ်နိုင်ပါက အဆောက်အအုံအလယ်တွင်နေပါ။ ပြတင်းပေါက်များနှင့် ဝေးကွာသော နေရာတွင်နေပါ။

(၂) ရေဒီယိုနားထောင်ခြင်း၊ တီဗွီများကြည့်ခြင်းများ မပြုလုပ်သင့်ပါ။

(၃) ဖုန်းပြောခြင်း၊ ဖုန်းဖြင့်အင်တာနက်သုံးခြင်းများ မပြုလုပ်သင့်ပါ။

(၄) လျှပ်စစ်နှင့် ဆိုင်သောပစ္စည်းများကို ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။

(၅) လျှပ်စီးများလက်နေသည့်အခါ ရေသုံးစွဲခြင်း၊ ရေချိုးခြင်းမပြုလုပ်သင့်ပါ။ အိမ်အတွင်းရှိ သံ/သတ္တုနှင့်ဆက်စပ်သောပစ္စည်းများတွင် လျှပ်စစ်စီးဝင်နိုင်သည်ကိုသတိပြုပါ။ မည်သည့် သံ/သတ္တုပစ္စည်းကိုမှ မကိုင်ပါနှင့်။ လျှပ်စစ်စီးကူးလွယ်သည့် ပစ္စည်းများနှင့် ဝေးရာတွင် နေထိုင်သင့်ပါသည်။

(၆) မိုးကြိုးအပစ်ရပ်ပြီး နာရီဝက်ကျော်ကြာမှ အိမ်ပြင်သို့ထွက်ပါ။

(ဂ) ကားမောင်းနေပါက-

(၁) အရှိန်ကိုလျှော့ပါ။ လမ်းဘေးသို့ချရပ်ပါ။ ကားထဲတွင်သာ ဆက်နေပါ။

(၂) ကားရပ်ထားစဉ် အရေးပေါ်အချက်ပြမီးကိုဖွင့်ထားပါ။

(၃) သစ်ပင်ကဲ့သို့ ရှည်လျားမြင့်မားသည့်အရာများနှင့် ဝေးရာတွင်နေပါ။ ၎င်းအရာများသည် လေပြင်းဒဏ်ကြောင့်သော်လည်းကောင်း၊ မိုးကြိုးပစ်သည့်ဒဏ်ကြောင့်သော်လည်းကောင်း လဲကျနိုင်၍ ဖြစ်သည်။

(၄) ကားထဲတွင်မည်သည့်သံ/သတ္တုပစ္စည်းကိုမှ မကိုင်ပါနှင့်။

(၅) ရေလွှမ်းနေသော လမ်းပေါ်တွင် ကားမမောင်းပါနှင့်။

ပြည်သူလူထုအနေဖြင့် မိုးကြိုးဘေးအန္တရာယ်ဆိုင်ရာ လိုက်နာဆောင်ရွက်ရန် နည်းလမ်းများကို လေ့လာမှတ်သားထားကြပါရန်၊ ကိုယ်တိုင်လိုက်နာဆောင်ရွက်ခြင်း၊ မိမိပတ်ဝန်းကျင်တွင်လည်း အသိပညာမျှဝေခြင်းများဖြင့် မိုးကြိုးဘေးအန္တရာယ်ကင်းဝေးရေး ပါဝင်ဆောင်ရွက်ကြပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်သတင်းရယူ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**မြန်မာ-တရုတ် သံတမန်ဆက်ဆံရေးထူထောင်မှု နှစ် (၇၀) ပြည့် နှစ်နိုင်ငံချစ်ကြည်ရေး ဂုဏ်ပြုဆောင်းပါး**

(ဤမြန်မာ-တရုတ်နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်မှု နှစ် (၇၀) ပြည့် နှစ်နိုင်ငံချစ်ကြည်ရေး ဂုဏ်ပြုဆောင်းပါးတွင်ပါရှိသည့် ဖော်ပြချက်များသည် စာရေးသူ၏ အတွေ့အကြုံများနှင့် လေ့လာမှတ်သားထားသည့် အချက်များအပေါ် မူတည်ရေးသားထားသော စာရေးသူ၏ အာဘော်နှင့် ယူဆချက်များသာဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။)

# ဆက်ဆံရေး နှစ် (၇၀) ခရီးမှသည်....

## တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေ

(ယမန်နေ့မှအဆက်)

တရုတ်နိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံ၏သမိုင်းကြောင်း အတွေ့အကြုံများ၊ ပြည်တွင်းအခြေအနေများ၊ ပြည်သူတို့၏ လိုအင်ဆန္ဒများ၊ မြန်မာနိုင်ငံ၏ ပကတိအခြေအနေများနှင့် ကိုက်ညီမှုရှိသည့် နိုင်ငံရေးစနစ်နှင့် ဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ဆောင်ရွက်ချက်များ တည်ငြိမ်ရေးတို့အတွက် ကြိုးပမ်းလျှောက်လှမ်း အကောင်အထည်ဖော်နေခြင်းများအပေါ် ခိုင်မာစွာထောက်ခံကာ ခင်မင်ရင်းနှီးသည့်ဆက်ဆံရေးကို ထိန်းသိမ်းခဲ့ပါသည်။ ဆက်ဆံရေး နှစ် (၇၀) ကာလအတွင်း မြန်မာနိုင်ငံတွင် နိုင်ငံရေးစနစ်များ မည်သို့ပင်ပြောင်းလဲခဲ့စေကာမူ အိမ်နီးချင်းတရုတ်နိုင်ငံအနေဖြင့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို အလေးထားခဲ့ပါသည်။

လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်းတွင် မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများပြုလုပ်ရန် ကြိုးပမ်းခဲ့ခြင်းအပေါ်တွင်လည်း မြန်မာနိုင်ငံဘက်မှ ပြတ်သားစွာ ရပ်တည်ပေးခဲ့ပါသည်။ ကမ္ဘာ့မျက်နှာစာတွင် မြန်မာနိုင်ငံရရှိရမည့် တရားဝင်ရပိုင်ခွင့်နှင့် အခွင့်အရေးအတွက် အတူလက်တွဲခဲ့ပါသည်။ လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့အတွက် အပြုသဘောဆောင်သည့် အကူအညီများစွာ ပေးအပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးကာလ ကြိုးပမ်းမှုများကို အိမ်နီးချင်းကောင်းပီသစွာဖြင့် နားလည်မှုရှိစွာ အပြုသဘောရပ်တည်ပေးလျက်ရှိပါသည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ NCA လက်မှတ်ရေးထိုး၍ ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် ပါဝင်လာစေရေးအတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ်တွင်လည်း နားလည်မှုရှိကာ ကူညီပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများ၏ နေ့စဉ်လူနေမှုဘဝများ တိုးတက်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းမှုများကို တရုတ်အစိုးရနှင့် ပြည်သူများက ကူညီထောက်ပံ့မှုများစွာ ပေးခဲ့ကြပါသည်။ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ခရီးစဉ်အတွင်း မြန်မာနိုင်ငံအား တရုတ်ယွမ်မင်ဘီ လေးဘီလီယံ အကူအညီပေးအပ်ခဲ့ပါသည်။ လူမှုရေး၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် ကျန်းမာရေးစသည့် ပြည်သူချင်းဆက်ဆံရေးကဏ္ဍများအပါအဝင် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အကူအညီများ ပေးလျက်ရှိပါသည်။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံက မှန်ကန်စွာနှင့်ခိုင်မာစွာ ရပ်တည်ခဲ့ပါသည်။ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးတို့အတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းမှုများကိုလည်း ထောက်ခံအားပေးလျက်ရှိပါသည်။ ဒေသတွင်းနှင့် နိုင်ငံတကာစာမျက်နှာများတွင်လည်း အိမ်နီးချင်းကောင်းနိုင်ငံအနေဖြင့် နီးကပ်စွာရပ်တည်ကာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးစနစ်များ မည်သို့ပင်ပြောင်းလဲခဲ့စေကာမူ အိမ်နီးချင်းတရုတ်နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို နှစ်နိုင်ငံအစိုးရအဆက်ဆက်နှင့် ပြည်သူများက ထိန်းသိမ်းနိုင်ခဲ့ကြကာ တိုးတက်ခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့ကြပါသည်။ နှစ်နိုင်ငံအကြားကျင့်သုံးသည့် နိုင်ငံရေးနှင့် လူမှုရေးစနစ်များမတူညီသော်လည်း ချစ်ကြည်ရင်းနှီးမှုခိုင်မာစွာဖြင့် ဆက်ဆံရေးထူထောင်နိုင်ခြင်းတွင် ကမ္ဘာ့စံနမူနာပြ အိမ်နီးချင်းဆက်ဆံရေးအဖြစ် တည်ရှိနေပါသည်။

### ကျွန်တော်ပါဝင်ခဲ့သည့် (၂+၂) အဆင့်မြင့်ဆွေးနွေးပွဲများ

မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် အရေးကြီးသည့် မြန်မာ-တရုတ်နယ်စပ်ဒေသတစ်လျှောက်တွင် တည်ငြိမ်အေးချမ်းမှုထိန်းသိမ်းရန်၊ ပြည်သူများ၏နေ့စဉ်ဘဝများ သာယာဝပြောစေရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်တို့အတွက်ရည်ရွယ်၍ မြန်မာနှင့် တရုတ် နှစ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနများအကြား (၂+၂) အဆင့်မြင့်ဆွေးနွေးပွဲယန္တရားထူထောင်သွားရေးအတွက် တရုတ်နိုင်ငံဘက်မှ စတင်အဆိုပြုခဲ့ပါသည်။ ထို့နောက် (၂+၂) အဆင့်မြင့်ဆွေးနွေးပွဲများကို နှစ်နိုင်ငံတွင် အလှည့်ကျကျင်းပသွားရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ၂၀၁၆ ခုနှစ် ဩဂုတ်လ တရုတ်နိုင်ငံခရီးစဉ်အတွင်း သဘောတူခဲ့ပါသည်။

ကျွန်တော့်အနေဖြင့် (၂+၂) အဆင့်မြင့်ဆွေးနွေးပွဲများ စတင်ကျင်းပရေးအတွက် ကနဦးပြုလုပ်သည့် နှစ်ဖက် Working Level အဆင့်ဆွေးနွေးညှိနှိုင်းကတည်းကပင် ထဲထဲဝင်ဝင်ပါဝင်ခဲ့ပြီး ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည့် ပထမအကြိမ်မှသည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် တရုတ်နိုင်ငံ ကူမင်းမြို့တွင် ကျင်းပခဲ့သည့် စတုတ္ထအကြိမ် (၂+၂) အဆင့်မြင့် ဆွေးနွေးပွဲအထိ ပါဝင်တက်ရောက်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးများတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများက ခေါင်းဆောင်များအဖြစ် ဦးဆောင်ကာ နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနများမှ ဒုတိယဗိုလ်ချုပ်ကြီးများက ဒုတိယခေါင်းဆောင်များအဖြစ်နှင့် သက်ဆိုင်ရာဌာနကိုယ်စားလှယ်များ ပါဝင်ကြပါသည်။

အစည်းအဝေးများသည် အဆင့်မြင့်ဆွေးနွေးပွဲများဖြစ်သည့်အလျောက် နှစ်နိုင်ငံနယ်စပ်ဒေသစီမံခန့်ခွဲမှုများကို အသေးစိတ်ဆွေးနွေးခြင်းမပြုဘဲ မူဝါဒပိုင်းဆိုင်ရာကိုသာ အဓိကထား ဆွေးနွေးခဲ့ကြပါသည်။ နှစ်နိုင်ငံအကြား ရရှိထားပြီးဖြစ်သည့် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများဆက်ဆံရေးအား အခြေပြု၍ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနှင့် ထိုမူဘောင်အောက်ရှိ မြန်မာ-တရုတ်စီးပွားရေးစင်္ကြံ စီမံကိန်းလုပ်ငန်းကြီးများ အကောင်အထည်ဖော်ရာတွင် နှစ်နိုင်ငံ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဦးတည်ဆွေးနွေးခဲ့ပြီး မပါမဖြစ်ဆွေးနွေးရမည့် နယ်စပ်ဒေသစီမံခန့်ခွဲမှုကိစ္စရပ်အချို့ကိုလည်း ထိတွေ့ဆွေးနွေးခဲ့ပါသည်။

(၂+၂) အဆင့်မြင့်ဆွေးနွေးပွဲများအား နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းကောင်းပီသမှုအပေါ် အခြေခံကာ အပြန်အလှန်နားလည်မှုအပြည့်ဖြင့် အောင်မြင်စွာဆွေးနွေးနိုင်ခဲ့ပါသည်။ (၂+၂) အဆင့်မြင့်ဆွေးနွေးပွဲများသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံ၏ အပြုသဘောကူညီဆောင်ရွက်ပေးလိုသည့် စိတ်ကောင်းစေတနာနှင့် အိမ်နီးချင်းကောင်းပီသစွာ ပါဝင်လျက်ရှိကြောင်း ပြသသည့် ထိရောက်သော ဆက်ဆံရေးယန္တရားတစ်ခုဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

### နှစ်နိုင်ငံဆက်ဆံရေးမှသည် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး မျက်နှာစာသို့

မြန်မာ-တရုတ်နှစ်နိုင်ငံအကြား အပြန်အလှန်အလေးထားအသိအမှတ်ပြုမှု၊ တန်းတူညီတူရှိမှုနှင့် ချစ်ကြည်မှုတို့အပေါ်အခြေပြု၍ ၁၉၅၅ ခုနှစ်တွင် မြန်မာနှင့် တရုတ်နိုင်ငံတို့သည် အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် အာရှ-အာဖရိကညီလာခံတွင် ဘက်မလိုက်အခြေခံမူကြီးများကို အတူတကွ အဆိုပြုချမှတ်နိုင်ခဲ့ပြီး ယနေ့ထက်တိုင် ဘက်မလိုက် လှုပ်ရှားမှုညီလာခံများ အတူတကွလက်တွဲဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် အာဆီယံအသင်းကြီးသို့ ဝင်ရောက်ခဲ့ပြီးနောက် အိမ်နီးချင်းတရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများနှင့်အတူ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်ခဲ့ပါသည်။ အာဆီယံနှင့်ဆက်စပ်အစည်းအဝေးများဖြစ်သည့် အာဆီယံ+၃နှင့် အာဆီယံ+၁ အစည်းအဝေးများနှင့် အခြားဆက်စပ်အစည်းအဝေးများတွင် မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများနှင့်အတူ ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးတို့အတွက် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် နှစ်စဉ်ကျင်းပသော အရှေ့အာရှထိပ်သီးအစည်းအဝေးတွင်လည်း တရုတ်နိုင်ငံ၊ အာဆီယံနိုင်ငံများနှင့်အတူ အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံများဖြစ်သော ဩစတြေးလျ၊ နယူးဇီလန်၊ အိန္ဒိယ၊ အမေရိကန်၊ ရုရှားစသည့် နိုင်ငံပေါင်း ၁၈ နိုင်ငံနှင့် ဒေသတွင်းလုံခြုံရေး၊ ဖွံ့ဖြိုးရေးများအတွက် ဆွေးနွေးမှုများတွင် ပါဝင်လျက်ရှိနေပါသည်။

ထို့အပြင် မြန်မာနိုင်ငံသည် ၂၀၁၆ ခုနှစ်မှစတင်၍ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့နှင့်အတူ မဲခေါင်-လန်ချန်း ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုတွင် ပါဝင်ခဲ့ပြီး နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်း အပြန်အလှန်ထိတွေ့ဆက်ဆံရေးမဏ္ဍိုင်များတွင် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါသည်။

မြန်မာနိုင်ငံသည် ဟိုင်နန်ကျွန်း ဘိုအောင်းမြို့တွင် ဘိုအောင်းအာရှဆိုင်ရာ ဖိုရမ်အား ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် စတင်ဖွဲ့စည်းစဉ်မှ ပါဝင်ခဲ့ပြီး နှစ်စဉ်ဖိုရမ် အစည်းအဝေးများတွင် ပါဝင်တက်ရောက်ခဲ့ရာ မြန်မာအကြီးအကဲများဦးဆောင်တက်ရောက်ခဲ့သည်များလည်း ရှိခဲ့ပါသည်။ ထို့အပြင် ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့တွင် ကျင်းပပြုလုပ်သည့် တရုတ်-အာဆီယံကုန်စည်ပြပွဲသို့လည်း နိုင်ငံတော်အကြီးအကဲများ ဦးဆောင်၍ နှစ်စဉ်တက်ရောက်လျက်ရှိပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ကမ္ဘာ့ကုလသမဂ္ဂမျက်နှာစာများတွင် အပြန်အလှန်ရပ်တည် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

### ခေါင်းဆောင်တွေ ပုံဖော်ပြောကြားတဲ့ ပြည်သူအချင်းချင်းဆက်ဆံရေး

နှစ်နိုင်ငံပြည်သူများအကြား ရင်းနှီးခင်မင်စွာ ကူးလူးဆက်ဆံခဲ့ကြသည်မှာ ရှေးပဝေသဏီကပင်ဖြစ်ကြောင်း တင်ပြခဲ့ပြီးဖြစ်ပါသည်။ ခေတ်အဆက်ဆက်တွင် ပြည်သူများ လက်ဆင့်ကမ်းဆောင်ကြဉ်းလာခဲ့ကြသော ပြည်သူချင်းခင်မင်ကျွမ်းဝင်မှုများမှာ နှစ်နိုင်ငံဆက်ဆံရေး၏ အဓိကမောင်းနှင်အားများ ဖြစ်ကြပါသည်။

သမ္မတ မစ္စတာရှီကျင့်ဖျင်၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း (၁၇-၀၁-၂၀၂၀) ရက်နေ့ ညပိုင်းတွင် မြန်မာ-တရုတ်သံတမန် ဆက်ဆံရေး နှစ် (၇၀) ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးနှစ်စတင်ခြင်း အထိမ်းအမှတ်အခမ်းအနားများကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားတွင် နှစ်နိုင်ငံပြည်သူများ၏ ချစ်ခင်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုများ၏ အရေးကြီးပုံ၊ ပြည်သူတို့၏ သဘောဆန္ဒများ အဓိကကျပုံနှင့် နှစ်နိုင်ငံဆက်ဆံရေးတွင် ပဓာနကျပုံများကို ခေါင်းဆောင်များက ထုတ်ဖော်ပြောကြားခဲ့ပါသည်။

နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ သည် တရုတ်အစိုးရ၏ အကူအညီဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကာ ၂၀၀၉ ခုနှစ်က သမ္မတ မစ္စတာရှီကျင့်ဖျင်က

**စာမျက်နှာ ၇ သို့ ❍**




၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၇ ရက် ညပိုင်းတွင် မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် မြန်မာ-တရုတ်နှစ်နိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးနှစ် စတင်ခြင်းအခမ်းအနား ပြီးဆုံးပြီးနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် တရုတ်နိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ နှစ်နိုင်ငံ ယဉ်ကျေးမှုအကအဖွဲ့ဝင်များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❍ စာမျက်နှာ ၆ မှ

တရုတ်နိုင်ငံဒုတိယသမ္မတအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်ခဲ့စဉ်က တရားဝင်လွှဲပြောင်းပေးခဲ့ခြင်း ဖြစ်ကြောင်း အလျဉ်းသင့်၍ ဖော်ပြအပ်ပါသည်။

အဆိုပါအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူများအချင်းချင်း ထိတွေ့ဆက်ဆံမှုသည် နိုင်ငံများအကြားဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု ထွန်းကားရှင်သန်ရေးအတွက် အခြေခံကျသည့် အချက်တစ်ချက်ဖြစ်သည်ကို မိမိအမြဲတမ်းပြောကြားလေ့ရှိပါကြောင်း၊ ပြည်သူများ၏ ထိတွေ့ဆက်ဆံမှုများမှတစ်ဆင့် ရင်းနှီးမှုနှင့် နားလည်မှုများ ပိုမိုရရှိပြီး နှစ်နိုင်ငံဆက်ဆံရေးကို ရေရှည်ခိုင်မာစေမည်ဖြစ်ပါကြောင်း၊ ပြည်သူအချင်းချင်းနားလည်မှုရှိခြင်း၊ ချစ်ကြည်ရင်းနှီးမှုရှိခြင်းသည် နှစ်နိုင်ငံဆက်ဆံရေးကို များစွာအထောက်အကူဖြစ်စေသည့်အတွက် ပြည်သူချင်းဆက်ဆံရေးကို ပိုမိုခိုင်မာအောင်တည်ဆောက်ရန် လိုအပ်ကြောင်းဖြင့် ပြည်သူချင်းဆက်ဆံရေးအရေးပါမှုကို အခမ်းအနားတွင် ထုတ်ဖော်ပြောကြားခဲ့ပါသည်။

အလားတူပင် သမ္မတ မစ္စတာရှီကျင့်ဖျင်က အဖွင့်မိန့်ခွန်းပြောကြားရာ၌ တရုတ်-မြန်မာ ယဉ်ကျေးမှုတွင် ရှေးရေစက်ကို ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံသည် ပထဝီတည်နေရာချင်း နီးကပ်ပြီး ပြည်သူချင်းချစ်ခင်ရင်းနှီးကာ ယဉ်ကျေးမှုချင်းလည်း ဆက်နွှယ်နေပါကြောင်း၊ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးသည် နှစ်ပေါင်းထောင်ချီ တည်တံ့ခိုင်မြဲလျက်ရှိပါကြောင်း စသည်ဖြင့် နှစ်နိုင်ငံပြည်သူများ၏ အခန်းကဏ္ဍနှင့်ကူးလူးဆက်ဆံမှုများ နက်ရှိုင်းကြောင်း ပြန်လည်ညွှန်းဆိုခဲ့ပါသည်။

ထို့အပြင် နှစ်နိုင်ငံသည် ပထဝီတည်နေရာချင်း နီးကပ်ပြီး ပြည်သူချင်း ချစ်ခင်ရင်းနှီးကာ ယဉ်ကျေးမှုချင်းလည်း ဆက်နွှယ်နေပါကြောင်း၊ နှစ်နိုင်ငံအကြား အေးအတူပူအမျှ အသိုက်အဝန်းအတူတကွ တည်ဆောက်ရန် သဘောတူညီချက်သည် နှစ်နိုင်ငံပြည်သူများ၏ အခက်အခဲကို အတူတကွရင်ဆိုင်ကြသည့် အပြန်အလှန်အကူအညီပေးအပ်ကြသောညီအစ်ကိုမောင်နှမသံယောဇဉ်ကို သက်ဝင်လှုပ်ရှားစွာထင်ဟပ်စေပြီး နှစ်ဦးနှစ်ဖက်ဆက်ဆံရေး၏ အနာဂတ်လမ်းပြမြေပုံသစ်ကို ဘက်စုံရေးဆွဲနေပြီဖြစ်ပါကြောင်း၊ နှစ်နိုင်ငံပြည်သူများ၏ ဆန္ဒအရေးကြီးကြောင်းကို စဉ်ဆက်မပြတ် ခိုင်ခံ့လာအောင် ဆောင်ရွက်ကာ တရုတ် - မြန်မာဆက်ဆံရေးကို သားစဉ်မြေးဆက် ဆက်ခံသွားရမည်ဖြစ်ကြောင်းဖြင့်လည်း ထည့်သွင်းပြောကြားခဲ့ပါသည်။

**နှစ်နိုင်ငံဆက်ဆံရေး ပထမပိုင်းကာလများကဲ့သို့ပင် ဆက်ဆံရေး နှစ် (၇၀) ပြည့်မြောက်သည့် ယခုနှစ်ပိုင်းကာလများတွင်လည်း ပြည်သူချင်း ပိုမိုထိတွေ့ဆက်ဆံကာ ရင်းနှီးခင်မင်မှုမြှင့်တင်နိုင်ရေးအတွက် ခရီးသွားလာရေး၊ သာသနာရေး၊ ယဉ်ကျေးမှုနှင့် အားကစား၊ ရုပ်မြင်သံကြား၊ သတင်းနှင့် ထုတ်ဝေရေး၊ သိပ္ပံနည်းပညာနှင့် ကျန်းမာရေး၊ ပညာရေးနှင့် လေ့ကျင့်ရေး၊ လူငယ်နှင့် အမျိုးသမီးရေးရာအဖွဲ့ စသည့်ကဏ္ဍများအပါအဝင် ကဏ္ဍ ၁၁ ခုတွင် အစီအစဉ်ပေါင်း ၇၀ ကို ကျင်းပသွားရန်ရှိ**

နှစ်(၇၀)ဆက်ဆံရေး၏ ကနဦးအချိန်ကာလများကို ပြန်ပြောင်းကြည့်ပါက နှစ်ဖက်ပြည်သူများ ချောင်းပေါက်မတတ် အပြန်အလှန်သွားလာခဲ့ကြပါသည်။ ယဉ်ကျေးမှုအဖွဲ့များအနေဖြင့်လည်း အပြန်အလှန်သွားရောက်ခဲ့ကြရာ ၁၉၅၅ ခုနှစ် ဇန်နဝါရီလတွင် တရုတ်ယဉ်ကျေးမှုအဖွဲ့များကို မြန်မာပြည်သူများက အကများဖြင့် ကြိုဆိုခဲ့ကြပါသည်။ အလားတူပင် အဆိုပါနှစ် အောက်တိုဘာလတွင် မြန်မာ့ယဉ်ကျေးမှုအဖွဲ့ တရုတ်နိုင်ငံသို့ သွားရောက်ခဲ့စဉ် ကူမင်းမြို့တွင် တရုတ်လေယာဉ် ခြောက်စင်းဖြင့် လာရောက်ကြိုဆိုခဲ့ကာ ချုံကင်း၊ ဆီဆန်မြို့များမှတစ်ဆင့် ပေကျင်းမြို့သို့ ဆိုက်ရောက်ခဲ့ရာ တရုတ်ပြည်သူ ၄၀၀၀ ကျော်က ကြိုဆိုခဲ့ကြောင်းမှတ်တမ်းများအရ သိရှိရပါသည်။

မြန်မာ့ယဉ်ကျေးမှုအဖွဲ့ဝင် မောင်လှမိုးနှင့် မဝင်းဝင်းကြိုင်တို့က အလင်္ကာကျော်စွာ ရွှေပြည်အေး ရေးစပ်ပြီး မြကေသီဆိုသော မုန့်ဆီကြော်သီချင်းအား သရုပ်ဖော်တင်ဆက်ရာ ဥက္ကဋ္ဌကြီး မော်စီတုန်းနှင့် လာရောက်ကြည့်ရှုသူများ အထူးသဘောကျနှစ်သက်ကြောင်း သိရှိရပါသည်။



၁၉၆၀ ပြည့်နှစ် အောက်တိုဘာ ၉ ရက်တွင် ဥက္ကဋ္ဌကြီး မော်စီတုန်းနှင့် တရုတ်ခေါင်းဆောင်များ မြန်မာ့ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ထို့အပြင် စောင်းဦးဘသန်း၏ စောင်းလက်သံကိုလည်း ဥက္ကဋ္ဌကြီး မော်စီတုန်းနှင့် ဝန်ကြီးချုပ် ချူအင်လိုင်းတို့က အထူးနှစ်သက်ကြသည့်အပြင် မြန်မာ့ယဉ်ကျေးမှုအဖွဲ့၏ ဖျော်ဖြေမှုကို ရှုံပြည့်ရှုံလျှံအားပေးခဲ့ကြကာ နေရာမရ၍ ပရိသတ်အများအပြားမှာ ရုံပြင်ပမှ အသံချဲ့စက်အသံကို နားထောင်ရကြောင်း သိရှိရပါသည်။ မြန်မာ့ယဉ်ကျေးမှုအဖွဲ့ကို ဥက္ကဋ္ဌကြီး မော်စီတုန်း၊ ဝန်ကြီးချုပ် ချူအင်လိုင်းနှင့် တရုတ်ယဉ်ကျေးမှုဝန်ကြီးတို့က ညှော့်ခံကျွေးမွေးခဲ့ကြောင်းကိုလည်း သမိုင်းမှတ်တမ်းများမှ ထုတ်နုတ်ဖော်ပြအပ်ပါသည်။

၁၉၆၁ ခုနှစ် ဇန်နဝါရီလအတွင်း ဝန်ကြီးချုပ် ဦးနုနှင့် တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းတို့ မန္တလေးမြို့သို့ ရောက်ရှိကြရာ မန္တလေးပြည်သူများက ကြိုဆိုရေးမဏ္ဍပ်ပေါင်း ၂၁ ခုဖြင့် ကြိုဆိုခဲ့ကြကြောင်း ထိုခေတ်သတင်းစာများတွင် ဖော်ပြခဲ့သည်ကို တွေ့ရှိရပါသည်။ ၁၉၆၀ ပြည့်နှစ်ကာလများတွင်လည်း တရုတ်ဗုဒ္ဓဘာသာအဖွဲ့လာရောက်ခြင်း၊ တရုတ်ရုပ်ရှင် သီတင်းပတ်ပွဲတော်ကျင်းပခြင်း၊ သတင်းစာနှင့် အားကစားအဖွဲ့များ အပြန်အလှန်သွားရောက်ကြခြင်းများဖြင့် နှစ်နိုင်ငံပြည်သူများ သွားလမ်းလာလမ်းဖြောင့်ခဲ့ကြသည့်အပြင် နှစ်နိုင်ငံမှ ခေါင်းဆောင်များ နယ်စပ်ဒေသများတွင် တွေ့ဆုံ၍ နှစ်ဖက်ပြည်သူများ တွေ့ဆုံဖလှယ်ပွဲများသို့လည်း တက်ရောက်ခဲ့ကြပါသည်။

ကျွန်တော့်အနေဖြင့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်းက မြန်မာ-တရုတ်နယ်စပ်ရှိ တရုတ်နိုင်ငံဘက် ရွှေလီမြို့သို့ နယ်စပ်ကုန်သွယ်ရေးပြပွဲသို့ တက်ရောက်ခဲ့ပါသည်။ ထိုသို့ ရွှေလီမြို့သို့ ရောက်ရှိစဉ် ၁၉၅၆ ခုနှစ်က ဝန်ကြီးချုပ် ဦးဘဆွေ မူဆယ်မြို့မှတစ်ဆင့် ရွှေလီမြစ်ကူးတံတားအားဖြတ်ကျော်၍ ရွှေလီမြို့သို့ လာရောက်ခဲ့စဉ် တရုတ်ဝန်ကြီးချုပ် မစ္စတာချူအင်လိုင်းနှင့် တရုတ်ပြည်သူများက ကြိုဆိုဧည့်ခံကာ အတူတည်းခိုခဲ့သည့် တရုတ်အစိုးရဧည့်ရိပ်သာသို့ သွားရောက်လေ့လာခွင့် ရရှိခဲ့ပါသည်။ အဆိုပါ ဧည့်ရိပ်သာအား ယခုအခါ နှစ်နိုင်ငံချစ်ကြည်ရေးပြတိုက်အဖြစ် အများပြည်သူအား ဖွင့်လှစ်ပြသထားပါသည်။ ပြတိုက်အတွင်း ထိုစဉ်က ဝန်ကြီးချုပ်နှစ်ဦး စီးနင်းခဲ့သည့် မော်တော်ယာဉ်၊ တွေ့ဆုံဆွေးနွေးခဲ့သည့်အခန်း၊ အိပ်ခန်းဆောင်များအပါအဝင် မှတ်တမ်းဓာတ်ပုံများစွာအား ပြသထားရာ နှစ်နိုင်ငံဆက်ဆံရေး သမိုင်းဝင်ပြတိုက် ဖြစ်ပါသည်။

ဝန်ကြီးချုပ် ဦးနု အနေဖြင့်လည်း ရှမ်းပြည်နယ် အရှေ့ပိုင်းနှင့် ထိစပ်နေသည့် စစ်ဆောင်ပနား ပြည်နယ်ခွဲသို့ သွားရောက်ခဲ့ရာ စစ်ဆောင်ပနားပြည်နယ်ခွဲ၏ မြို့တော်ကျိုင်းဟုန်မြို့ရှိ ပန်းခြံအတွင်း ဝန်ကြီးချုပ် ဦးနု လာရောက်ခဲ့ကြောင်း ဖော်ပြထားသည့် အထိမ်းအမှတ်စိုက်ထူထားသည်ကို တွေ့မြင်ခဲ့ရပါသည်။ နှစ်နိုင်ငံခေါင်းဆောင်များ အနေဖြင့် နှစ် (၇၀) ခရီး စတင်စအချိန်များတွင် အရေးကြီးသည့် နယ်စပ်နေပြည်သူများနှင့် ထိတွေ့ဆက်ဆံကာ ချစ်ခင်ရင်းနှီးမှုနှင့် နားလည်မှုတို့ကို မြှင့်တင်တည်ဆောက်ပေးခဲ့ပါသည်။

ထိုနှစ်နိုင်ငံဆက်ဆံရေး ပထမပိုင်းကာလများကဲ့သို့ပင် ဆက်ဆံရေး နှစ် (၇၀) ပြည့်မြောက်သည့် ယခုနှစ်ပိုင်းကာလများတွင်လည်း ပြည်သူချင်း ပိုမိုထိတွေ့ဆက်ဆံကာ ရင်းနှီးခင်မင်မှုမြှင့်တင်နိုင်ရေးအတွက် ခရီးသွားလာရေး၊ သာသနာရေး၊ ယဉ်ကျေးမှုနှင့် အားကစား၊ ရုပ်မြင်သံကြား၊ သတင်းနှင့် ထုတ်ဝေရေး၊ သိပ္ပံနည်းပညာနှင့် ကျန်းမာရေး၊ ပညာရေးနှင့် လေ့ကျင့်ရေး၊ လူငယ်နှင့် အမျိုးသမီးရေးရာအဖွဲ့ စသည့်ကဏ္ဍများအပါအဝင် ကဏ္ဍ ၁၁ ခုတွင် အစီအစဉ်ပေါင်း ၇၀ ကို ကျင်းပသွားရန်ရှိပါသည်။

တရုတ်နိုင်ငံမှ ဗုဒ္ဓစွယ်တော်မြတ်သည် မြန်မာနိုင်ငံသို့ လေးကြိမ်တိုင် ကြွရောက်ဖူးမြော်ခံခဲ့ရာ ပြည်ပနိုင်ငံသို့ ကြွရောက်သည့် အကြိမ်အရေအတွက် အများဆုံးဖြစ်ပါသည်။ ပေကျင်းမြို့ မြောက်ဘက်ရှိ ဗုဒ္ဓစွယ်တော်တိုက်မှ ဆရာတော်အနေဖြင့် မြန်မာနိုင်ငံမှ လာရောက်သည့် ဧည့်သည်များအား စွယ်တော်တိုက်ကို အထူးတလည်ဖွင့်၍ ဗုဒ္ဓစွယ်တော်အား ဖူးမြော်ရန်ခွင့်ပြုပေးလျက်ရှိပြီး ကိုဗစ်ရောဂါဖြစ်ပွားမှုအတွက် လှူဒါန်းမှုများအပါအဝင် မြန်မာပြည်သူများအတွက် အစဉ်အမြဲလှူဒါန်းလျက်ရှိပါသည်။ ဟဲနန်ပြည်နယ် လော့ယန်မြို့တွင်လည်း ရွှေတိဂုံပုံတူစေတီတော်တည်ထားနိုင်ခဲ့ပြီး ပုဂံဒေသရှိ သဗ္ဗညုဘုရား ပြုပြင်ထိန်းသိမ်းရေးအတွက်လည်း တရုတ်ပညာရှင်များက ကူညီပေးလျက်ရှိပါသည်။

နှစ်နိုင်ငံပြည်သူများအကြား ယဉ်ကျေးမှုဆိုင်ရာ ဖလှယ်မှုများအပြင် လူမှုရေး၊ ပညာရေးနှင့် ခရီးသွားလာရေးဆိုင်ရာ ကဏ္ဍများတွင်လည်း သွားလာဆက်ဆံမှုများ ပိုမိုများပြားလျက်ရှိပါသည်။ တရုတ်နိုင်ငံတွင် ပညာသင်ကြားနေသည့် အစိုးရဝန်ထမ်းပညာသင်အရေအတွက် ၇၀၀ ကျော်အပါအဝင် မြန်မာကျောင်းသား/ ကျောင်းသူ စုစုပေါင်း တစ်သောင်းကျော်ခန့်ရှိကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံမှ မျက်စိဝေဒနာရှင်များအား ယူနန်ပြည်နယ် လူမှုရေးအဖွဲ့များနှင့် ဆရာဝန်ကြီးများက ကုသပေးခဲ့ပြီး မြန်မာနိုင်ငံမှ မွေးရာပါနှလုံးရောဂါကလေးငယ်များကိုလည်း တရုတ်လူမှုကူညီရေးအဖွဲ့ချုပ်နှင့် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဇဟိုအသင်းတို့မှ ကူမင်းမြို့သို့ အသုတ်လိုက်ခေါ်ဆောင်ကုသပေးလျက်ရှိပါသည်။

၂၀၂၀ ပြည့်နှစ်အား မြန်မာ-တရုတ်ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးနှစ်အဖြစ် သတ်မှတ်ခဲ့ရာ နှစ်နိုင်ငံပြည်သူချင်း ထိတွေ့မှုများ ပိုမိုတိုးတက်လာစေမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် တရုတ်ခရီးသွားပြည်သူများ၏အရေအတွက် တစ်ဟုန်ထိုးတိုးတက်လာခဲ့ရာ ၂၀၁၉ ခုနှစ်အတွင်း တရုတ်ပြည်သူ ခုနစ်သိန်းခွဲခန့် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး လာမည့်နှစ်များအတွင်း တရုတ်ပြည်သူ နှစ်သန်းကျော် လာရောက်မည်ဖြစ်ကြောင်း ခန့်မှန်းတွက်ချက်မှုများအရ သိရှိရပါသည်။

နှစ်နိုင်ငံဆက်ဆံရေးတွင် အစိုးရများ မည်သို့ပင် ပြောင်းလဲစေကာမူ မပြောင်းမလဲရှိနေမည်မှာ ပြည်သူများသာ ဖြစ်ပါသည်။ ပြည်သူများကသာ သမိုင်းကြောင်းအစဉ်အလာ ချစ်ကြည်ရေးအမွေနှင့် အပြန်အလှန်နားလည်ပေးနိုင်သည့် အစဉ်အလာကောင်းများကို ဆောင်ကြဉ်းသွား နိုင်မည်ဖြစ်ပါသည်။ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုသည် နှစ်နိုင်ငံဆက်ဆံရေး၏ အခရာဟု ဆိုချင်ပါသည်။

### အများက စိတ်ဝင်စားကြသည့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းနှင့် မြန်မာ

ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းကို ၂၀၁၃ ခုနှစ်တွင် တရုတ်သမ္မတ မစ္စတာရှီကျင့်ဖျင်က စတင်မိတ်ဆက်အကောင်အထည်ဖော်ခဲ့ပြီး တရုတ်နိုင်ငံမှ အစပြုသည့် အရှေ့၊ အနောက်၊ တောင်၊ မြောက် ကုန်းလမ်းနှင့် ရေလမ်း ကုန်သွယ်ရေးလမ်းကြောင်းများ ပါဝင်ပါသည်။ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းသည် မူလက မူဝါဒရေးရာ၊ အခြေခံ အဆောက်အအုံ၊ ကုန်သွယ်ရေး၊ ဘဏ္ဍာရေးနှင့် ပြည်သူ များ ထိတွေ့ဆက်ဆံရေးတို့အပေါ် အခြေခံခဲ့သော်လည်း ကုန်သွယ်ရေးလမ်းကြောင်းများအား အခြေပြုကာ စီးပွား ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာရေး၊ ယဉ်ကျေးမှုဖလှယ် ရေး၊ အပြန်အလှန် ကူးလူးဆက်ဆံရေး၊ ပညာရေး၊ ကျန်းမာ ရေး၊ စာပေ၊ ဂီတနှင့် အနုပညာကဏ္ဍများအထိ ကမ္ဘာ့နိုင်ငံ ဒေသများအကြား ကျယ်ပြန့်စွာ ဆက်သွယ်ဆက်ဆံနိုင်မည့် ဖြစ်စဉ်ကြီးတစ်ခုဟု ဆိုနိုင်ပါသည်။

မျက်မှောက်ခေတ် မြန်မာ-တရုတ် ဆက်ဆံရေး အကြောင်းပြောပါက ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းကို ချန်လှပ်ထားခဲ့၍ ရနိုင်မည်မဟုတ်ပါ။ မြန်မာနိုင်ငံအနေဖြင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတွင် ၂၀၁၆ ခုနှစ်မှစတင်၍ ပါဝင်ခဲ့ပြီးနောက် ၂၀၁၇ ခုနှစ်တွင် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၏ မူဘောင်အောက်မှ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံ နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးခဲ့ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့်လည်း ပထမနှင့် ဒုတိယအကြိမ် ရပ်ဝန်းနှင့် ပိုးလမ်းမ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်များသို့ ၂၀၁၇ ခုနှစ် မေလနှင့် ၂၀၁၉ ခုနှစ်ဧပြီလများတွင် ပါဝင်တက်ရောက်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၏ ဆက်သွယ်ရေးနှင့် ကုန်သွယ်ရေးလမ်းကြောင်းများအနက် တရုတ်နိုင်ငံ၏ အနောက်တောင်ပိုင်းမှ အိန္ဒိယသမုဒ္ဒရာထိုမှတစ်ဆင့် ပစိဖိတ်သမုဒ္ဒရာသို့လည်းကောင်း၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကသို့လည်းကောင်း ရေကြောင်းဖြင့် သွားရောက်နိုင်ရေးအတွက် လွန်စွာအရေးပါသည့် တည်နေရာတွင် တည်ရှိခြင်းကြောင့်လည်း ရပ်ဝန်းနှင့် ပိုးလမ်းမကြီးစီမံကိန်းတွင် မြန်မာနိုင်ငံ၏ပါဝင်မှုကို စိတ်ဝင်စားကြခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်ပြီး နှစ်နိုင်ငံအကြားတွင်လည်း ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်ဆက်ဆံရေး ထူထောင်ထားရှိပြီးဖြစ်သည့်အပြင် နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းပီသသည့် စံပြဆက်ဆံရေးကို ထူထောင်ထားနိုင်သည့်နိုင်ငံများဖြစ်ကြပါသည်။ ထို့အပြင် မြန်မာနှင့် တရုတ်နိုင်ငံတို့အကြားတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း၊ နှစ်နိုင်ငံကုန်သွယ်ရေးတွင် အဓိကကျစွာပါဝင်နေသည့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း

စာမျက်နှာ ၁၀ သို့ ■

## မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# အေဝမ်းကြည်အေးနှင့် ရုပ်ရှင်စကားဝိုင်း

ကျွန်တော်ဟာ ဆက်တိုက်လိုလိုပဲ အေဝမ်းရုပ်ရှင်ကုမ္ပဏီအကြောင်းကို ပြောလာခဲ့ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကြီးမားတဲ့ရုပ်ရှင်ကုမ္ပဏီကြီးနှစ်ခု ရှိပါတယ်။ ဒီရုပ်ရှင်ကုမ္ပဏီကြီးနှစ်ခုရဲ့ အရိပ်အာဝါသအောက်က ဒီနေ့အထိကျွန်တော်တို့ဟာ မလွတ်နိုင်ဘူး ဆိုရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ကုမ္ပဏီကြီးနှစ်ခုက ပညာတွေ၊ အတွေ့အကြုံတွေ၊ ပစ္စည်းတွေကို အရင်းအနှီး ပြုပြီးတော့ ရုပ်ရှင်ပညာကို တတ်မြောက်လာခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီကုမ္ပဏီကြီးနှစ်ခုကတော့ အေဝမ်းရုပ်ရှင်ကုမ္ပဏီနဲ့ ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီပဲ ဖြစ်ပါတယ်။ ဒီနေ့လှုပ်ရှားနေတဲ့ ရုပ်ရှင်လောကသားတွေကိုကြည့်ရင် ဒီကုမ္ပဏီကြီးတွေရဲ့ ဩဇာသက်ရောက်မှု မကင်းတာကိုလည်း ကျွန်တော်တို့တွေ့ရပါတယ်။ ဒါကြောင့်လည်း ကျွန်တော်ဟာ ဒီကုမ္ပဏီကြီးနှစ်ခုရဲ့ ကျေးဇူးကိုဆပ်တဲ့အနေနဲ့ ဒီကုမ္ပဏီကြီးနှစ်ခုရဲ့အကြောင်းကို ကျွန်တော်တင်ပြနေခြင်း ဖြစ်ပါတယ်။

တွေ့ဆုံမေးမြန်း
ဒါရိုက်တာ ကြည်စိုးထွန်း

(၆-၆-၂၀၂၀ ရက်နေ့မှ အဆက်)

**အေဝမ်းကြည်အေး။** ။အဏ္ဏဝါမေ က ဒီလိုဗျ။ ကျွန်တော်ခုန လူလှနဲ့ရူပ ရိုက်ပြီးသွားရော။ ရိုက်ပြီး ထရှိုင်လုပ်နေရင်းနဲ့ ကျွန်တော့်ဆီကို ဇော်ဝင်းထွဋ်ရဲ့အမေ ထား။ သူက ကျွန်တော့်ဝိုင်းထဲမှာ ပုဏ္ဏားတိုင်ဆိုတာ။ Dubbing တွေမှာလည်း Background ဆိုတယ် တီးဝိုင်းသွားတီးရင်။

**ကြည်စိုးထွန်း။** ။ အေဝမ်းကြည်အေး တူရိယာ အဖွဲ့ဆိုပြီး ရှိသေးတယ်နော်။ အဲဒီမှာ မထားက သီချင်းဆိုတယ် ဪ။

**အေဝမ်းကြည်အေး။** ။အဲဒီမှာကျွန်တော် ခေါ်ခဲ့တာ၊ ဘဝဟူသည် ရွှေဘကမင်းသား၊ သီသီက မင်းသမီး၊ နောက်ပြီးတော့ မြတ်ထွဋ်နဲ့ မောင်လှ သူ။

**ကြည်စိုးထွန်း။** ။ ဪ ဟုတ်ကဲ့ ဟုတ်ကဲ့။

**အေဝမ်းကြည်အေး။** ။နှစ်ယောက်ဒါရိုက်တာ၊ သူတို့ တွဲရိုက်တဲ့အချိန်က ကျွန်တော်က အကူအညီသွားပေးတာ။ ကျွန်တော်က Dubbing သွားလုပ်ပေးတာ။ အေဝမ်းခြံထဲမှာပဲ အခန်းထဲကို မထား ဝင်လာပြီးတော့ အစ်ကို ခဏအပြင်လိုက်ခဲ့ပါတဲ့။ အပြင်မှာကျတော့ မနုနဲ့ ခင်သန်းနုနဲ့၊ သူက ပြည်ထောင်စုမယ် ခင်သန်းနုပါတဲ့။ မင်းသမီးလုပ်ချင်လို့တဲ့။ ဟ



ခင်သန်းနု

မင်းသမီးလုပ်ရအောင် ငါက ဒါရိုက်တာပဲဟလို့၊ ပရိုဂျူဆာရှာမှ ရမှာပေါ့လို့။

**ကြည်စိုးထွန်း။** ။ ကိုယ်က ပိုက်ဆံ ထုတ်နိုင်တာမှ မဟုတ်ဘဲ။

**အေဝမ်းကြည်အေး။** ။ထုတ် လည်း မထုတ်နိုင်ဘူး။ အဲဒီမှာ ကံကောင်းချင်တော့ တစ်လတောင် မကြာဘူး။ ကျွန်တော့်တပည့် ဆီဆုံလမ်းမှာ နေတယ်။ မနက်မနက် လျှောက်လျှောက်သွားတယ်။ ကျွန်တော် စန္ဒရားတီးရင် တက်နားထောင်တယ်။ နောက်ပြီး လက်ဖက်ရည်ဆိုင်ခေါ်ပြီးတိုက်တယ်။ ကျွန်တော့်တပည့် ဘမိုး ကိုဘမိုး သူကရောက်လာတယ်။ ရောက်လာပြီးတော့ ဆရာတဲ့ ကျွန်တော့်ကို ကားတစ်ကားရိုက်ပါတဲ့။

**ကြည်စိုးထွန်း။** ။ ဪသူကမင်းသား လုပ်ချင်တာ။

**အေဝမ်းကြည်အေး။** ။ သူက ဘယ်သူနဲ့ သွားတူလဲဆိုတော့ ဖာတစ်လုံး ကိုခင်မောင်နဲ့တူတယ်။ ဖာတစ်လုံးခေါင်းကျားလုပ်တဲ့။ ခင်ဗျား မင်းသားတော့ မလုပ်ပါနဲ့ဗျာ။ ဒုတိယမင်းသားပဲ ရမယ်လို့။ အဲဒီမှာ ဆရာရွှေဒုံးဆီကနေပြီးတော့ ကျွန်တော်က ဆရာ့ဆီတောင်းတော့ မင်းရိုက်ကွာဆိုပြီး "Woman of the river"။ အဲဒါကို ကျွန်တော်က အဏ္ဏဝါမေဆိုပြီး ရိုက်တာ



ရန်ကျော်

ခင်သန်းနုကို၊ အဲဒီတုန်းက half-naked ပေါ့လေ။ ဂါဝန်လိုလို ဘာလိုလို အောက်က ကြက်ခြေလေးနဲ့ လုပ်ထားတာ အဲဒီအဝတ်လေးနဲ့။

**ကြည်စိုးထွန်း။** ။ အဲဒါကြောင့် ဦးလေးကို ကျွန်တော် ပြောတာ၊ စိတ်ကူး သိပ်ကောင်းပါတယ်ဆိုနေမှ။

**အေဝမ်းကြည်အေး။** ။ဟားဟားဟားဟား။

**ကြည်စိုးထွန်း။** ။ ခုနကမစံတုန်းကလည်း ဦးလေး အဲဒီလိုပဲ။

**အေဝမ်းကြည်အေး။** ။ အဲဒီလိုပဲလုပ်တယ်။ ဟုတ်တယ်။

**ကြည်စိုးထွန်း။** ။ အခု ခင်သန်းနုကို လည်း။

**အေဝမ်းကြည်အေး။** ။ အဲဒီလိုပဲ လုပ်ပေးတယ်။ လုပ်တော့ အဲဒီအချိန်က ကိုဘမိုးကလည်း ပရိုဂျူဆာ ထပ်ရှာတယ်။ ရှာတော့ မာဃဖလင် ဦးချစ်ဆွေ ရေကျော်မှာနေတာ တည့်သွားရော သူတို့။ တည့်သွားတော့ သူက အဲဒီကားကို မောင်မောင်တာက ဆရာရွှေဒုံးရိုက်တဲ့ ဒေါက်တာ အောင်ကျော်ဦး ပြီးခါစ။

**ကြည်စိုးထွန်း။** ။ ဪ ဟုတ်ကဲ့၊ ဟုတ်ကဲ့။

**အေဝမ်းကြည်အေး။** ။ နာမည် သိပ်ကြီးနေတဲ့ အချိန် မောင်မောင်တာကို နှစ်သောင်းပေးပြီးတော့




စောငြိမ်း

ရိုက်တာ၊ နှစ်သောင်းမှ လက်ငင်းကိုပေးပြီး ရိုက်တာ။ အဲဒီအချိန်မှာ ကျွန်တော်က ဘယ်သူနဲ့ သွားတွေ့လဲဆိုတော့ ကိုဝင်းဦးနဲ့ သွားတွေ့တယ်။

**ကြည်စိုးထွန်း။** ။ ဪ ကဲ။

**အေဝမ်းကြည်အေး။** ။ဟာ ဆရာ့ဆီက ကြားခဲ့တယ်တဲ့။

**ကြည်စိုးထွန်း။** ။ ဆရာ ရွှေဒုံးဆီက။

**အေဝမ်းကြည်အေး။** ။ အဲဒီဝတ္ထုလေး ကျွန်တော်သိပ်ကြိုက်လို့ဗျာတဲ့။ ခင်ဗျား ဘယ်တော့ရိုက်မလဲ ကျွန်တော့်ကို ရိုက်တဲ့၊ ရှစ်ထောင်ပဲပေးတဲ့။ ကျွန်တော်က သိပ်ကြိုက်သွားတာပေါ့။ သူက နှစ်ယောက်တည်းနေချင်တယ် ပြီးသွားပြီ။

**ကြည်စိုးထွန်း။** ။ နာမည်ကလည်း ရနေပြီ။

**အေဝမ်းကြည်အေး။** ။ သိပ်ကြိုက်သွားပြီ။ ကျွန်တော်က လုပ်မယ်ဆိုတော့ ဟိုက လွန်သွားပြီ။

**ကြည်စိုးထွန်း။** ။ ဪ ငှားပြီးသွားပြီ မောင်မောင်တာ။

**အေဝမ်းကြည်အေး။** ။ အဲဒီကနေအဏ္ဏဝါမေကို ကမန်းကတမ်း စီစဉ်ရတာပေါ့။ မောင်မောင်တာနဲ့ ခင်သန်းနုနဲ့။ ကျွန်တော်တို့ အခုပန်းဆိုးတန်း ထိပ်တန်း မြသီတာ ဟိုဘက်မှာ စက်လှေကြီး၊ တစ်ခါတည်း စက်လှေက ကိုလေးမြိုင်ဆိုတာက သူက DSI မှာ အရာရှိကြီး သူလွှတ်လိုက်တဲ့ စက်လှေ။

**ကြည်စိုးထွန်း။** ။ အဲဒီစက်လှေကြီးနဲ့ သွားရော။

**အေဝမ်းကြည်အေး။** ။ အဲဒီစက်လှေပေါ်မှာ ကန်တော့ပွဲပေးတာ။

**ကြည်စိုးထွန်း။** ။ ဪ ဟုတ်လား။

**အေဝမ်းကြည်အေး။** ။ အဲဒီမှာ ကျွေးမွေး ကန်တော့ပွဲပေးပြီးတော့ ကန်တော့ပွဲလည်းပြီးရော တစ်ခါတည်း သွားကြရော။

**ကြည်စိုးထွန်း။** ။ မင်းသား မင်းသမီး တွေရော အကုန်ပါလား။

**အေဝမ်းကြည်အေး။** ။ အကုန်ပါတယ်၊ ဇီးဖြူတောင်ကို သွားတာ။



အဆင်တို့၊ ဇီးဖြူတောင်တို့ အဲဒီကနေမှ တစ်ဆင့် တစ်ခါ မြိတ်၊ အောက်ဒိုးတွေ။

**ကြည်စိုးထွန်း။** ။ အဲဒါလေ ကျွန်တော် ဝတ္ထုတစ်ပုဒ်ထဲမှာ ဖတ်ဖူးတယ် ဦးလေးရဲ့။ ဝတ္ထုထဲမှာ ဘယ်လိုရေးလဲဆိုတော့ အဲဒီမြိတ်ကို ရောက်တဲ့အခါကျတော့ ခင်သန်းနု ပါတယ်တဲ့။ ခင်သန်းနု ပါတော့ ခင်သန်းနုနေရာမှာ ဒိုင်ဗင်ထိုးပေးရလား ဘာလား မသိဘူး ဦးလေးရယ်။ အဲဒီလို ခင်သန်းနုနေရာမှာ ကိုယ်စား သရုပ်ဆောင်တာ တစ်ယောက်ရှိတယ်ထင်တယ်။ အဲဒီမှာ သူတို့ခင်သန်းနုဆိုပြီးတော့ ဆလုံ ဆလုံ အဲဒီလိုလေး ကျွန်တော်ဖတ်ဖူးတယ်။ နောက်ကျတော့ အဲဒီဝတ္ထုရဲ့နောက်ပိုင်းမှာ ဆက်ရေးတဲ့အခါကျတော့ ဒီနေရာမှာ ဆလုံလိုနေရာမျိုးမှာ ခင်သန်းနုဆိုတဲ့ နာမည်မျိုး ရောက်သွားလို့ ကျွန်တော် အံ့သြနေတာ၊ အဲဒါဦးလေး လက်ချက်ပေါ့။

**အေဝမ်းကြည်အေး။** ။ဟုတ် ပါတယ် ဟား ဟား ဟား ဟား။

**ကြည်စိုးထွန်း။** ။ ဒါပေမဲ့ ဦးလေး အရင် ခုနက ဒေါက်တာအောင်ကျော်ဦးတုန်းကလည်း ဆရာရွှေဒုံးက မြိတ်ဘက်ရိုက်ဖူးသေးတယ်နော်။ ဦးလေးကတော့ ဒီမှာတော့ ဆလုံ သဘောမျိုးလေးတွေ ပါလာတာပေါ့နော်။ ဒါလည်း ထူးဆန်းတာပဲနော်။ အဏ္ဏဝါမေ အဲဒါခင်သန်းနုရဲ့။

**အေဝမ်းကြည်အေး။** ။ First Picture

**ကြည်စိုးထွန်း။** ။ ကျွန်တော်တို့က အဲဒါလေးလည်း အမှတ်ကလေးက ပြန်ပြီးတော့ စစ်ဆေးရမှာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က ခင်သန်းနုဟာ ချစ်သောသူတစ်ယောက်က စတာလား။ သို့မဟုတ် တင့်လှပေဟန်က စတာလားလို့ ကျွန်တော်တို့က ထင်နေတာ။ သူ အဏ္ဏဝါမေက စတာ။ ဦးလေးက ဒါကြောင့်မို့ ကျွန်တော် ပြောတာ မင်းသမီးအသစ်တွေနဲ့ ချည်းပဲ ဦးလေးက။

**အေဝမ်းကြည်အေး။** ။ ဟားဟားဟား။

**ကြည်စိုးထွန်း။** ။ ပထမဆုံးကားက။

**အေဝမ်းကြည်အေး။** ။ 'ချစ်စေတနာ'။

**ကြည်စိုးထွန်း။** ။ မေနန်းနွယ်၊ နောက်တစ်ခါကျတော့ မေမြင့်ရီ၊ နောက်တစ်ခါကျတော့ ခင်သန်းနု၊ ဒါရိုက်တာဖေအောင် ခင်သန်းနုပဲ။ ထွန်းဝေကြီးနဲ့ ခင်သန်းနုနဲ့နော်။

**ကြည်စိုးထွန်း။** ။ နောက်တစ်ခါ စောမြတ်မွန်။

**အေဝမ်းကြည်အေး။** ။ စောမြတ်မွန်က မင်းမြင့် ဝတ္ထု၊ ရာဇဝင်တစ်ဝက် ခေတ်တစ်ဝက်။

**ကြည်စိုးထွန်း။** ။ ကိုဝင်းညွန့်ရယ်၊ ခင်မောင်ဇင်ရယ်၊ ခင်သန်းနုရယ်၊ ဪ ခင်သန်းနုနဲ့ တော်တော်များတယ်နော်။

**အေဝမ်းကြည်အေး။** ။ခြောက် ကား လောက်ကို ဆက်ရိုက်တယ် ကျွန်တော်။ **စာမျက်နှာ ၉ သို့** ❖



❖ စာမျက်နှာ ၈ မှ

**ကြည်စိုးထွန်း။** ။ ဟုတ်လား။ 'ပြုံး အလှ ပိုင်ရှင်' ခင်သန်းနုပဲ။ အဲဒီထဲမှာ ဝင်းညွန့်၊ ကြည်စိုး။

**ကြည်စိုးထွန်း။** ။ နောက် တစ်ခါ ကျတော့ 'ညှင်းပင်လေလား မိုးမှောင်လား'။

**အေဝမ်းကြည်အေး။** ။ အဲဒီ ကားလေး ရတယ် ပိုက်ဆံ။

**ကြည်စိုးထွန်း။** ။ ရတယ် ဒါပေမဲ့ နာမည်က တခြား နာမည်နဲ့ တင်ရတယ်နော်။

**အေဝမ်းကြည်အေး။** ။ ညှင်းပင်လေလား မိုးမှောင်လားက ကျွန်တော် ဆင်ဆာတင်လိုက်တော့ ကျွန်တော့်ကို ဆင်ဆာက ဘယ်သူက Ban လုပ်လဲဆိုတော့၊ အရင် ကျွန်တော်နဲ့အတူတူ လုပ်ဖက်စာရေးဆရာ ဦးကိုကို။ 'ပိတောက်တွေ ပွင့်ပြန်ပေါ့' စာရေးဆရာ။

**ကြည်စိုးထွန်း။** ။ 'ခရုအိမ်' တို့ ဘာတို့ ရေးတဲ့ကိုကိုပေါ့။

**အေဝမ်းကြည်အေး။** ။ ဟုတ်တယ်။ တော်တယ်။ တော်တာ တော့တော်တယ်။ ဒါပေမဲ့ ဇာတ်ညွှန်းရေးတာက ကျွန်တော်နဲ့တွေ့ပြီးမှ သူစရေးတတ်တာ။ ကင်မရာတွေက ဘယ်လိုဘာညာနဲ့ သိပ်ခင်ခဲ့တာ၊ ဘယ်လိုက ဘယ်လို ပြောင်းလဲသွားလဲ မသိဘူး။ အဲဒါသူက စာတင်လိုက် ခုနက အဝတ်အစားလေးတွေ။

**အေဝမ်းကြည်အေး။** ။ ကျွန်တော်ကတော့ ထူးခြားတယ်မထင်ဘူး။

**ကြည်စိုးထွန်း။** ။ ဟုတ်လား။

**အေဝမ်းကြည်အေး။** ။ ဟားဟားဟား။

**ကြည်စိုးထွန်း။** ။ စိတ်ကူး ကောင်းတာပေါ့နော်။ ဒီဘက် ဗီဒီယိုခေတ်ရောက်တော့လည်း ဦးလေးက ရုပ်ရှင်ရိုက်တာပဲ။

**အေဝမ်းကြည်အေး။** ။ ဗီဒီယိုခေတ်မှာ ကျွန်တော်က ကြောင်ကမ္ဘာခင်ဆိုင်၊ ကိုခင်ဆိုင်က ကျွန်တော့်ကို ကားတစ်ကား ရိုက်ပေးပါဆိုတော့ ဆရာကြိုက်တဲ့ ကားတစ်ကား ရိုက်ပါဆိုတော့ ကျွန်တော်က ဘယ်သူ့သွားတွေ့လဲဆိုတော့ ကျွန်တော့် တပည့် တီးဝိုင်းထဲမှာ သီချင်းဆိုနေတဲ့ကောင်လေးရဲ့သား၊ သူ့သား ရန်ကျော်လေးကို သဘောကျသွားတယ်။ ရန်ကျော်လေးကို ဘာလို့ သဘောကျလဲဆိုတော့ ဒီကောင်လေး ဘာလို့ ထိုးပြီး ကျသွားလဲမသိဘူး။

**ကြည်စိုးထွန်း။** ။ ရုပ်လည်းလှတယ်၊ ဒေါင်ကောင်းကောင်းနဲ့။

**အေဝမ်းကြည်အေး။** ။ ဘာရိုက်မလဲဆိုတော့ ကိုခင်ဆိုင်ကျွန်တော် အဇာတသတ် ရိုက်မယ်ဗျာလို့။ ဟာ ဆရာတဲ့ ကျတဲ့မင်းသား ဆရာက အဇာတသတ် ရိုက်မယ်ဆိုတော့ လူတွေမှန်းသွားမှာပေါ့တဲ့။ အမြဲလာတယ်။

**အေဝမ်းကြည်အေး။** ။ အဲဒါ ရိုက်တယ် ဒိုင်းခင်ခင်။

**ကြည်စိုးထွန်း။** ။ ဩော် ဒါကတော့ တက္ကသိုလ်စိန်တင်ရဲ့ ဇနီး စိမ့် (ပညာရေး) ဆီက ရတဲ့ ဝတ္ထုလေးကို။

**အေဝမ်းကြည်အေး။** ။ နောက် ဇမ္ဗူအေး ရုပ်ရှင်မှာ ကျွန်တော် ကျော်ဟိန်းနဲ့ ရိုက်တယ်။

**ကြည်စိုးထွန်း။** ။ ပြောပါဦး ဦးလေးရဲ့။

**အေဝမ်းကြည်အေး။** ။ ကျော်ဟိန်းရယ်၊ စန္ဒာရယ်နောက်ပြီးတော့ ချစ်စံပယ်ရယ်၊ နောက်ပြီးတော့ မောင်ယဉ် ထွေးရယ်။

**ကြည်စိုးထွန်း။** ။ ထူးထူး ခြားခြား တော်တော်ကိုစွန့်စွန့်စားစား ရိုက်ထားတဲ့ ကားပါ။

**အေဝမ်းကြည်အေး။** ။ ကျွန်တော် အဲဒီက အဆန်းဘာထွင်လဲဆိုတော့ အဲဒီတုန်းက စတန့်တွေ ပျောက်နေတဲ့ခေတ်မှာ ကျွန်တော်ကွမ်လောက် ဟိုတယ်ပေါ်ကနေပြီးတော့ ကျော်ဟိန်းအစားထိုး။ နောက် ပေ ၆၀ လောက်မြင့်တဲ့ တိုက်နှစ်တိုက်ကြားကို ထုံးသုတ်တဲ့ ဝါးလေှကားကြီးနဲ့ ဟိုဘက်ဒီဘက်ကိုကူး အဲဒါတွေရိုက်ခဲ့တာ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ ဟုတ်ကဲ့။ ကား နာမည်လေး မှတ်မိသေးလား။



ကြည်ညိုတဲ့အသိုက်အဝန်းမှာ နေလာရတာဆိုတော့ အဲဒီရဲ့အကြောင်းတွေ ကြားရတာလည်း ကျွန်တော့်မှာ အများကြီး ကုသိုလ်ရပါတယ်။ အသက် ၈၄ နှစ်သာရောက်နေပေမယ့် ၄၈ နှစ်အရွယ်လောက် တစ်ခါတည်းကို ပျော်ပျော်ရွှင်ရွှင်နဲ့ ပြောသွားတဲ့ ဦးလေးကိုလည်း။

**အေဝမ်းကြည်အေး။** ။ ကျွန်တော်က ၄၈ နှစ်တောင်ကျွန်တော့် ကိုယ်ကျွန်တော် မထင်ဘူး။

**ကြည်စိုးထွန်း။** ။ ပြောပါဦး ဦးလေးရဲ့။

**အေဝမ်းကြည်အေး။** ။ အစိတ်လောက်ပဲ ထင်တယ်။

**ကြည်စိုးထွန်း။** ။ ဟားဟားဟားဟား ဖြစ်လောက်တယ်။ ကျွန်တော်က ကြားကြားနေတာ ဦးလေးကတဲ့ ဆရာကြီးတွေ ရိုက်သွားတဲ့ ရိုက်ချက်တွေဟာ မမေ့ကြဖို့ ပြန်လေ့လာပါ။ ပြန်စုပါ။ အလကားလုပ်သွားတာ တစ်ခုမှမပါဘူး။ အဲဒါပဲ အနုပညာပိုင်းကနေပြီး ရုပ်ရှင်နဲ့ ဂီတကို၊ အဲဒါပဲ ကျွန်တော်က နောက်မျိုးဆက်သစ်တွေ ဆက်လက်ကြိုးစားပေးပါလို့ ပြောချင်ပါတယ်။ နောက်ပြီးတော့ ဆရာနဲ့ ဒီတစ်ဖွဲ့လုံးကိုလည်း ကျွန်တော့်ကို မှတ်တမ်းတစ်ခု လုပ်ပေးတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ပါဦးလေးရဲ့။ ကျွန်တော်တို့က လုပ်သင့်လုပ်ထိုက်လို့ လုပ်ရတာကိုး။ ဘာဖြစ်လို့လဲဆိုတော့ ဦးလေးတို့အသက်အရွယ်တွေ ဦးလေးတို့အတွေ့အကြုံတွေကို










တော့ ကျွန်တော့်ကားကို Ban ပိတ်ပစ်ဖို့ကို လုပ်တာ။ အဲဒီမှာ ဦးတင်ထွန်း ဗိုလ်မှူးကြီးတင်ထွန်းက ဟာဗျာ ကားကြီးက ကောင်းတယ်တဲ့၊ ပိတ်တာတွေ ဘာတွေ မလုပ်နဲ့ ဗျာတဲ့ ဘုတ်အဖွဲ့ကို နာမည်ပြောင်းလိုက်ပါတဲ့။ အဲဒီမှာ မြစိမ်းရောင်နဲ့ စောကေသီဆိုပြီး ပြောင်းလိုက်တာ။

**ကြည်စိုးထွန်း။** ။ ပထမတော့ ညှင်းပင်လေလား မိုးမှောင်လားဆိုတဲ့ နာမည်နဲ့ ရိုက်နေရာကနေပြီးတော့ ဆင်ဆာလည်း တင်လိုက်ရော။ ဆင်ဆာကနေပြီးတော့ Ban လုပ်ပစ် လိုက်တာ သို့သော်လည်း တာဝန်ခံကနေပြီးတော့ ကားလေးကကောင်းပါတယ်။ နာမည်ပဲ ပြောင်းဆိုတော့ 'မြစိမ်းရောင်နဲ့ စောကေသီ' ဆိုပြီးတော့၊ အဲဒီတော့ ကံကောင်းသွားတာပေါ့ ဦးလေးနော်။

**အေဝမ်းကြည်အေး။** ။ ဟာသိပ်ကံကောင်း သွားတာ။

**ကြည်စိုးထွန်း။** ။ အဲဒီဟာက ဇော်ခင်နဲ့ ခင်သန်းနုနဲ့၊ အဲဒါလေးလည်း ကောင်းပါတယ်၊ အဲဒီတော့ ဘာတွေများ ကျန်ဦးမလဲ ဦးလေးနဲ့ ကျွန်တော်နဲ့ ပြောလိုက်တာ။ ရုပ်ရှင်ကတော့ ကုန်သလောက်ဖြစ်သွားပြီထင်တယ်။ ထူးလည်းထူးခြားတယ်နော်။ ဦးလေးကားတွေက အင်မတန်ထူးခြားပါတယ်။ နောက်တစ်ခုက တစ်ခါမင်းသမီးတွေက ပိုထူးခြားတယ်နော်။

**ကြည်စိုးထွန်း။** ။ ပိုဆိုးမယ်ပေါ့။

**အေဝမ်းကြည်အေး။** ။ ကြည့်လေဗျာလို့။ ကျုပ်ဖမ်းကွက်တွေ ရှိပါတယ်လို့။ ကျုပ် နောက်ဆုံးနှစ်ခန်းပဲ ဖမ်းတယ်။ အမေကို မေးတာရယ်၊ အဖေသေပြီးတော့မှ နောင်တရတာရယ်။ နောက်ပြီးတော့ Music နဲ့ပတ်သက်ပြီးတော့ ဘုရားသီချင်းကို သေချာလုပ်ထည့်ပေးလိုက်တယ်။ အဲဒီမှာ ထပေါက်တာသူ၊ ရသွားတယ်။ အဲဒါရယ် နောက်အခု ဆရာ့ကို ကျွန်တော်ပေးတဲ့ ဒိုင်းခင်ခင်။

**ကြည်စိုးထွန်း။** ။ ဩော် ဒိုင်းခင်ခင်၊ ဩော်သီပေါခေတ်က မောင်ဖေငယ်နဲ့။

**အေဝမ်းကြည်အေး။** ။ မှန်နန်းပေါ့။ အဲဒါ ကျွန်တော့် ဆရာ ဦးတင်မောင်က အဲဒီဒိုင်းခင်ခင်ကို သိပ်ရိုက်ချင်တာ။ မရိုက်သွားရဘူး။

**ကြည်စိုးထွန်း။** ။ ဩော် အဲဒီတော့ ဆရာမရိုက်ရတဲ့ဟာကို ငါရိုက်မယ် ဆိုပြီးတော့။

**အေဝမ်းကြည်အေး။** ။ ကျွန်တော် သူပြောပြောနေတာကြားနေတာ ဆရာ့နား အမြဲနေရတာကိုး။ အဲဒါလည်း စိတ်ကြိုက်ရိုက်တယ် ကျွန်တော်။ တက္ကသိုလ်စိန်တင်ဆီက စိမ့် (ပညာရေး) သူ့မိန်းမ။

**ကြည်စိုးထွန်း။** ။ သဘော ကောင်းတယ်၊ လင်မယား နှစ်ယောက်စလုံး၊ ကျွန်တော့်မွေးနေ့တိုင်း

**အေဝမ်းကြည်အေး။** ။ ရာသက်ပန်မေတ္တာ။

**ကြည်စိုးထွန်း။** ။ ဩော် ရာသက်ပန်မေတ္တာ။ ဦးလေး သတိရလို့သာနော်။ ကျွန်တော်က အသက်ကြီးတော့ သိပ်သတိမရတော့ဘူး။ ဦးလေးကမှ သတိရသေးတယ်။

**အေဝမ်းကြည်အေး။** ။ ကျွန်တော်က ငယ်ပါသေးတယ်။ ဟားဟားဟားဟား။

**ကြည်စိုးထွန်း။** ။ ဟုတ်တယ် အဲဒီကားက ကျွန်တော်က ဘာလို့တုန်းဆိုတော့ အဲဒီရဲ့ သတင်းလေးတွေ တွေ့ဖူးတာပေါ့။ သတင်းလေးတွေ တွေ့ဖူးတာ။ ကျွန်တော်ထည့်ပေးမယ် ဦးလေး။ ကျော်ဟိန်း မင်းသားဖြစ်ခါစ။

**အေဝမ်းကြည်အေး။** ။ ဟုတ်တယ် အဲဒီကားကတော်တော်ရသွားတယ် အဲဒီကားလည်း။

**ကြည်စိုးထွန်း။** ။ မင်းသား ဖြစ်ခါစဆိုတော့ နည်းနည်းပြောလို့ဆိုလို့ ကောင်းသေးတာပေါ့ ဟားဟားဟားဟား။ ဒါကသဘာဝကိုး ဦးလေးရဲ့။ ကောင်းပါတယ် ဦးလေးရယ်။ ဦးလေးနဲ့ စကားပြောရတာ ကျွန်တော် တော်တော်လည်း ပျော်ပါတယ်။ နောက် မသိတာတွေလည်း သိရတဲ့အတွက်လည်း အထူးကျေးဇူးတင်ပါတယ်။ နောက်ပြီးတော့ ဗဟုသုတတွေလည်း အများကြီးရတယ်။ နောက် ကျွန်တော် မြောက်ဒဂုံသာ ရောက်လာတာတဲ့။ မြို့ထဲလည်း ရောက်ရောက်လာတယ်တဲ့။ တစ်ခါကျတော့ သမန်းကျားကိုမြင့်တို့ကလည်း ပြောတယ်။ ဟာ ရောက်ရောက်လာတယ်ဗျ ဦးလေးကလည်း အသက်သာကြီးတာတဲ့။ ဝမ်းသာပါတယ် ဦးလေးရယ်။

**အေဝမ်းကြည်အေး။** ။ ကျွန်တော့် သားတွေ တူတွေလိုပဲ။ သူတို့ကလည်း အစ်မကြီး မခင်လှဲ့ကအစ ကျွန်တော့်ကို သွေးသားအရင်းလိုပဲ။

**ကြည်စိုးထွန်း။** ။ မှန်တာပေါ့။ အေဝမ်း အုပ်စု တွေကိုး။ အေဝမ်းမိသားစုတွေကိုး၊ ဟုတ်ကဲ့ ဟုတ်ကဲ့။ ဝမ်းသာပါတယ် ဦးလေး ဘာများ ဒီပရိသတ်ကို ပြောစရာ သို့မဟုတ် ဒီမျိုးဆက်သစ်တွေကို ပြောစရာများ။

**အေဝမ်းကြည်အေး။** ။ ဩော် ကျွန်တော် ပထမပိုင်းက ပြောသွားသလိုပဲ ကနေ့ Music သမားတွေထဲမှာ ဗမာဂီတာကို သေချာတီးကြပါ။ ဗမာဂီတာဟာ ကျွန်တော်စောစောက တင်ပြသွားသလိုပဲ သိပ်အရသာရှိတာပဲ။

**ကြည်စိုးထွန်း။** ။ မှန်တာပေါ့ ဦးလေးရယ်။ ကျွန်တော်တို့လည်း ကိုစောငြိမ်းတို့သီချင်းတွေ နားထောင်ရရင် သိပ်ကောင်းတာပဲ။

**အေဝမ်းကြည်အေး။** ။ အဲဒါတစ်ခုရယ်။ နောက်ပြီးတော့ ရှေး ကျွန်တော်တို့က ဒါ ဂုဏ်ပြုတဲ့အနေနဲ့ ကန်တော့တဲ့အနေနဲ့ လုပ်ပေးရတာပါ။ မှတ်တမ်းတွေ ကျန်သင့်ပါတယ် ဦးလေးရဲ့နော်။ နောက်ပြီးတော့ အချုပ်ဆိုရရင် ဦးလေးဟာ ဂီတနဲ့ပတ်သက်လာရင် ဂီတနယ်ပယ်မှာ ဂီတာကိုတော့ မမေ့ကြပါနဲ့။ ဂီတာဟာစောစောကဦးလေးပြောသလိုပေါ့။ အပျော့လည်းရ၊ အမာလည်းရ အခံလည်းရ အဲဒီလို ပစ္စည်းမျိုးဖြစ်တဲ့အတွက် ဒါကိုလည်း ပြန်ဖော်ထုတ်ကြပါ။ ကျွန်တော်တို့ဆိုလည်း တကယ်ပါ၊ ကျွန်တော်တို့ အသက်အရွယ်အရ ပြောရမလားတော့ မဆိုနိုင်ဘူး။ ခုနက ကိုစောငြိမ်းသီချင်းတွေ ကြားရတယ်ဆိုရင် ဒီဂီတာကြီးနဲ့ဖွဲ့နွဲ့သွားတာဟာ အင်မတန်ကို ရင်ထဲကို ရောက်ပါတယ်။ အဲဒီတော့ ဦးလေးပြောသလိုပေါ့။ ဂီတာကိုလည်း မမေ့ကြပါနဲ့။ နောက် နောင်မျိုးဆက်သစ် ရုပ်ရှင်သမားတွေအနေနဲ့ကလည်း ရှေးက ဆရာ့ဆရာကြီးတွေရဲ့ လက်ရာကို အလေးထားပြီး ကြည့်ရှုပေးပါ။ ကောင်းပါတယ် ဦးလေးရယ်။ အဲဒီအဆုံးအမက သူတို့ကို ပြောသလို ကျွန်တော့်ကိုလည်း ပြောသလိုပဲ ခံယူပါတယ်။ ကျွန်တော်လည်း ဒါကိုတော့ လေးစားပါတယ်။ ကျေးဇူးတင်ပါတယ် ဦးလေးရယ်။ တကယ်ကျေးဇူးတင်ပါတယ်။

**အေဝမ်းကြည်အေး။** ။ ကျွန်တော် လည်း ကျေးဇူးတင် ပါတယ်။

■ စာမျက်နှာ ၇ မှ
အဆင့်မြှင့်တင်ကောင်းမွန်ရေးအတွက် ကနဦးညှိနှိုင်းဆောင်ရွက်မှုများ၊ အခြေခံအဆောက်အအုံစီမံကိန်းများနှင့်ပတ်သက်သည့် နားလည်မှုစာချွန်လွှာများကို ရပ်ဝန်းနှင့် ပိုးလမ်းမစတင်ခဲ့သည့် ၂၀၁၃ ခုနှစ် မတိုင်မီကပင် နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးခဲ့ကြပြီး ဖြစ်ပါသည်။

သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ခရီးစဉ်အတွင်း ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းဆိုင်ရာ နှစ်နိုင်ငံအကြား ဖြစ်ပေါ်တိုးတက်မှု၊ သဘောတူညီမှုနှင့် ဆွေးနွေးနိုင်မည့် အခြေအနေများအပေါ် မြန်မာနှင့် တရုတ်ပြည်သူများသာမက နိုင်ငံတကာမှပင် စိတ်ဝင်စားစွာ စောင့်ကြည့်ခဲ့ကြပါသည်။ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ မြန်မာနိုင်ငံခရီးစဉ်အား တရုတ်နိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁၀ ရက်နေ့ကပင် တရားဝင်ထုတ်ပြန်ခဲ့ရာ တရုတ်နှင့် မြန်မာမိတ်ဆွေများ၊ ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ ပေကျင်းမြို့ အခြေစိုက် နိုင်ငံခြားသံတမန်များက စိတ်ဝင်တစားဆက်သွယ်မေးမြန်းစုံစမ်းခဲ့ကြပါသည်။ အဓိကမေးမြန်းသည့်အချက်မှာ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းဆိုင်ရာ သဘောတူညီချက်များ လက်မှတ်ရေးထိုးနိုင်မည့် အခြေအနေပင် ဖြစ်ပါသည်။

မြန်မာနှင့် တရုတ်နိုင်ငံတို့အနေဖြင့်မူ နှစ်နိုင်ငံပြည်သူတို့၏ စိတ်ဆန္ဒနှင့်တူညီသည့် အကျိုးစီးပွားအတွက် လက်တွေ့ကျသောဖော်ဆောင်မှုကို ပြသနိုင်ခဲ့ကြပါသည်။ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ခရီးစဉ်အတွင်း မူဆယ်-မန္တလေးရထားလမ်းဖြစ်နိုင်ခြေလေ့လာမှု အစီရင်ခံစာ၊ မြန်မာ-တရုတ် ရွှေလီ-မူဆယ်နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် မူဘောင်သဘောတူစာချုပ် လုပ်ငန်းစဉ်များ လျင်မြန်တိုးတက်စေရေး နားလည်မှုစာချွန်လွှာ၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနှင့် မြန်မာ-တရုတ်စီးပွားရေးစင်္ကြံ၏ မဏ္ဍိုင်ကြီးများဟု ဆိုရမည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းဆိုင်ရာ သဘောတူစာချုပ်၊ ရန်ကုန်မြို့တော် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းသစ်စာလွှာနှင့် မန္တလေး-ထီးချိုင့်-မူဆယ်အမြန်လမ်းမကြီးနှင့် ကျောက်ဖြူ-နေပြည်တော်အဝေးပြေးလမ်းမကြီး စီမံကိန်းဖြစ်နိုင်ခြေလေ့လာမှုအစီရင်ခံလွှဲပြောင်းခြင်း စာလွှာလဲလှယ်ခြင်းအပါအဝင် အခြားသော သဘောတူညီချက်များကို နှစ်ဖက်လက်မှတ်ရေးထိုးခြင်းနှင့် လဲလှယ်ခြင်းများပြုလုပ်ခဲ့ပါသည်။

(ဆက်လက်ဖော်ပြပါမည်)



## မမြရေလှောင်တမံ၏ ဆည်ရေသောက်ဧရိယာအတွင်း မိုးစပါး စိုက်ပျိုးနိုင်ရန် ရေအသုံးချသူများအဖွဲ့မှ အဖွဲ့ဝင်တောင်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်

ရန်ကုန် ဇွန် ၇

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်းရှိ မမြရေလှောင်တမံမှ စိုက်ပျိုးရေအတွက် အသုံးပြုနေသည့် ဆည်ရေ လေလွင့်ဆုံးရှုံးမှု နည်းပါးနိုင်ရန်၊ စိုက်ပျိုးရေကို တောင်သူများ ညီညွတ်မျှတစွာ ခွဲဝေသုံးစွဲနိုင်ရန်နှင့် တောင်သူများ မိမိတို့၏ စိုက်ပျိုးဧရိယာအတွင်း ရေဖြန့်ဝေမှုစနစ်နှင့် သီးနှံစိုက်ပျိုးမှုပုံစံတို့ကို စုပေါင်း၍ အကောင်းဆုံးအခြေအနေဖြစ်အောင် ပါဝင်စီမံနိုင်ရန်အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက ပူးပေါင်းပါဝင်ဆည်မြောင်းစနစ် (PIM) ဖြင့် တောင်သူများနှင့် လက်တွဲဆောင်ရွက်လျက်ရှိကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ သိရသည်။

မမြရေလှောင် တမံ၏ ဆည်ရေသောက် ဧရိယာအတွင်း ယခင်နှစ်က ရေအသုံးချသူများအဖွဲ့ (WUG) နှစ်ဖွဲ့သာရှိခဲ့ပြီး ယခုနှစ်တွင် လက်တံမြောင်းအလိုက် WUG အဖွဲ့ ရှစ်ဖွဲ့ ထပ်မံ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ကာ နောင်တွင်လည်း လိုအပ်သလို တိုးချဲ့ဖွဲ့စည်းသွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မမြရေလှောင်တမံ၏ ဆည်ရေသောက်ဧရိယာအတွင်း ၂၀၂၀ ပြည့်နှစ် နွေစပါး စိုက်ပျိုးရာသီအတွင်း နွေစပါး ၃၆၁၇ ဧက စိုက်ပျိုးခဲ့ပြီး ဌာနမှတာဝန်ရှိသူများနှင့် ရေအသုံးချသူများအဖွဲ့ (WUG)မှ အဖွဲ့ဝင်တောင်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ဆည်ရေ လေလွင့်ဆုံးရှုံးမှုနည်းပါးစွာဖြင့် အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ခဲ့ပြီး ယခုနှစ် မိုးစပါးစိုက်ပျိုးရန်အတွက် ရေအသုံးချသူများအဖွဲ့မှ အဖွဲ့ဝင်တောင်သူများက မြောင်းတစ်လျှောက် မြက်ချုံရှင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် ပြုလုပ်ခြင်း၊ နုန်းဆယ်ခြင်းများ စုပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းထွဋ်ဝင်းက ပြောသည်။

"ပူးပေါင်းပါဝင် ဆည်မြောင်းစနစ် ( PIM) တွင် ရေအသုံးချသူ တောင်သူအဖွဲ့များ ပူးပေါင်းပါဝင် ဆောင်ရွက်ကြခြင်းဖြင့် ဆည်ရေကို ပိုမိုအကျိုးရှိထိရောက်စွာ အသုံးချနိုင်ပြီး စိုက်ပျိုးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုး တိုးတက်လာမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

မမြရေလှောင်တမံမှ မြန်အောင်မြို့နယ်နှင့် အင်္ဂပူမြို့နယ်များရှိ ဒေသခံတောင်သူများ၏ လယ်မြေများသို့ စိုက်ပျိုးရေများပေးဝေရာတွင် လက်ယာတူးမြောင်းမကြီး အလျား ၁၉ ဒသမ ၂၄ မိုင်၊ လက်ဝဲတူးမြောင်းမကြီး အလျား ၁၇ ဒသမ ၆၁ မိုင်၊ လက်တံခွဲမြောင်း ၁၂ ခု အလျား ၂၅ ဒသမ ၄၅ မိုင်ဖြင့် ရေပေးဝေနေခြင်းဖြစ်ကြောင်း သိရသည်။ မမြရေလှောင်တမံသည် ရေသိုလှောင်ပမာဏ ဧကပေ ၇၀၀၀၀ ကျော် သိုလှောင်နိုင်ပြီး ဆည်ရေဖြင့် စိုက်ဧက ၈၃၆၉ ဧက ရေပေးဝေနိုင်ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ- ဝင်းထွဋ်

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း
ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ
ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (ဘင်းမ်စတက်)
Bay of Bengal Initiative for Multi-Sectoral Technical and
Economic Cooperation (BIMSTEC)

ဘင်းမ်စတက် အလံနှင့် Logo ဒီဇိုင်းပြိုင်ပွဲအတွက်
ပြိုင်ပွဲဝင်ကာလ တိုးမြှင့်သတ်မှတ်ခြင်း

- ဘင်းမ်စတက်အလံနှင့် Logo ဒီဇိုင်းပြိုင်ပွဲကာလကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်မှ မေလ ၁၅ ရက်အထိ သတ်မှတ်ထားရာမှ လျှောက်လွှာနောက်ဆုံးထားပေးပို့ရမည့်နေ့ရက်ကို ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၃၀ ရက်အထိ တိုးမြှင့်လိုက်ကြောင်း ကြေညာအပ်ပါသည်။
- ပြိုင်ပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက ဒေသခွဲဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန တယ်လီဖုန်းနံပါတ် ၀၆၇၃၄၁၂၄၄၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဒေသခွဲဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

* ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ
ထိုသို့ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာတွင် နှစ်နိုင်ငံနယ်စပ်ဂိတ်များမှတစ်ဆင့် ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများကို စနစ်တကျစိစစ်၍ လားရှိုးမြို့အထိ မော်တော်ယာဉ်များဖြင့် လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိသည်။ လားရှိုးမြို့မှတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မြန်မာ့မီးရထားဖြင့် မေ ၆ ရက်မှစတင်၍ ပို့ဆောင်ပေးလျက်ရှိရာ ဇွန် ၇ရက်အထိ နေရပ်ပြန် ပြည်သူ အမျိုးသား ၅၈၉၃ ဦး၊ အမျိုးသမီး ၃၄၇၈ ဦး စုစုပေါင်း ၉၃၇၁ ဦး တို့အား လွှဲပြောင်း ပို့ဆောင်ပေးနိုင်ခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

## ရှမ်းပြည်နယ်မှ သီးနှံထွက်ကုန်များအား သမဝါယမကဏ္ဍက ကူညီဆောင်ရွက်ပေး

မြစ်ကြီးနား ဇွန် ၇

ကိုဗစ်-၁၉ အခြေအနေကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်းမြို့နယ် တီကျစ်ကျေးရွာရှိ ဒေသခံတောင်သူများ စိုက်ပျိုးထွက်ရှိသည့် သီးနှံထွက်ကုန်များကိုဈေးကွက်သို့ တင်ပို့ရောင်းချရန် အခက်အခဲဖြစ်ပေါ်လျက်ရှိရာ သမဝါယမကဏ္ဍက အချင်းချင်းချိတ်ဆက်၍ ကူညီဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကချင်ပြည်နယ်သမဝါယမအသင်းစုချုပ်က ဇွန် ၄ ရက်တွင် ကယားပြည်နယ် သမဝါယမအသင်းစုချုပ်နှင့် ဆက်သွယ်ညှိနှိုင်း၍ သီးနှံစိုက်ပျိုးသောတောင်သူများထံမှ ဂေါ်ဖီထုပ် အထုပ်ရေ ၆၆၀၀ အား ဝယ်ယူ၍ ကချင်ပြည်နယ် မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်၊ တနိုင်း၊ မြစ်ကြီးနား၊ ဝိုင်းမော်မြို့နယ်များရှိ သမဝါယမအသင်းသားပြည်သူများထံသို့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



❍ ကျောဖုံးမှ
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတကာ ခရီးသည်တင်လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးလေယာဉ်များ၊ အထူးလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ မြန်မာနိုင်ငံသားစုစုပေါင်း ၃၁၉၂ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# လစ်ဗျားနိုင်ငံဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစီမံချက် အီဂျစ်သမ္မတ အယ်လ်စီစီ အဆိုပြု



**ကိုင်ရို ဇွန် ၇**

အီဂျစ်သမ္မတ အယ်လ်စီစီက လစ်ဗျားနိုင်ငံရှိ စစ်မက်ဖြစ်ပွားနေသော အဖွဲ့အစည်းများအတွက် ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေး စီမံချက်တစ်ရပ်ကို ဇွန် ၈ ရက်မှစပြီးအကောင်အထည်ဖော်ရန် အဆိုပြုလိုက်သည်။ မူအမ်ဘာကဒါဖီကို ရာထူးမှဖြုတ်ချခဲ့သည့် ၂၀၁၁ ခုနှစ်နောက်ပိုင်း လစ်ဗျားနိုင်ငံတွင် ဝရုန်း သုန်းကားအခြေအနေ ဖြစ်ပွားလျက်ရှိသည်။

လစ်ဗျားနိုင်ငံအနောက်ပိုင်းရှိ ကုလသမဂ္ဂအသိအမှတ်ပြု ယာယီအစိုးရကို သစ္စာခံသောတပ်ဖွဲ့များနှင့် ဗိုလ်ချုပ်ကြီး ကာလီဖာဟတ်ဖ်တာ ဦးဆောင်သော နိုင်ငံအရှေ့ပိုင်းအခြေစိုက် တပ်ဖွဲ့များကြား တိုက်ခိုက်မှု ဆက်လက်ဖြစ်ပွားခဲ့သည်။ အဆိုပါတပ်ဖွဲ့များကို မတူညီသော ကမ္ဘာ့နိုင်ငံများက ထောက်ခံကြသည်။ ပြီးခဲ့သည့်နှစ် ဧပြီလတွင် အရှေ့ပိုင်းတပ်ဖွဲ့များက ထိုးစစ်ဆင်မှု အရှိန်မြှင့်တင်ခဲ့ပြီး ထရီပိုလီမြို့တော်အနီးသို့ ချီတက်လာခဲ့သည်။ တူရကီနိုင်ငံက ကျောထောက်နောက်ခံပြုထားသည့် ယာယီအစိုးရက ယခုလအစောပိုင်းတွင် အခြေအနေကို ပြောင်းလဲပစ်ခဲ့ပြီး ထရီပိုလီမြို့တော်မှ တပ်ဖွဲ့များကို မောင်းထုတ်ပစ်ခဲ့သည်။

သမ္မတ အယ်လ်စီစီက ဇွန် ၆ ရက်တွင် ကိုင်ရိုမြို့တော်၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး စီမံချက်ကို ကြေညာခဲ့ပြီး ၎င်းနှင့်အတူ အီဂျစ်နှင့် ရုရှားနိုင်ငံတို့က ထောက်ခံသည့် အရှေ့ပိုင်းတပ်ဖွဲ့များ၏ တပ်မှူးဟတ်ဖ်တာလည်း အတူလိုက်ပါလာခဲ့သည်။ စီမံချက်အရ ငြိမ်းချမ်းရေးဆွေးနွေးရာတွင် ကုလသမဂ္ဂဦးဆောင်ရန် တောင်းဆိုထားကြောင်း အယ်လ်စီစီက ပြောကြားခဲ့ပြီး ဟတ်ဖ်တာကလည်း အဆိုပါစီမံချက်ကို ထောက်ခံကြောင်း ပြောကြားခဲ့သည်။ ထရီပိုလီမြို့တော်ရှိ ယာယီအစိုးရအဖွဲ့က တရားဝင်ကြေညာချက်တစ်ရပ် မထုတ်ပြန်သေးသလို အီဂျစ်သမ္မတကို စေ့စပ်ညှိနှိုင်းရေးမိတ်ဖက်တစ်ဦးအဖြစ် အသိအမှတ်မပြုပေ။

ကုလသမဂ္ဂက မကြာမီငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြန်လည်စတင်လိုသော်လည်း စစ်မက်ဖြစ်ပွားနေသော အဖွဲ့အစည်းများက စေ့စပ်ညှိနှိုင်းမှုများကို သဘောတူညီခြင်း ရှိ၊ မရှိနှင့် အခက်အခဲကျော်လွှားမှု ပြုလုပ်နိုင်ခြင်း ရှိ၊ မရှိ မသိရသေးပေ။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – ကျော်ထိုက်စိုး**

# အီရန်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၀၀၀၀ ကျော်ရှိ

**တီဟီရန် ဇွန် ၇**

အီရန်နိုင်ငံ၌ ယမန်နေ့ညပိုင်းတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၂၃၆၄ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်း အတည်ပြုခဲ့ပြီးနောက်တွင် နိုင်ငံတစ်ဝန်း၌ ယနေ့တွင် ယင်းဗိုင်းရပ်စ်ပိုးကူးစက်ခံရသူဦးရေမှာ ၁၇၁၇၈၉ ဦးအထိ တိုးမြင့်လာခဲ့ကြောင်း အီရန်အစိုးရပိုင် အိုင်အာရ်အန်အေ သတင်းဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။

အီရန်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးဌာနအကြီးအကဲ ကီရာနက် ဂျာဟန်ပါက ယနေ့တွင် နေ့စဉ်သတင်းထုတ်ပြန်မှု ပြုလုပ်ရာ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်းက ရောဂါပိုးကူးစက်ဖြစ်ပွားခဲ့သူများအနက် ၆၈၄ ဦးအား ဆေးရုံတင်ကုသမှုများ ပြုလုပ်နေကြောင်း ပြောကြားခဲ့သည်။

အီရန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် လတ်တလောတွင် သေဆုံးသူပေါင်း ၈၂၈၁ ဦးရှိခဲ့ပြီး ၎င်းတို့ထဲတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း သေဆုံးခဲ့သူ ၇၂ ဦးလည်း ပါဝင်သည်။

ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၁၃၄၃၄၉ ဦးတို့သည် ပြန်လည်ကျန်းမာလာခြင်းကြောင့် ဆေးရုံများမှ ဆင်းသွားကြပြီဖြစ်ပြီး လူနာ ၂၅၉၆ ဦးမှာ စိုးရိမ်ရသည့် အခြေအနေတွင် ရှိနေသေးကြောင်း ယနေ့အထိ လူပေါင်း ၁၀၈၈၇၅ ဦးအား ဗိုင်းရပ်စ်ပိုးကူးစက်ခံရခြင်း ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အီရန်ကျန်းမာရေးအာဏာပိုင်များက နိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများနှင့် လူမှုရေးဆိုင်ရာ လုပ်ဆောင်မှုများ ပြန်လည်စတင်နိုင်ရေးအတွက် အသွားအလာကန့်သတ်မှုများ စတင်လုပ်ဆောင်နေစဉ်တွင် ပြည်သူများအနေဖြင့် အများပြည်သူဆိုင်ရာ နေရာများနှင့် အထူးသဖြင့် အများပြည်သူ သယ်ယူပို့ဆောင်ရေးယာဉ်များ စီးနင်းရာ၌ နှာခေါင်းစည်းများ တပ်ဆင်ကြရန် တိုက်တွန်းနှိုးဆော်မှုများ ပြုလုပ်နေသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဇော်ဝင်း**






# ဗင်နီဇွဲလားနိုင်ငံက တရုတ်နိုင်ငံထံမှ ဆဌမအသုတ် လူသားချင်းစာနာထောက်ထားမှု အကူအညီရရှိ

**ကရာကတ်စ် ဇွန် ၇**

ဗင်နီဇွဲလားနိုင်ငံသည် ယမန်နေ့က တရုတ်နိုင်ငံထံမှ လူသားချင်းစာနာထောက်ထားမှုအကူအညီ တန်ချိန် ၈၀ ခန့် လက်ခံရရှိခဲ့ရာ ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ချိန်နောက်ပိုင်း ဆဌမအကြိမ် အကူအညီရရှိမှု ဖြစ်လာခဲ့သည်။

“ဗင်နီဇွဲလားနိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ဖို့ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ခဲ့တဲ့ တရုတ်သမ္မတ ရှီကျင့်ဖျင်နဲ့ တရုတ်ပြည်သူတွေကို ကိုယ်စားပြုတဲ့ တရုတ်သံအမတ်ကြီးကို ကျေးဇူးတင်ပါတယ်” ဟု ဒုတိယသမ္မတ ဒယ်လ်စီရိုဒရီဂွက်ဇ်က ကရာကတ်စ်မြို့တော်ရှိ ဆိုင်မွန်ဘိုလီဗာ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပြောကြားခဲ့သည်။ အကူအညီပို့ဆောင်မှုနှင့်အတူ နှစ်နိုင်ငံဆက်ဆံရေး ခိုင်မာစေမည့် သမိုင်းဝင်ခြေလှမ်းတစ်ရပ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခုပေးအပ်သည့် အကူအညီတွင် ရောဂါအမြန်စစ်ဆေးရေးကိရိယာ ၈၀၀ ကျော်နှင့် ကိုဗစ်-၁၉ ရောဂါ ခြေရာခံနည်းပညာပါ ကိရိယာများက မဟာဗျူဟာမြောက် နှစ်နိုင်ငံဆက်ဆံရေး တည်ဆောက်ရာတွင် သမိုင်းဝင်ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ပေးပို့သည့်အကူအညီတွင် ကျန်းမာရေးဆိုင်ရာ ကိရိယာများ၊ ကျန်းမာရေးလုပ်သားများအတွက် တစ်ကိုယ်ရေအကာအကွယ်ဝတ်စုံများနှင့် နှာခေါင်းစည်း နှစ်သန်းပါဝင်သည်။ တရုတ်နိုင်ငံထံမှ အကူအညီ တန်ချိန် ၃၀၀ ခန့် လက်ခံရရှိခဲ့ပြီးဖြစ်ကြောင်း ဗင်နီဇွဲလားအစိုးရက အတည်ပြုခဲ့သည်။ သမ္မတမာဒူရိုနှင့် သမ္မတရှီကျင့်ဖျင်တို့ကြား သဘောတူညီချက်များ အကောင်အထည်ဖော်ဆောင်ရာတွင် နှစ်နိုင်ငံစလုံး၏ အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း ဗင်နီဇွဲလားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး လီပေါင်ယောင်က ပြောသည်။

ဇွန် ၆ ရက်အထိ ဗင်နီဇွဲလားနိုင်ငံတွင် ရောဂါစမ်းသပ်မှု အကြိမ်တစ်သန်းကျော် လုပ်ဆောင်ခဲ့ရာ ဓာတ်ခွဲအတည်ပြုလူနာ ၂၃၀၀ ကျော် တွေ့ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – ကျော်ထိုက်စိုး**

# ယီမင်နိုင်ငံအလယ်ပိုင်း၌ အစိုးရတပ်ဖွဲ့နှင့် ဟူသီသူပုန်များတိုက်ခိုက်မှုဖြစ်ပွား ဟူသီသူပုန်ကိုးဦးနှင့် အစိုးရတပ်ဖွဲ့ဝင်သုံးဦး သေဆုံး

**ဆာနား ဇွန် ၇**

ယီမင်နိုင်ငံအလယ်ပိုင်းရှိ မာရစ်ဘ်ပြည်နယ်တွင် ယမန်နေ့ညပိုင်းက အစိုးရတပ်ဖွဲ့များနှင့် ဟူသီသူပုန်များ တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ နှစ်ဖက်တပ်ဖွဲ့များမှ တိုက်ခိုက်ရေးသမား ၁၁ ဦးထက်မနည်းသေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူအများအပြားရှိခဲ့ကြောင်း ယီမင်အစိုးရလုံခြုံရေးတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ယနေ့ ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် မာရစ်ဘ်ပြည်နယ်အနောက်ပိုင်းရှိ မက်နာခရိုင်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဟူသီသူပုန်ကိုးဦးထက်မနည်းနှင့် အစိုးရတပ်ဖွဲ့ဝင်သုံးဦးတို့ သေဆုံးခဲ့သည်ဟု မာရစ်ဘ်ပြည်နယ်မှ အမည်ဖော်ပြခြင်းမရှိသည့် တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ထိုစဉ်အတွင်းတွင် ဟူသီသူပုန်အဖွဲ့၏ အယ်လ်မာဆီယာ ရုပ်မြင်သံကြားဌာနမှ သတင်းထုတ်လွှင့်ရာတွင် ဆော်ဒီအာရေဗျနိုင်ငံက ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့က မက်နာခရိုင်အတွင်းရှိ ဟူသီသူပုန်တပ်ဖွဲ့များ၏ စခန်းများအား ယမန်နေ့ညပိုင်းတွင် လေကြောင်းမှ စီးနင်းတိုက်ခိုက်မှု ၁၄ ကြိမ်ပြုလုပ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ဟူသီသူပုန်အဖွဲ့ပိုင် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ချက်နှင့်ပတ်သက်၍ ဆော်ဒီဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့က မှတ်ချက်ပြုပြောကြား ခြင်းမရှိပေ။

၂၀၁၅ ခုနှစ်ကုန်ပိုင်းတွင် ယီမင်အစိုးရတပ်ဖွဲ့များက ဟူသီသူပုန်များထံမှ မာရစ်ဘ်ပြည်နယ်အား ပြန်လည်သိမ်းယူခဲ့ပြီး နယ်မြေဒေသအများစုကို ထိန်းချုပ်ထားခဲ့ပြီးဖြစ်သည်။

ယီမင်နိုင်ငံတွင် ၂၀၁၄ ခုနှစ်အတွင်းက ပြည်တွင်းစစ် စတင်ဖြစ်ပွားခဲ့ပြီး အီရန်နိုင်ငံမှ ထောက်ခံသည့် ဟူသီသူပုန်တပ်ဖွဲ့များက နိုင်ငံမြောက်ပိုင်းနယ်မြေအများအပြားကို သိမ်းယူထားခဲ့ကာ ဆော်ဒီအာရေဗျနိုင်ငံမှ ထောက်ခံမှုပေးထားသည့် ယီမင်သမ္မတ မန်ဆောဟာဒီ အစိုးရအဖွဲ့အား မြို့တော်ဆာနားမှ နှင်ထုတ်ခဲ့သည်။

ဆော်ဒီအာရေဗျဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့များသည် ၂၀၁၅ ခုနှစ်အစောပိုင်းမှစတင်ကာ ယီမင်ပြည်တွင်းစစ်တွင် ပါဝင်ပတ်သက်ကာ သမ္မတဟာဒီအား ထောက်ပံ့မှုပေးခဲ့သည်။

သက်တမ်းငါးနှစ်ရှိပြီဖြစ်သည့် ယီမင်ပြည်တွင်းစစ်သည်ပေါင်း သန်း ၂၀ ကျော်အား ငတ်မွတ်ခေါင်းပါးခြင်း ချောက်ကမ်းပါးသို့ တွန်းပို့ခဲ့သည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – ဇော်ဝင်း**

■

# ချေးငွေပြန်လည်ပေးချေမည့် နိုင်ငံများနှင့်ဒေသများအား တရုတ်နိုင်ငံက ယာယီဆိုင်းငံ့ပေးထား

**ပေကျင်း ဇွန် ၇**

တရုတ်နိုင်ငံထံမှ ချေးငွေများရယူထားသည့် ဖွံ့ဖြိုးဆဲနိုင်ငံနှင့်ဒေသ စုစုပေါင်း ၇၇ ခုတို့အား ချေးငွေများ ပြန်လည်ပေးချေမည့်အချိန်ကို တရုတ်နိုင်ငံက ယာယီဆိုင်းငံ့ပေးထားကြောင်း ယနေ့ကြေညာလိုက်သည်။

ဝင်ငွေနည်းပါးသော နိုင်ငံများအတွက် ဂျီ-၂၀ ချေးငွေသက်သာချောင်ချိရေးဆိုင်ရာ ကနဦးလုပ်ဆောင်ချက်တစ်ရပ်ကို တရုတ်နိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် ၎င်းအားချေးငွေပြန်လည်ဆပ်ရမည့် နိုင်ငံများကို ချေးငွေပြန်ဆပ်မည့်အချိန်ကို ယာယီဆိုင်းငံ့ထားလျက်ရှိကြောင်း သိရသည်။

ကမ္ဘာ့နိုင်ငံများအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဆိုးကြီး ကူးစက်ပျံ့နှံ့မှုကို တားဆီးကာကွယ်ရေးဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကို ထောက်ပံ့ပေးသွားမည်ဖြစ်သည်ဟု တရုတ်အစိုးရက မေလတွင် ကြေညာခဲ့သည်။

အဆိုပါထောက်ပံ့ငွေတွင် ဆေးဝါးထောက်ပံ့မှုများအတွက်သာမက စီးပွားရေးအခြေအနေ ပြန်လည်ဦးမော့လာစေရန်အတွက်ပါ ရည်ရွယ်ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဒုတိယဝန်ကြီး မာကျောင်းရှူက ယနေ့ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

ထို့ပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ဘက်ပေါင်းစုံငွေကြေးသုံးစွဲမှုအတွက် အမေရိကန်ဒေါ်လာ သန်း ၅၀ ခန့်ကို တရုတ်နိုင်ငံက ထောက်ပံ့ပေးခဲ့ကြောင်းနှင့် ကာကွယ်ဆေးအတွက် ကမ္ဘာလုံးဆိုင်ရာမဟာမိတ်အဖွဲ့အပါအဝင် ကမ္ဘာ့အဖွဲ့ အစည်းများအားထောက်ပံ့မှု အများအပြားပေးခဲ့ကြောင်း တရုတ်နိုင်ငံခြားရေး ဒုတိယဝန်ကြီး မာကျောင်းရှူက ဆိုသည်။

တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကြံ့ခိုင်ရေးနှင့်တုံ့ပြန်မှုရန်ပုံငွေအဖွဲ့တွင်လည်း တက်ကြွစွာပါဝင်လျက်ရှိကြောင်း မာကျောင်းရှူက ဆက်လက်ပြောကြားသည်။

ထို့ပြင် အာဖရိက၌ ဆေးရုံပေါင်း ၃၀ တည်ဆောက်ရေးတွင် စက်ကိရိယာများကို ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း ၎င်းကဆိုသည်။

**ကိုးကား- ဂလိုဘယ်တိုင်းမ်**

**ဘာသာပြန်- အောင်ကျော်ကျော်**




တရုတ်နိုင်ငံခြားရေးဒုတိယဝန်ကြီး မာကျောင်းရှူ



# ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးတစ်ဦး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရ

**ဒါကာ ဇွန် ၇**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်း တောင်တန်းဒေသရေးရာဝန်ကြီး ဘာဗဟာဒူးဦးရွှေဆင်းတွင် ကိုဗစ်-၁၉ ရောဂါစမ်းသပ်တွေ့ရှိပြီးနောက် ဆေးကုသမှုပေးရန် စစ်ဆေးရုံတစ်ခုသို့ ပို့ဆောင်လိုက်ကြောင်း သိရသည်။

ဝန်ကြီး ဦးရွှေဆင်းကို ရဟတ်ယာဉ်တစ်စင်းဖြင့် ဘန်ဒါဘန်ခရိုင်မှ ဒါကာမြို့တော်ရှိ စစ်ဆေးရုံတစ်ခုသို့ ပို့ဆောင်ခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်တပ်မတော် ပြည်သူ့ဆက်ဆံရေးဌာနမှ ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီး အဗ္ဗဒူလာဂျာယတ်က ဒါကာထရီဗျူးသို့ အတည်ပြုပြောကြားခဲ့သည်။

စစ်တကောင်း တောင်တန်းဒေသရေးရာဝန်ကြီးတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး စမ်းသပ်တွေ့ရှိခဲ့ကြောင်း ကေ့ဘဇား ဆေးကောလိပ်မှ ကျောင်းအုပ်ကြီး ဒေါက်တာအနူပွမ် ဘာရူအာက ယမန်နေ့ အစောပိုင်းတွင် အတည်ပြုခဲ့သည်။

"ဝန်ကြီးက ကျန်းမာရေးကောင်းမွန်ပါတယ်" ဟု ဘန်ဒါဘန်ခရိုင် ခွဲစိတ်ဆရာဝန် ဒေါက်တာအောင်ဆွေဖြူက ပြောကြားသည်။

လက်ရှိအချိန်ထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် လူ ၈၀၀ ကျော်သေဆုံးခဲ့ပြီး တစ်ကမ္ဘာလုံးတွင် သေဆုံးသူ လေးသိန်းနီးပါးရှိကြောင်း သိရသည်။

**ကိုးကား- ဒါကာထရီဗျူး**

**ဘာသာပြန်- ကျော်ထိုက်စိုး**

# ကွန်ဂို၌ ကလေးငယ်များသေဆုံးခဲ့သည့် တိုက်ခိုက်မှုအပေါ် ယူနီဆက်ပြစ်တင်ပြောကြား

**ကုလသမဂ္ဂ ဇွန် ၇**

ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်)သည် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံမြောက်ပိုင်းတွင် အသက် ၁၅ နှစ်အောက်မိန်းကလေးငါးဦးအပါအဝင် ၁၆ ဦးသေဆုံးခဲ့သည့် တိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ခြင်းအပေါ် ယမန်နေ့တွင် ပြစ်တင်ပြောကြားခဲ့သည်။

"အပြစ်မဲ့တဲ့ ကလေးငယ်တွေသေဆုံးခဲ့ရတဲ့ တိုက်ခိုက်မှုအပေါ် ပြစ်တင်ရှုတ်ချပါတယ်"ဟု ကွန်ဂိုနိုင်ငံဆိုင်ရာ ယူနီဆက်ကိုယ်စားလှယ် ဘေ့ဂျ်ဘီဒါက ပြောကြားခဲ့သည်။ အဆိုပါတိုက်ခိုက်မှုသည် အီတူရီပြည်နယ်၏မြို့တော် ဘူနီယာမြောက်ပိုင်း ဒီဂျူဂူဒေသရှိ မိုယက်ဆာကျေးရွာ၌ ဇွန် ၃ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ကုလသမဂ္ဂက စိစစ်အတည်ပြုခဲ့သည့် ထုတ်ပြန်ချက်တစ်ရက်တွင် ဖော်ပြထားသည်။

တိုက်ခိုက်ခံရသူများမှာ အဆိုပါကျေးရွာသို့ ပြန်လာကြသည့် တရားဝင်ရွှေ့ပြောင်းနေထိုင်သူများဖြစ်ပြီး သေနတ်ဖြင့်ပစ်ခတ်မှုနှင့် ဓားဖြင့်တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် လူအများအပြားမှာ နီးစပ်ရာကျေးရွာများတွင် ခိုလှုံရန်ထွက်ပြေးခဲ့ရကြောင်း ယူနီဆက်က ပြောကြားခဲ့သည်။

ယခုနှစ်အစပိုင်းမှစတင်ကာ အီတူရီပြည်နယ်တွင် အကြမ်းဖက်မှုများ ဖြစ်ပွားနေခြင်းကြောင့် လူဦးရေ ၃၀၀ ကျော် သေဆုံးခဲ့ရပြီးဖြစ်ကြောင်းလည်း သိရသည်။

အီတူရီပြည်နယ်ရှိ ဒီဂျူဂူ၊ မာဟာဂီနှင့် အီရူမူဒေသများတွင် ပြင်းထန်သည့် အကြမ်းဖက်မှုများ ဖြစ်ပွားခြင်းကြောင့် ကလေးငယ်အများစုအပါအဝင် လူပေါင်းနှစ်သိန်းကျော် ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်းလည်း သိရသည်။

ကုလသမဂ္ဂအထူးအေဂျင်စီက အဆိုပါဒေသများ၏ လုံခြုံရေးအခြေအနေမှာ ဆိုးရွားနေပြီဖြစ်ကြောင်းနှင့် ယင်းပြဿနာကို တားဆီးရေး အဆောတလျင်ဆောင်ရွက်ရန် ကွန်ဂိုအစိုးရနှင့် နိုင်ငံတကာအသိုက်အဝန်းကိုလည်း တိုက်တွန်းခဲ့ကြောင်း သိရသည်။ ထို့ပြင် မိမိတို့အနေဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခွင့်အရေးကို အလေးထားရန်လည်း အဖွဲ့အစည်းအားလုံးကို တောင်းဆိုပါကြောင်း ကွန်ဂိုနိုင်ငံဆိုင်ရာ ယူနီဆက်ဖ်ကိုယ်စားလှယ်က ပြောကြားခဲ့သည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အလင်းသစ်**






# အိုပက်၊ ရုရှားနှင့် မဟာမိတ်နိုင်ငံများက ဇူလိုင်လကုန်အထိ ရေနံထုတ်လုပ်မှုလျှော့ချရေး တိုးမြှင့်ဆောင်ရွက်မည်

**ဗီယင်နာ ဇွန် ၇**

ရေနံတင်ပို့သည့်နိုင်ငံများအဖွဲ့(အိုပက်)၊ ရုရှားနှင့် အခြားသောမဟာမိတ်ပြုထားသည့် ရေနံထုတ်လုပ်သည့်နိုင်ငံများသည် ၎င်းတို့၏ ရေနံထုတ်လုပ်မှုအား ကမ္ဘာလုံးဆိုင်ရာ ရောင်းလိုအား၏ ၁၀ ရာခိုင်နှုန်းနီးပါးအထိ လျှော့ချရေးဆောင်ရွက်ချက်ကို ဇူလိုင်လကုန်အထိ တိုးမြှင့်ဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရေနံဝယ်လိုအား ကျဆင်းနေချိန်တွင် မေလမှ ဇွန်လအထိ တစ်ရက်လျှင် ရေနံစည် ၉ ဒသမ ၇ သန်း ထုတ်လုပ်ခြင်းဖြင့် ရေနံစိမ်းထုတ်လုပ်မှုကို လျှော့ချရန် အိုပက်၊ ရုရှားနှင့် အခြားသောမဟာမိတ်ပြုထားသည့် ရေနံထုတ်လုပ်သည့် နိုင်ငံများက သဘောတူညီခဲ့ခြင်း ဖြစ်သည်။

သို့ရာတွင် ယနေ့တွင် ပြုလုပ်သည့် ဗီဒီယိုကွန်ဖရင့်တွင် ရေနံထုတ်လုပ်မှု လျှော့ချရေးကို နောက်ထပ်တစ်လ တိုးမြှင့်ဆောင်ရွက်ရန် စွမ်းအင်ဝန်ကြီးများက သဘောတူညီခဲ့ကြသည်။ ရေနံထုတ်လုပ်သည့် နိုင်ငံများကမူ ရောင်းလိုအားကို လျှော့ချခြင်းဖြင့် ဈေးနှုန်းကို အထောက်အပံ့ဖြစ်စေရေး မျှော်လင့်လျက်ရှိသည်။ သို့ရာတွင် နိုင်ငံတချို့ကမူ ကန့်သတ်ထားသည့် ပမာဏထက် ကျော်လွန်ကာ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးလုပ်ငန်းများ တဖြည်းဖြည်း ပြန်လည်စတင်နေပြီဖြစ်သော်လည်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု ပြန်လည်ဖြစ်ပွားလာမည့်စိုးရိမ်မှုများမှာ ဆက်လက်ရှိနေဆဲဖြစ်သည်။ ထို့ကြောင့် ရေနံထုတ်လုပ်မှုလျှော့ချရေးကို ရေနံဝယ်လိုအားပြန်လည်မြင့်တက်လာချိန်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အလင်းသစ်**

# ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အကာအကွယ်ပေးရေးပစ္စည်းများ ပေးပို့ခဲ့ဟုဆို

**ပေကျင်း ဇွန် ၇**

တရုတ်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးအကူအညီပေးရန်အတွက် မတ် ၁ ရက်မှစတင်ကာ မေ ၃၁ ရက်အထိ ဒေသနှင့် နိုင်ငံပေါင်း ၂၀၀ သို့ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အကာအကွယ်ပစ္စည်းများ ပေးပို့ခဲ့ကြောင်း တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီပြန်ကြားရေးရုံးမှ ယနေ့ထုတ်ပြန်သည့် စက္ကူဖြူ စာတမ်းတစ်စောင်တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံက တင်ပို့ခဲ့သည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အကာအကွယ်ပေးရေးပစ္စည်းများသည် ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ခံရသည့်နိုင်ငံများ၏ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအတွက် အထောက်အပံ့ ဖြစ်စေရန် ဖြည့်စွမ်းပေးခဲ့ခြင်းဖြစ်ကြောင်းလည်း Fighting Covid-19: China in Action အမည်ရှိ စက္ကူဖြူစာတမ်းတွင် ဖော်ပြထားသည်။

အဆိုပါကိုဗစ်-၁၉ ရောဂါဆိုင်ရာ အကာအကွယ်ပေးရေးပစ္စည်းများတွင် နှာခေါင်းစည်း ၇၀ ဒသမ ၆ ဘီလီယံကျော်၊ အကာအကွယ်ဝတ်စုံ သန်း ၃၄၀၊ ဆေးမျက်မှန် ၁၁၅ သန်း၊ စမ်းသပ်စစ်ဆေးရေးပစ္စည်း ၂၂၅ သန်း၊ အပူချိန်တိုင်းကိရိယာ ၄၀ ဒသမ ၂၉ သန်းတို့ ပါဝင်ကြောင်း အဆိုပါစက္ကူဖြူစာတမ်းတွင် ဖော်ပြထားသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-အလင်းသစ်



# ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်နိုင်သည့်အတွက် အသွားအလာကန့်သတ်မှု ထပ်မံဖြေလျှော့မည်ဟု မလေးရှားဝန်ကြီးချုပ် ကြေညာ

**ကွာလာလမ်ပူ ဇွန် ၇**

မလေးရှားနိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ခဲ့သည့်အတွက် လူမှုရေး၊ ပညာရေးနှင့် စီးပွားရေးလုပ်ငန်း အားလုံးနီးပါးပြန်လည်စတင်နိုင်ရန် အသွားအလာကန့်သတ်မှုအစီအမံများကို နောက်ထပ်ဖြေလျှော့သွားမည်ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် မူဟစ်ဒင်ယာဆင်က ယနေ့ပြောကြားသည်။




နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းသိမ်းထားပြီး ပြည်သူများအား ပို၍လွတ်လပ်မှုပေးရန် အသွားအလာကန့်သတ်မှုကို ဇွန် ၁၀ ရက်မှစ၍ ဖြေလျှော့သွားမည်ဖြစ်ကြောင်း မူဟစ်ဒင်ယာဆင်က ကြေညာသည်။ မလေးရှားအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် အသွားအလာကန့်သတ်မှုကို မတ် ၁၈ ရက်ကတည်းက ချမှတ်ထားသည်။ သို့သော် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထိန်းချုပ်နိုင်သောကြောင့် ယင်းကန့်သတ်မှု ဖြေလျှော့ရေးအစီအစဉ်ကို မေ ၄ ရက်ကစပြီး အကောင်အထည်ဖော်လျက်ရှိပြီး ဇွန် ၉ ရက်တွင် အပြီးသတ်ရန် စီစဉ်ထားသည်။

အသွားအလာကန့်သတ်မှု အကောင်အထည်ဖော်ခဲ့ပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုနှုန်း ကျဆင်းလာခဲ့ကြောင်း၊ မလေးရှားပြည်သူများအကြား ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုသည် ကျဆင်းလာခဲ့သလို ယခုအခါ ယင်းရောဂါ ကူးစက်မှုကို ထိန်းချုပ်နိုင်ခဲ့ကြောင်း၊ မကြာသေးမီက ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများသည် ထိန်းသိမ်းရေးစခန်းတွင် ထိန်းသိမ်းထားသော တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများမှတစ်ဆင့် ကူးစက်ခြင်းဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ဤဖြစ်စဉ်က မလေးရှားအစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို အောင်မြင်စွာ ထိန်းချုပ်နိုင်မှုကို ပြသထားပြီး ယခုအခါ အသွားအလာကန့်သတ်မှုအစီအမံ ဖြေလျှော့မည့်အဆင့်သို့ ဝင်ရောက်နေပြီဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

အဆိုပါ အသွားအလာကန့်သတ်မှု ဖြေလျှော့ရေးအစီအစဉ်အရ ပြည်တွင်းခရီးသွားလာမှုနှင့် ပြည်တွင်းခရီးသွားလုပ်ငန်းများကို ခွင့်ပြုမည်ဖြစ်သလို လူမှုရေး၊ ပညာရေး၊ ဘာသာရေးဆိုင်ရာ လှုပ်ရှားမှုများနှင့် စီးပွားရေးလုပ်ငန်း အားလုံးနီးပါးကိုလည်း အစိုးရကချမှတ်ထားသည့် တင်းကျပ်သော လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းလည်ပတ်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် စာသင်ကျောင်းများကို တဖြည်းဖြည်း ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ယင်းကိစ္စနှင့်ပတ်သက်၍ ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်ချက်များကို အသေးစိတ်ကြေညာမည်ဖြစ်သည်။

သို့သော် အရက်အဖျော်ယမကာဆိုင်များ၊ နိုက်ကလပ်များ၊ ဖျော်ဖြေရေးစင်တာများ၊ ပန်းခြံများ၊ အနှိပ်ခန်းများနှင့် အားကစားစင်တာများ၊ လူစုလူဝေးဖြစ်စေနိုင်သည့် လှုပ်ရှားမှုများကိုမူ တားမြစ်ထားမည်ဖြစ်ကြောင်း၊ ထို့အတူ လူစုလူဝေးဖြစ်စေသည့် ဘောလုံးပွဲကဲ့သို့သော အားကစားပွဲများကိုလည်း ဆက်လက်တားမြစ်ထားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် နယ်စပ်မှ အဝင်အထွက်ကိုလည်း ဆက်လက် ထိန်းချုပ်ထားမည်ဖြစ်သည်။ မလေးရှားအစိုးရသည် ကိုဗစ်-၁၉ ကူးစက်မှု ထိန်းချုပ်ရန် အသွားအလာကန့်သတ်မှု အကောင်အထည်ဖော်ခဲ့ပြီးနောက် နိုင်ငံသားများကို ပြည်ပသို့ ထွက်ခွာခြင်းမှ တားမြစ်ပိတ်ပင်ထားသလို နိုင်ငံခြားသားများကိုလည်း နိုင်ငံအတွင်းသို့ ဝင်ရောက်ခြင်းမှ တားမြစ်ထားသည်။

အသစ်ပြဋ္ဌာန်းထားသည့် အသွားအလာဖြေလျှော့ရေးအစီအမံများသည် ဩဂုတ်လ ၃၁ ရက်အထိ အကျုံးဝင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ထပ်လောင်းပြောကြားသည်။

မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉ ဦး ယနေ့ထပ်မံတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူပေါင်း ၈၃၂၂ ဦး ရှိလာကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - ဂျေတီ

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ဆိုင်ရာနောက်ဆုံး အခြေအနေ**

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၇၀၁၃၉၀၉ ဦး

သေဆုံးသူ ၄၀၂၇၅၄ ဦး

ပြန်လည်ကျန်းမာလာသူ ၃၄၃၁၄၆၅ ဦး

# အိန္ဒိယ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၉၇၁ ဦး စံချိန်တင် စမ်းသပ်တွေ့ရှိပြီး ရောဂါကူးစက်ခံရသူ ၂၅၄၂၄၂ ဦးရှိလာ

**နယူးဒေလီ ဇွန် ၇**

အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၂၈၇ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၆၉၂၉ ဦး ရှိလာကြောင်း၊ ထို့အတူ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၉၇၁ ဦး စံချိန်တင်တွေ့ရှိခဲ့ရာ အိန္ဒိယ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၅၄၂၄၂ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ ယနေ့ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုပမာဏသည် နိုင်ငံအတွင်း စတင်တွေ့ရှိခဲ့ချိန်ကတည်းက တစ်ရက်အတွင်း ရောဂါကူးစက်မှုနှုန်း အများဆုံးဖြစ်လာခဲ့ပြီး ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံးထိခိုက်သွားသည့် နိုင်ငံများအနက် ဆဋ္ဌမနေရာတွင် ရပ်တည်လာခဲ့ကြောင်း သိရသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၁၂၂၇၃၈ ဦးသည် ရောဂါကင်းစင်ပြီး ဆေးရုံများမှ ပြန်ဆင်းသွားကြောင်း၊ အိန္ဒိယနိုင်ငံ၌ ယခုလက်ရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၂၄၃၈၇ ဦးသာ ကျန်ရှိတော့ကြောင်းနှင့် သေဆုံးသူဦးရေမှာ လက်ရှိတွင် ၇၁၁၇ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယဝန်ကြီးချုပ် နရန်ဒရာမိုဒီသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် မတ် ၂၅ ရက်က တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသွားအလာကန့်သတ်မှုချမှတ်ကြောင်း ကြေညာထားသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - ဂျေတီ




# ရေတွင်းထဲ၌ ခြောက်ရက်ကြာ ပိတ်မိခဲ့သည့် ဗြိတိန်နိုင်ငံသားအား အောင်မြင်စွာ ကယ်တင်နိုင်ခဲ့

**ဘာလီ ဇွန် ၇**

အင်ဒိုနီးရှားနိုင်ငံ၏ အပန်းဖြေစခန်းတစ်ခုဖြစ်သည့် ဘာလီကျွန်းရှိ ရေတွင်းတစ်ခုထဲ၌ ခြောက်ရက်ကြာ ပိတ်မိနေသော ဗြိတိန်နိုင်ငံသားတစ်ဦးအား ကယ်ဆယ်ရေးအဖွဲ့များက အောင်မြင်စွာ ကယ်တင်နိုင်ခဲ့ကြောင်း အင်ဒိုနီးရှားအာဏာပိုင်များက ယနေ့ပြောကြားသည်။

အသက် ၂၉ နှစ်အရွယ် ဗြိတိန်နိုင်ငံသား ဂျက်ကော့ဗ်ရောဘတ်ဆိုသူသည် ခွေးတစ်ကောင်၏ လိုက်ကိုက်မှုကို ရှောင်ရှားရန် ပြေးလွှားရင်း အဆိုပါ ရေတွင်းထဲသို့ မတော်တဆပြုတ်ကျခဲ့ခြင်းဖြစ်သည်။

ဘာလီကျွန်းရှိ ပီကာတူကျေးရွာမှ လယ်သမားတစ်ဦးက ရေတွင်းထဲမှ လူအော်သံကြားသည်ဟု သတိပေးခဲ့ပြီးနောက် ဒေသဆိုင်ရာကယ်ဆယ်ရေးအဖွဲ့က ဂျက်ကော့ဗ်ရောဘတ်ကို ကွန်ကရစ်ဖြင့် ဆောက်လုပ်ထားသော လေးမီတာခန့်နက်သည့် ရေတွင်းထဲမှ ဆွဲထုတ်ပြီး ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ဂျက်ကော့ဗ်ရောဘတ်၏အော်သံကို နွားစာကျွေးရန် ယင်းရေတွင်းအနီးသို့သွားသည့် ဒေသခံတစ်ဦးက ကြားရကြောင်း ဒေသဆိုင်ရာ ကူညီကယ်ဆယ်ရေးအဖွဲ့ခေါင်းဆောင် ဂျယ်ဒီဒါမဒါက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

ဂျက်ကော့ဗ်သည် ရေမရှိသောတွင်းဟောင်းထဲ ပြုတ်ကျစဉ် ကန်ဘောင်နှင့် တိုက်မိခဲ့သောကြောင့် ခြေထောက်ကျိုးသွားကြောင်း သိရသည်။

ဂျက်ကော့ဗ်သည် ၎င်းအား လိုက်ကိုက်သည့် ပီကာတူကျေးရွာမှ ခွေးတစ်ကောင်ကို ရှောင်ရှားရန် ကြိုးစားရင်း ရေတွင်းထဲပြုတ်ကျခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

"သူဟာပိန်သွားသလိုရှိပြီး ဒဏ်ရာလည်းရရှိသွားပါတယ်" ဟု တောင်ကူတာရဲတပ်ဖွဲ့အကြီးအကဲက ရောဘတ်အား ကယ်တင်ခဲ့ပြီးနောက် ပြောကြားသည်။ ဒေသဆိုင်ရာရဲတပ်ဖွဲ့သည် ဂျက်ကော့ဗ်ရောဘတ်ကို ဆေးဝါးကုသမှုခံယူရန်အတွက် နီးစပ်ရာ ဆေးရုံတစ်ရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

ကိုးကား - အေအက်ဖ်ပီ

ဘာသာပြန် - ဂျေတီ

## ဧရာဝတီဖောင်ဒေးရှင်းက မိဘမဲ့ကလေးငယ်များနှင့် အဘိုးအဘွားများအား လှူဒါန်း

**ရန်ကုန် ဇွန် ၇**

ဧရာဝတီဖောင်ဒေးရှင်းသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း အခက်အခဲအကျပ်အတည်းရှိနေသော မိဘမဲ့ကလေးငယ်များနှင့် အဘိုးအဘွားများအတွက် ယမန်နေ့နှင့် ယနေ့တို့တွင် ပရဟိတကျောင်း၊ မိဘမဲ့ကျောင်းနှင့် ဘိုးဘွားရိပ်သာများသို့ သွားရောက်ကာ လှူဒါန်းမှုများ ပြုလုပ်ခဲ့သည်။

ဧရာဝတီဖောင်ဒေးရှင်းဥက္ကဋ္ဌ၏သား ကိုရဲမာန်ဇော်၊ သမီး မအိမ့်မှူးဇော်နှင့် သူငယ်ချင်းများသည် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ထိန်နှစ်ပင်ကျေးရွာရှိ မျိုးဆက်သစ်ပရဟိတကျောင်းမှ မိဘမဲ့နို့စို့ကလေးအရွယ် ၃၃ ဦး၊ အသက် ၄နှစ်မှ ၆ နှစ်ကြား ကလေးငယ် ၆၈ ဦး၊ ကျောင်းသား ၄၂ ဦးနှင့် သံဃာတော်များအပါအဝင် စုစုပေါင်း ၁၅၂ ဦးအတွက် ဆန်၊ ဆီ၊ ကလေးနို့မှုန့်၊ ကလေးအရုပ်များနှင့် ငွေကျပ် ၁၀ သိန်း ကို ဆရာတော်ဦးဓမ္မနန္ဒထံသို့လည်းကောင်း၊ ရွှေပြည်သာ မြို့နယ် (၁၁) ရက်ကွက်ရှိ မေတ္တာရင်ခွင်မိဘမဲ့ကျောင်း (ခရစ်ယာန်ကျောင်း)ရှိ ကျောင်းသားနှင့် မွေးကင်းစကလေးငယ် စုစုပေါင်း ၇၁ ဦးအတွက် ဆန်၊ ဆီ၊ ကလေးနို့မှုန့်နှင့် ဗလာစာအုပ်များ၊ ငွေကျပ် ၁၀ သိန်းကို ဆရာမ ဒေါ်မာစီစောဒိမ်ထံသိုလည်းကောင်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) ချမ်းသာအောင်သီလရှင်ပညာရေးကျောင်းရှိ မိဘမဲ့ကလေးငယ် ၄၅ ဦး၊ သီလရှင် ၁၅ ပါးတို့အတွက် ဆန်၊ ဆီ၊ ဗလာစာအုပ်များနှင့် ငွေကျပ် ၁၂ သိန်းကို သီလရှင်ဆရာကြီး ဒေါ်သုဝဏ္ဏဉာဏီထံသို့လည်းကောင်း၊ ဒဂုံဆိပ်ကမ်းမြို့နယ် ကျီစုကျေးရွာရှိ YGW ထာဝရဘိုးဘွားရိပ်သာရှိ အဘိုးအဘွား ၃၄ ဦးအတွက် ဆန်၊ ဆီ၊ Ensure ဘူး (အာဟာရဖြည့်စွက်စာ)များနှင့် ငွေကျပ် ၁၄ သိန်း ခြောက်သောင်းတို့ကို ဆရာတော်ဦးဝိဇယထံသို့လည်းကောင်း လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်း-ရဲရင့်ရှိုင်း**
**ဓာတ်ပုံ- ကိုမိုး**





## မြဝတီမြို့ရှိ ဟိုတယ်နှင့်တည်းခိုခန်းများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ လိုက်လံစစ်ဆေး

**မြဝတီ ဇွန် ၇**

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ ဟိုတယ်နှင့်တည်းခိုခန်းများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ ယမန်နေ့က လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နေသည့်ကာလအတွင်း မရှိမဖြစ်လိုအပ်သည့် လုပ်ငန်းများ၊ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများနှင့် အများပြည်သူအတွက် လိုအပ်သောလုပ်ငန်းများအဖြစ် သတ်မှတ်ထားရှိသည့် လုပ်ငန်းများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ စစ်ဆေးမှုခံယူပြီး သတ်မှတ်ချက်၊ အကြံပြုချက်များနှင့် ကိုက်ညီမှသာ ပြန်လည်ဖွင့်လှစ်သွားရန် ညွှန်ကြားထားပြီးဖြစ်သည့်အတွက် ယခုကဲ့သို့ လိုက်လံစစ်ဆေးရခြင်းဖြစ်ကြောင်း မြဝတီခရိုင် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ယင်းသို့ စစ်ဆေးရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းစစ်ဆေးခြင်းဖြစ်သည်။

မြဝတီမြို့အနေဖြင့် လိုင်စင်ရယူထားသည့် ဟိုတယ် ၁၄ လုံးနှင့် စည်ပင်လိုင်စင်ရယူထားသည့် တည်းခိုခန်း ၆၄ ခုရှိပြီး ယနေ့တွင် ဟိုတယ် ငါးလုံးနှင့် တည်းခိုခန်း ခြောက်ခုတို့ကို လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်**
**(ပြန်/ဆက်)**

## ချင်းရွှေဟော် မြန်မာ-တရုတ် နယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူများ ထပ်မံဝင်ရောက်

**ချင်းရွှေဟော် ဇွန် ၇**

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ယမန်နေ့ ညနေ ၆ နာရီတွင် ၅၁ ဦးနှင့် ယနေ့ နံနက် ၁၀ နာရီခွဲတွင် ၅၁ ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၀၂ ဦးတို့ ထပ်မံဝင်ရောက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၁၀၂ ဦးမှာ အမျိုးသား ၆၀၊ အမျိုးသမီး ၄၂ ဦးဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးမှ ခုနစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၂၆ ဦး၊ မကွေးတိုင်းဒေသကြီးမှ ကိုးဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ တစ်ဦး၊ ကချင်ပြည်နယ်မှ သုံးဦး၊ ရှမ်းပြည်နယ်မှ ၅၁ ဦးနှင့် ရခိုင်ပြည်နယ်မှ ငါးဦးတို့ဖြစ်သည်။

ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင် ဦးဆောင်ပြီး ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၅၇၀၃ ဦးနှင့် အမျိုးသမီး ၄၂၆၁ ဦးတို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၉၉၆၄ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

## ဟိုပုံးမြို့၌ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် နေရပ်ပြန်ပြည်သူ ၈၈ ဦးအား အသွားအလာကန့်သတ်ထားရှိ

**ဟိုပုံး ဇွန် ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့တွင် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၈၈ ဦးသည် ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ဟိုပုံးမြို့သို့ရောက်ရှိခဲ့ပြီး နောင်တောင်းပရဟိတ ဘုန်းတော်ကြီးကျောင်းရှိ နောင်တောင်းမြရတနာ လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း အဆောက်အအုံ၌ အသွားအလာ ကန့်သတ်ထားရှိကြောင်း သိရသည်။

နေရပ်ပြန်ပြည်သူများကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ပရဟိတလူငယ်များက ကျန်းမာရေးစစ်ဆေးခြင်း၊ သတ်မှတ်အဆောင် အသီးသီးတွင် နေရာချထားပေးခြင်း၊ အသွားအလာကန့်သတ်ထားစဉ်လိုက်နာ ဆောင်ရွက်ရမည့် အချက်များ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ နေရပ်ပြန်ပြည်သူများသည် မြဝတီမြို့ အမှတ်(၂) ချစ်ကြည်ရေးတံတားမှဝင်ရောက်လာပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်လည်ပို့ဆောင်ခဲ့ကြောင်း၊ နေရပ်ပြန် ပြည်သူများတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ၇၆ ဦးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ၁၂ ဦး ဖြစ်ကြောင်း သိရသည်။ **နေမင်းထွန်း(ဟိုပုံး)**



## ပုဇွန်တောင်မြို့နယ် လမ်း (၅၀) Bachelor မိသားစုက ဒုတိယအကြိမ် အခြေခံစားသောက်ကုန်များ လှူဒါန်း

**ရန်ကုန် ဇွန် ၇**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ်(၁၀)ရပ်ကွက် လမ်း (၅၀) Bachelor မိသားစုက ပုဇွန်တောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပန်းဥယျာဉ်ဌာန၊ စီမံဌာန၊ သန့်ရှင်းရေးဌာန၊ မြို့နယ်ကျန်းမာရေး၊ မြို့နယ်ရဲတပ်ဖွဲ့၊ တိုင်းအရန်ရဲရိပ်သာကင်းအဖွဲ့တို့မှ ဝန်ထမ်းမိသားစုများနှင့် အနေးယာဉ်လုပ်သားများအား ကိုဗစ်-၁၉ ကာလအတွင်း ကူညီထောက်ပံ့ခြင်း အစီအစဉ်အဖြစ် ငွေကျပ် သိန်း၂၀ တန်ဖိုးရှိ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်တို့ကို ယနေ့ညနေပိုင်းတွင် လမ်း (၅၀) ထိပ်၌ ဒုတိယအကြိမ် လှူဒါန်းခဲ့သည်။

လှူဒါန်းပွဲတွင် ဦးဆောင်လှူဒါန်းသူ ဦးစိုးမြင့်က "ကိုဗစ်ကာလမတိုင်ခင်ကတည်းက ရပ်ကွက်အတွင်းမှာ အလှူရှင်တွေ စုပေါင်းပြီးတော့ လစဉ်စတုဒိသာ အကျွေးအမွေးများ လှူဒါန်းခဲ့တာ နှစ်နှစ်ရှိပါပြီ။ အခု ကိုဗစ်ကာလမှာလည်း မေ ၂၃ ရက်က အခြေခံစားသောက်ကုန်များကို ပထမအကြိမ်လှူဒါန်းပြီး အခု ဒုတိယအကြိမ် လှူဒါန်းခြင်းဖြစ်ပါတယ်။ နောက်ထပ်လှူဒါန်းသွားဖို့ အစီအစဉ်လည်းရှိပါတယ်"ဟု ပြောသည်။

**ဥမ္မာရီရီ**

## ဇွန် ၇ ရက်တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ နှစ်ဦး ထပ်မံတွေ့ရှိ၊ ရောဂါပိုးရှိသူ စုစုပေါင်း ၂၄၂ ဦးရှိသွားပြီ

**နေပြည်တော် ဇွန် ၇**

ယနေ့တွင် ကိုဗစ်–၁၉ ရောဂါပိုးတွေ့ရှိသူ နှစ်ဦးရှိပြီး ၎င်းတို့မှာ အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ တစ်ဦးနှင့် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ တစ်ဦးတို့ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရောဂါပိုးရှိသူ စုစုပေါင်း ၂၄၂ ဦး ရှိသွားပြီ ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၂၄၂ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၁၅၆ ဦး၊ ဆေးရုံမှဆင်းခွင့် ပြုခဲ့သူ ၁၃၆ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

**သတင်းစဉ်**

■

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၃၇၃၁၉ | ၂၄၂ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၅၆ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၅၃၃၈

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၁၃၆ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းအလိုက်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၈၈ | ၅ |
| ၂ | ချင်း | ၁၀ | |
| ၃ | စစ်ကိုင်း | ၉ | |
| ၄ | ပဲခူး | ၈ | ၁ |
| ၅ | မန္တလေး | ၃ | |
| ၆ | ရှမ်း(ရှေ့) | ၃ | |
| ၇ | ရှမ်း(တောင်) | ၃ | |
| ၈ | ရှမ်း(မြောက်) | ၃ | |
| ၉ | ရခိုင် | ၃ | |
| ၁၀ | မကွေး | ၃ | |
| ၁၁ | နေပြည်တော် | ၂ | |
| ၁၂ | ကရင် | ၂ | |
| ၁၃ | ဧရာဝတီ | ၂ | |
| ၁၄ | ကချင် | ၁ | |
| ၁၅ | တနင်္သာရီ | ၁ | |
| ၁၆ | မွန် | ၁ | |
| | စုစုပေါင်း | ၂၄၂ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၇-၆-၂၀၂၀ ရက်၊ ည(၈) နာရီ

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၁၉၉၀၀၀၄၆ | ၇၅၂၀၄၉ | ၁၁၂၁၁၃ |
| ဘရာဇီး | ၆၇၆၄၉၄ | ၃၀၂၀၈၄ | ၃၆၀၄၄ |
| ရုရှား | ၄၆၇၆၇၃ | ၂၂၆၇၃၁ | ၅၈၅၉ |
| စပိန် | ၂၈၈၃၉၀ | စိစစ်ဆဲ | ၂၇၁၃၅ |
| ဗြိတိန် | ၂၈၄၈၆၈ | စိစစ်ဆဲ | ၄၀၄၆၅ |
| အိန္ဒိယ | ၂၄၈၂၂၈ | ၁၁၉၄၁၅ | ၆၉၅၇ |
| အီတလီ | ၂၃၄၈၀၁ | ၁၆၅၀၇၈ | ၃၃၈၄၆ |
| ပီရူး | ၁၉၁၇၅၈ | ၈၂၇၃၁ | ၅၃၀၁ |
| ဂျာမနီ | ၁၈၅၇၃၂ | ၁၆၉၁၀၀ | ၈၇၇၀ |
| အီရန် | ၁၇၁၇၈၉ | ၁၃၄၃၄၉ | ၈၂၈၁ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၃၇၉၁၀ | ၂၄၅၅၉ | ၂၅ |
| အင်ဒိုနီးရှား | ၃၁၁၈၆ | ၁၀၄၉၈ | ၁၈၅၁ |
| ဖိလစ်ပိုင် | ၂၁၈၉၅ | ၄၅၃၀ | ၁၀၀၃ |
| မလေးရှား | ၈၃၂၂ | ၆၆၇၄ | ၁၁၇ |
| ထိုင်း | ၃၁၁၂ | ၂၉၇၂ | ၅၈ |
| ဗီယက်နမ် | ၃၂၉ | ၃၀၇ | ၀ |
| မြန်မာ | ၂၄၂ | ၁၅၆ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၂ |
| ကမ္ဘောဒီးယား | ၁၂၅ | ၁၂၃ | ၀ |
| လာအို | ၁၉ | ၁၈ | ၀ |

## ကော့သောင်းမြို့ရှိ ဓမ္မစကူးလ်သင် ဘုန်းတော်ကြီးကျောင်းများနှင့် ဓမ္မစကူးလ် ဆရာ ဆရာမ ၃၁၀ အား အလှူငွေနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ လှူဒါန်း

**ကော့သောင်း ဇွန် ၇**

ကော့သောင်းမြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ ဓမ္မစကူးလ်ကော်မတီက ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်မှုကာလအတွင်း စားဝတ်နေရေးကိစ္စများ အဆင်ပြေစေရန် ရည်ရွယ်ကာ ယမန်နေ့မွန်းလွဲပိုင်းက နိဗ္ဗာန်အေး ပရိယတ္တိစာသင်တိုက်တွင် ကော့သောင်းမြို့ရှိ ဓမ္မစကူးလ်သင် ဘုန်းတော်ကြီးကျောင်းများနှင့် ဆရာ ဆရာမ ၃၁၀ အား အလှူငွေနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။



**လှူဒါန်း**

ကျောင်းသားအရွယ်ကလေးသူငယ်များအား ဓမ္မအသိနှင့် ယဉ်ကျေးမှုတရားများ ထွန်းကားပြန့်ပွားခိုင်မြဲစေရန် ဆောင်ရွက်နေကြသည့် ကော့သောင်းမြို့နယ်အတွင်းရှိ ဓမ္မစကူးလ်သင် ဘုန်းတော်ကြီးကျောင်းများနှင့် ဓမ္မစကူးလ်သင် ဆရာ ဆရာမ စုစုပေါင်း ၃၁၀ အား ကော့သောင်းမြို့ ဟက်ပီးရွှေဆိုင်ပိုင်ရှင် ဦးမျိုးမြင့်–ဒေါ်စန်းစန်းနွဲ့ မိသားစုမှ အခြေခံစားကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်များအား လှူဒါန်းထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ရာ ဓမ္မစကူးလ်သင် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းလျှင် ဆန်သုံးအိတ်၊ ဆီ သုံးဘူး၊ မာမားခေါက်ဆွဲခြောက် သုံးပါကင်၊ အလှူငွေကျပ် ၃၀၀၀၀၊ ဓမ္မစကူးလ်သင် ဆရာ ဆရာမတစ်ဦးကို ဆန်တစ်အိတ်၊ ဆီတစ်ဘူး၊ မာမားခေါက်ဆွဲခြောက် တစ်ပါကင်နှင့် ငွေကျပ် ၁၀၀၀၀ လှူဒါန်းထောက်ပံ့ခဲ့သည်။

ယနေ့လှူဒါန်းမှုတွင် ပစ္စည်းတန်ဖိုး ငွေကျပ် ၆၂ သိန်းနှင့် အလှူရှင်မိသားစုနှင့် မြို့နယ်ဓမ္မစကူးလ်ကော်မတီဝင်များ စုပေါင်းထည့်ဝင်လှူဒါန်းမှုဖြစ်သည့် အလှူငွေကျပ် ၃၁ သိန်း ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## တောင်ငူမြို့၌ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ အဖွဲ့ဝင်မိသားစုများအား အခြေခံစားသောက်ကုန်များ ဆက်လက်ထောက်ပံ့

**တောင်ငူ ဇွန် ၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း မသန်စွမ်းသူများ စားဝတ်နေရေး အဆင်ပြေစေရေးအတွက် မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့(ရန်ကုန်ရုံးချုပ်)က ထောက်ပံ့ပေးအပ်သည့် အခြေခံစားသောက်ကုန်များနှင့် ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးပစ္စည်းများအား မသန်စွမ်းသူများရှေ့ဆောင် တောင်ငူရုံးခွဲ၌ အဖွဲ့ဝင်မသန်စွမ်းသူများအား ယနေ့ နံနက်ပိုင်းက ထောက်ပံ့ပေးအပ်ခဲ့သည်။

ထောက်ပံ့လှူဒါန်းရာတွင် အရေးတကြီးလိုအပ်နေသည့် အဖွဲ့ဝင် မသန်စွမ်းမိသားစု ၅၀ တို့အတွက် မိသားစုတစ်စုလျှင် ဆန်ခြောက်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ပဲ၊ ကြက်သွန်၊ နှာခေါင်းစည်း၊ အရက်ပြန်နှင့် Dattol ပိုးသတ်ဆေးများပါဝင်၍ ဒုတိယအကြိမ် လက်ရောက်ထောက်ပံ့ပေးအပ်ခဲ့သည်။

ပထမအကြိမ်အဖြစ် မေလက အလင်းသစ်ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် တောင်ငူပရဟိတလူငယ်အဖွဲ့တို့ပူးပေါင်းပြီး မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့(တောင်ငူ) အဖွဲ့ဝင်မိသားစု ၁၂၀ တို့အား ဆန်ခြောက်ပြည်အပါအဝင် အခြေခံစားသောက်ကုန် ရှစ်မျိုးတို့အား ထောက်ပံ့ပေးအပ်ခဲ့ကာ တောင်ငူမြို့၌ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့တွင် အဖွဲ့ဝင်မိသားစု ၃၀၀ ခန့်ရှိကြောင်း သိရသည်။

၁၂၉

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic)အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် ၁၆–၃–၂၀၂၀ ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ရာတွင် Coronavirus Disease 2019(COVID–19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်–

(က) မြန်မာ့စီးပွားရေးဘဏ်

| | | |
|---|---|---|
| Bank Name | – | Myanmar Economic Bank(H.O),Forex Operation |
| Account No. | – | CF 004880(MMK) |
| | – | EDN 600010(US$) |
| Swift Code | – | MYEBMMMY |
| Account Name | – | National Level Central Committee for Prevention Containment and Treatment of Covid 19 |
| Bank Address | – | Myanmar Economic Bank(H.O), Loan & Supervision Dept., No.(26) Thiri Kyaw Swa Road, Bank Zone, Naypyitaw Myanmar |

(ခ) ကမ္ဘောဇဘဏ်

| | | |
|---|---|---|
| Bank Name | – | KBZ Bank Ltd. |
| Account No. | – | 034 103 034 0232 8301 (MMK) |
| | – | 034 109 034 0232 8301 (US$) |
| Swift Code | – | KBZBMMMY |
| Account Name | – | Coronavirus Disease 2019 (COVID–19)(National Level Central Committee For Preventing and Containing the Virus) |
| Bank Address | – | No.53,6 Story Office Building, Corner of Merchant Road & Bosonpat Street, Pabedan Township, Yangon, Myanmar |
| Branch Address | – | No.1, Bank Ward, Oaktaya Thiri Township, Naypyitaw |

(ဂ) ရေဝတီဘဏ်

| | | |
|---|---|---|
| Account No. | – | 000 110 501 002 5635 (MMK) |
| | – | 000 110 503 000 0425 (US$) |
| Swift Code | – | AYABMMMY |
| Account Name | – | CORONAVIRUS DISEASE 2019 (COVID–19) NATIONAL CENTERS FOR DISEASE CONTROL AND PREVENTION COMMITTEE |
| Bank Address | – | No.416/ Mahabandoola Road, Kyauktada Towship, Yangon, Myanmar |
| Branch Address | – | No.(110–112), Thiri Yadanar Shopping Complex, Datkhina Thiri Township, Naypyitaw |

(ဃ) CB ဘဏ်

| | | |
|---|---|---|
| Account No. | – | 0093 1005 0000 1333 (MMK) |
| | – | 0093 1012 0000 2957 (US$) |
| Swift Code | – | CPOBMMMY |
| Account Name | – | CORONAVIRUS DISEASE 2019 (COVID–19) DONATION |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

ဆက်သွယ်ရန် –

| စဉ် | အမည် | ရာထူး/ဌာန | ဖုန်းနံပါတ် |
|---|---|---|---|
| (က) | ဒေါ်ခင်လေးညို | ညွှန်ကြားရေးမှူး<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ၀၆၇၃–၄၁၁၁၄၀<br>၀၉–၄၂၈၃၀၃၈၅၃ |
| (ခ) | ဒေါက်တာအေးမြမြကျော် | ဒုတိယညွှန်ကြားရေးမှူး<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ၀၉–၅၀၉၂၂၉၃ |

**Coronavirus Disease 2019(COVID–19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး**
**အမျိုးသားအဆင့်ဗဟိုကော်မတီ**

# မြဝတီအမှတ် (၂) တံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၁၆၃၅ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ ဇွန် ၇**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၁၆၃၅ ဦးသည် မြဝတီအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့တွင် ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်တွင် ၆၀၊ မေ ၂ ရက်တွင် ၅၄ ဦး၊ မေ ၃ ရက်တွင် တစ်ဦး၊ မေ ၄ ရက်တွင် ၄၄ ဦး၊ မေ ၅ ရက်တွင် ၂၃ ဦး၊ မေ ၈ ရက်တွင် ၁၀၀၊ မေ ၁၀ ရက်တွင် ၄၄ ဦး၊ မေ ၁၁ ရက်တွင် ၁၃ ဦး၊ မေ ၁၂ ရက်တွင် ၄၁ ဦး၊ မေ ၁၃ ရက်တွင် ၁၆ ဦး၊ မေ ၁၄ ရက်တွင် ၃၈ ဦး၊ မေ ၁၅ ရက်တွင် ၁၂၀၊ မေ ၁၆ ရက်တွင် ၇၆ ဦး၊ မေ ၁၇ ရက်တွင် ၉၀၊ မေ ၁၉ ရက်တွင် ၆၄ ဦး၊ မေ ၂၂ ရက်တွင် ၃၆ ဦး၊ မေ ၂၃ ရက်တွင် ၆၀၄ ဦး၊ မေ ၂၄ ရက်တွင် ၁၁၁၈ ဦး၊ မေ ၂၅ ရက်တွင် ၁၂၇၇ ဦး၊ မေ ၂၆ ရက်တွင် ၁၃၉၄ ဦး၊ မေ ၂၇ ရက်တွင် ၁၄၃၄ ဦး၊ မေ ၂၈ ရက်တွင် ၁၁၆၈ ဦး၊ မေ ၂၉ ရက်တွင် ၁၂၀၂ ဦး၊ မေ ၃၀ ရက်တွင် ၁၁၅၂ ဦး၊ မေ ၃၁ ရက်တွင် ၁၅၁၁ ဦး၊ ဇွန် ၁ ရက်တွင် ၁၀၄၃ ဦး၊ ဇွန် ၂ ရက်တွင် ၁၅၁၇ ဦး၊ ဇွန် ၃ ရက်တွင် ၁၅၄၇ ဦးနှင့် ဇွန် ၄ ရက်တွင် ၁၂၀၄ ဦး၊ ဇွန် ၅ ရက်တွင် ၁၁၉၀၊ ဇွန် ၆ ရက်တွင် ၁၇၈၄ ဦး၊ ယနေ့တွင် ၁၆၃၅ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ၂၁၆၀၀ အထိ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ယနေ့ ပြန်လည်ဝင်ရောက်သူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၁၀၁၅ ဦး၊ အမျိုးသမီး ၆၂၀ စုစုပေါင်း ၁၆၃၅ ဦးဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**





# ကိုဗစ်–၁၉ ကာလ ချင်းပြည်နယ်၌ ငါးလုပ်ငန်းနှင့်ပတ်သက်၍ လူထုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၇**

ချင်းပြည်နယ်ငါးလုပ်ငန်းစခန်း(ရမ်ထလို)သည် ကိုဗစ်–၁၉ ကာလအတွင်း လူထုအကျိုးပြုလုပ်ငန်းများကို ကြိုးစားဆောင်ရွက်လျက်ရှိသည်။ ဇွန် ၅ ရက်တွင် ဖလမ်းခရိုင် တလန်ဇာရ်ကျေးရွာ ငါးမွေးတောင်သူ ဦးဟလျန်ကျုံး၏ ငါးကန် နှစ်ကန် (သုည ဒသမ ၂၅ ဧက)ခန့်တွင် မွေးမြူထားရှိသော ရွှေဝါငါးကြင်းများကို အရွယ်အစားခွဲကာ စနစ်တကျမွေးမြူနိုင်အောင် ဆောင်ရွက်ပေးခဲ့ပြီး ငါးသန်များထုပ်ပိုးသယ်ယူခြင်း နည်းပညာများကိုလည်း လက်တွေ့သင်ကြားပေးခဲ့သည်။

**နည်းပညာများ မျှဝေ**

ယမန်နေ့ကလည်း ဟားခါးခရိုင် ချွန်ကျုံးကျေးရွာရှိ ဦးထလာကျဲအို၏ ငါးကန်ကိုးကန် (သုည ဒသမ ၉ ဧက)တွင် သားဖောက်ပေးခဲ့သော ရွှေဝါငါးမှုန် ခြောက်ရက်သားကို ပြုစုကန်ထဲချပေးခဲ့ပြီး ငါးမှုန်ပြုစုခြင်းနည်းပညာများကိုလည်း မျှဝေပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘုရားကြီးမြောက်မုခ် မြောက်စောင်းတန်း

ဆူးငှက်

ယခင်က မန္တလေး ဗိုလ်ချုပ်အောင်ဆန်းလမ်း(၈၄လမ်း) ရုံတော်ကြီးနန်ထင်ကဖေးရှေ့ရောက်လျှင် ''ဘုရားကြီးကို၊ ဘုရားကြီးကို''ဟု လူခေါ်နေသော မြင်းလှည်းတန်းကြီး တွေ့ရ၏။ ထိုနေရာမှဘုရားကြီးသို့ အလှည့်ကျထွက်သော မြင်းလှည်းဖြင့် သွားနိုင်သည်။

အကယ်၍ ထိုနေရာမှအထွက် လူမပြည့်သေး၍ လမ်း၌ လူတင်ချင်သောအခါလည်း လမ်းတစ်လျှောက် မြင်းလှည်း ဘီးနှင့်တံဖျာကြာပွတ်အဖျားတတောက်တောက်အသံပေး ရင်း ''ဘုရားကြီးကို၊ ဘုရားကြီးကို'' ဟု အော်သွားသည်။ ထိုစဉ်က ဘုရားကြီးသို့ရောက်သော လိုင်းကားကလည်း အခုလို များများစားစားမရှိ။ ကားပြာအမှတ်(၁) လိုင်း တစ်လိုင်းပဲရောက်သည်။ အောင်တော်မူရေအိုးစင် မှတ်တိုင်(ယခု ၆၃ လမ်း)မှထွက်လာသော အမှတ် (၁) ဘတ်စ်ကားသည် ရုံးကြီး၊ ဗထူးကွင်း၊ ဆေးရုံ၊ ဘူတာ၊ ဓာတ်စက်ရုံ၊ ကြေးနန်းရုံ၊ နာရီစင်မှသည် ဗိုလ်ချုပ်လမ်း (၈၄ လမ်း)အတိုင်း တောင်သို့တည့်တည့်မောင်း၏။

**ဗိုလ်ဗထူးလမ်း**

ထို့နောက် ဗိုလ်ဗထူးလမ်းရောက်သောအခါ အရှေ့သို့ ချိုးပြီး ဘုရားကြီးမြောက်မုခ်မှာရပ်သည်။ လူကုန်သော အခါမှ အရှေ့ဘက်ရှမ်းစုဘူတာမှာ ဂိတ်ထိုးပြီး ခရီးစဉ် ဆုံးစေ၏။ ဈေးချိုမှထွက်သော မြင်းလှည်းများသည် လည်းကောင်း၊ အမှတ်(၁)ဘတ်စ်ကားများသည်လည်း ကောင်း ဘုရားမြောက်မုခ်မှာသာ မှတ်တိုင်ထားရပ်ကြ သောကြောင့် ဘုရားဖူး အများဆုံး ဝင်ထွက်ရာစောင်းတန်း ကား မြောက်မုခ်စောင်းတန်းသာဖြစ်၏။ အရှေ့မုခ်က ယခုလို အကွက်အကွင်းကျကာ မစည်ကားသေး။ လိပ် ကန်နှင့် အာနန္ဒာဘုရားဘက်သွားမည့်သူများသာ အရှေ့ စောင်းတန်းကို ရောက်ကြသည်။ ထို့ပြင် ယခုပန်းခြံနေရာ ကလည်း နိဗ္ဗာန်ကုန်နှင့် တူရိယာပစ္စည်းရောင်းချသော ဆိုင်ခန်း နေအိမ်ကြီးများသာရှိနေ၍ အရှေ့မုခ်က တသီး တခြားဖြစ်နေသည်။

**စောင်းတန်းသစ်ကြီး**

အခုလိုအရှေ့ဘက် ရန်ကုန်၊ မန္တလေးလမ်းမကြီးဆီ တိုးလျှိုပေါက်သော လမ်းမကြီးလည်း မရှိသေး။ ထို လမ်းမကြီးနေရာတွင် ရှမ်းစုဘူတာအဆောက်အအုံက ပိတ်ထား၏။ ဘူတာအရှေ့ဘက်မှာလည်း လမ်းကြား သာသာ။ ထို့ကြောင့် ဘုရားကြီးသို့အဝင်အထွက်အများဆုံး ကား မြောက်ဘက်မုခ်၊ မြောက်ဘက်စောင်းတန်းပဲဖြစ်ပါ သည်။ မြောက်ဘက်မုခ်နှင့်တည့်တည့် ဗိုလ်ဗထူးလမ်း၏ မြောက်ဘက်မှာလည်း ဘုရားကြီးဈေးရှိ၏။ ဘုရားကြီး ဈေးကား စည်ကားလှသော ဈေးကြီးဖြစ်သည်။ ဘုရားကြီး မြောက်စောင်းတန်းကြီးတွင် ယခင်က ရတနာပုံခေတ် နံရံဆေးရေးပန်းချီများ ရှိခဲ့ဖူးသည်။ ထိုစောင်းတန်း ဟောင်းကြီးနေရာတွင် ယခု စောင်းတန်းသစ်ကြီးက အစားထိုး တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထိုစောင်းတန်း ကြီးတွင် ပိုးထည်ချိတ်ထည်များ၊ ကလေးကစားစရာ မြန်မာမှု အရုပ်ဆိုင်များ၊ လက်မှုပစ္စည်းကြေးထည်၊ သစ်သားထည်ဆိုင်များ၊ ကျူလယာပစ္စည်းစုံဆိုင်များ ခင်းကျင်းရောင်းချကြ၏။ အဝင်ဝမှာတော့ ထုံးစံအတိုင်း ပန်းသည်၊ ရွှေဆိုင်းသည်များရှိသည်။


**ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားသောအခါ**

၁၉၄၁ခုနှစ် ဒီဇင်ဘာလတွင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားသောအခါ အင်္ဂလိပ်အုပ်စိုးသော မြန်မာနိုင်ငံတွင် လည်း စစ်ရိပ်သန်းလာသည်။ ၁၉၄၂ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်တွင် မန္တလေးကို ဂျပန်လေယာဉ်များက ဗုံးလာကြဲ သည်။ စစ်ကြီးက မန္တလေးသို့ ဒုတ်ဒုတ်ထိ ရောက်လာ ချေပြီ။ ထို့ကြောင့် မဟာမုနိဘုရားကြီး ဘဏ္ဍာတော် ထိန်းအဖွဲ့ကိုယ်စား ရွှေလက်ဝါးဦးကျော်ရန်က မတ်လ ၁၅ ရက်နေ့တွင် လေးပြင်လေးရပ်ရှိ သံဃာတော်များကို ပင့်ဖိတ်ပြီး မဟာမုနိဘဏ္ဍာတော်များကို ထိန်းသိမ်းစောင့် ရှောက်ပေးပါရန် လျှောက်ထားသည်။ ဆရာတော်များက လက်ခံ၍ ရဟန်းပျိုအဖွဲ့ ဦးဇောတိကအမှူးပြုသော သံဃာအပါး ၃၃၀ကျော်က တာဝန်ယူစောင့်ရှောက်သည်။ စစ်ဘေးကြောင့် ရုပ်ရှင်တော်မြတ်ကြီး၏ ပရိဝုဏ် ၄၅ တာအတွင်း၌လည်း ခိုလှုံလာသူ ၃၀၀၀ကျော်ရှိသည်။

**မြောက်စောင်းတန်းမုခ်ဦး**
**ကျွန်းပြာသာဒ် ကျွန်းစောင်းတန်း**

၁၉၄၂ ခုနှစ် ဧပြီ ၂၅ ရက်နေ့တွင် မဟာမုနိဘုရား မြောက်ဘက် မြင်းဝန်တိုက် အနောက်ဘက်ရပ်ကွက်ကို မီးတင်ရှို့ရာမှ ရပ်ကွက်သာမက မြောက်စောင်းတန်းမုခ်ဦး ကျွန်းပြာသာဒ် ကျွန်းစောင်းတန်း၊ ရွှေရေးဆောင်တိုက်နှင့် အနောက်စောင်းတန်း ကျွန်းပြာသာဒ် ကျွန်းစောင်းတန်း

> **ဘုရားကြီး မြောက်စောင်းတန်းကြီးတွင်**
> **ယခင်က ရတနာပုံခေတ် နံရံဆေးရေးပန်းချီများရှိခဲ့ဖူးသည်။**
> **ထိုစောင်းတန်းဟောင်းကြီးနေရာတွင် ယခု စောင်းတန်းသစ်ကြီးက**
> **အစားထိုး တည်ဆောက်ခဲ့ခြင်းဖြစ်သည်။**
> **ထိုစောင်းတန်းကြီးတွင် ပိုးထည်ချိတ်ထည်များ၊**
> **ကလေးကစားစရာ မြန်မာမှုအရုပ်ဆိုင်များ၊ လက်မှုပစ္စည်း ကြေးထည်၊**
> **သစ်သားထည်ဆိုင်များ ခင်းကျင်းရောင်းချ . . .**



ရှေးက မဟာမုနိအနောက်မုခ်

တို့ပါ လောင်ကျွမ်းသည်။ ထို့မျှမက အသောကာရာမတိုက် ငါးစို့တိုက် တမ္ဗဝတီရပ်ကွက်များအထိ မီးကူးလောင်သည်။

မြောက်ဘက်မုခ်စောင်းတန်းကြီးက စစ်အတွင်း ဤသို့ မီးလောင်ကျွမ်းသွားသောကြောင့် ဂျပန်လက်ထက်မှာပင် ထိုနေရာ၌ အုတ်စောင်းတန်းကြီးဆောက်လုပ်ရန် ဘဏ္ဍာ တော်ထိန်း လူကြီးများက တညီတညွတ်တည်း ဆုံးဖြတ် ကြသည်။ ထို့နောက် မြန်မာဗိသုကာဆရာဆိုင်ကိုပင် ထိုအလုပ်ကိုအပ်နှံကြ၏။ ဆရာဆိုင်ဟူသည်မှာ မိဖုရား ခေါင်ကြီး စုဖုရားလတ်ကောင်းမှု မြတောင်ရွှေကျောင်း တော်ကြီးကို မြန်မာမှုများဖြင့် တည်ထားရာတွင် ပညာရှင် အနေနှင့် ပါဝင်ခဲ့သော ပန်းပုနှင့် မြန်မာမှုဗိသုကာ ဆရာ ခင်၏ သားဖြစ်ပြီး ဖခင်နှင့်အတူ ရန်ကုန် မန္တလေးအပါ အဝင် မြန်မာပြည်အရပ်ရပ်ရှိ သာသနိကအဆောက်အအုံ မြန်မာမှုများကို ဦးဆောင်တည်ဆောက်သူသာမက ၁၉၂၄ ခုနှစ်က လန်ဒန်မြို့ ဝင်ဗလီပြပွဲတွင် မြန်မာပြခန်းကိုလည်း မြန်မာမှုအပြည့်ဖြင့် ကမ္ဘာကျော်အောင် တည်ဆောက်ခဲ့သူ ဖြစ်သည်။ (ယခုတိုင်ရှိနေသေးသော မဟာမုနိ အရှေ့ စောင်းတန်းထိပ်က ကျွန်းပြာသာဒ်ကြီးမှာ ဆရာခင်၏ လက်ရာဖြစ်သည်)

**ဆရာဆိုင်အား စောင်းတန်းကြီးဆောက်ရန်အပ်နှံ**

ဆရာဆိုင်မှာ စစ်အတွင်းဖြစ်သောကြောင့် သမီး မယ် သီလရှင်ရှိသော စစ်ကိုင်းသစ်ဆိမ့်ချောင်၌ ဥပုသ်စောင့်ရင်း စစ်ခိုနေခိုက်ဖြစ်၏။ ဘုရားကြီးမြောက်ဘက်မုခ်စောင်း တန်းကြီး ပြန်လည်တည်ဆောက်ရန် ဖိတ်စာနှင့်စာကို စစ်ကိုင်းတောင်ပေါ်တွင်ရှိနေသော ဆရာဆိုင်ထံသို့ တပည့်ဖြစ်သူ ဆန်းယဉ်ယဉ် ဦးဘသိန်းက ယူလာပေး သောအခါ ဆရာဆိုင်က ''ယခုလိုရက်မျိုး အလုပ်မလုပ်လို သေး၍ ဥပုသ်စောင့်နေတာဖြစ်တယ်။

ဒါပေမယ့် ဒီကိစ္စမျိုးဖိတ်တာကိုမလိုက်ခဲ့ရင် ဘုရား ကိုယ်တော်ကြီးမျက်နှာနဲ့ မန္တလေးမြို့ကြီးမျက်နှာ မထောက်ရာကျမယ်။ ဆရာ့ဂုဏ်ကိုလည်း ဆရာ မထောက်ရာရောက်မယ်'' ဆိုပြီး မန္တလေးသို့ ပြန်လိုက် လာ၏။

ထိုအစည်းအဝေးက စောင်းတန်းကြီးဆောက်ရန်အပ်နှံ ၍ ဆရာဆိုင်အားပုံစံရေးပေးပါရန် မေတ္တာရပ်ခံသည်။ ဆရာဆိုင်ကလည်း အလုပ်လက်ခံပြီး စောင်းတန်းပုံစံကို စိတ်တိုင်းကျဖြစ်စေရန် သားအကြီးဖြစ်သူ ဦးတင်ဦးအား ဆွဲစေလေသည်။ သူကိုယ်တိုင် သဘောကျသောအခါမှ ဘဏ္ဍာတော်ထိန်းလူကြီးများ အစည်းအဝေး၌တင်ပြရာ အားလုံးကလည်း နှစ်ခြိုက်လက်ခံလိုက်ကြသည်။ သို့သော် ဆရာဆိုင်က ဂျပန်ခေတ်အတွင်း အခြေအနေ အရပ်ရပ်ကြောင့် စောင်းတန်းကြီးကို မဆောက်စေလို သေး။ သို့သော် ဦးကျော်ရန်၊ ဦးကြွယ်၊ ဦးတော်စသော ဘဏ္ဍာတော်ထိန်းလူကြီးများက သူတို့လက်ထက်တွင် ပန္နက်ချခဲ့ရလျှင် ကျေနပ်ပါပြီဆိုသောကြောင့် ၁၃၀၆ ခု၊ ကဆုန်လပြည့်နေ့၌ ပန္နက်ရိုက်၊ အုတ်မြစ်ချပြီး ပြီးသလောက် တည်ဆောက်ခဲ့၏။ စောင်းတန်းကြီးတည် ဆောက်မှုကို ဆရာဆိုင်က သားဦးတင်ဦးအား စီမံအုပ်ချုပ် စေသည်။ ဦးတင်ဦးကား စောင်းတန်းမပြီးမီ ဂျပန်ခေတ် မှာပင် ကွယ်လွန်ခဲ့သည်။

**ပန်းရန် ပန်းတော့ ပန်းတမော့ ပြခန်းကြီး**

စစ်ကြီးပြီးသောအခါ စောင်းတန်းလုပ်ငန်းကို အင်တိုက်အားတိုက် ဆောက်လုပ်ခဲ့ကြသည်။ မူလရှိသော စောင်းတန်းဦး အသားပြာသာဒ်ကြီးက လမ်းနားအထိ ရောက်ခဲ့၏။ အသစ်ဆောက်လုပ်မည့် သုံးခန်းတွဲ အုတ် ပြာသာဒ်ကြီးကိုမူ လမ်းနှင့်ပေ ၆၀ ခွာကာ ဆောက်ခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် သစ်သားပြာသာဒ်ကြီးက မီးဘေးသင့်ခဲ့သော်လည်း ပြာသာဒ်ဘေးရှိရှေးလက်ရာ အုတ်ခြင်္သေ့ကြီးနှစ်ကောင်က မပျက်မစီး ကျန်ရစ်သော ကြောင့်ဖြစ်သည်။ ထို့ပြင် ယခုဆောက်လုပ်မည့် အုတ် ပြာသာဒ်အသစ်က မီးလောင်သွားသော အသားပြာသာဒ် ထက် နေရာကျယ်နေသဖြင့် ခြင်္သေ့ကြီးများကို မူလ အတိုင်းထားကာ အုတ်ပြာသာဒ်ကို နောက်သို့ လွတ်လွတ် ကင်းကင်း တည်ဆောက်ခဲ့သောကြောင့် ဖြစ်သည်။ ထိုစဉ် က ဘဏ္ဍာထိန်းလူကြီးများကလည်း အုတ်ခြင်္သေ့ကြီးများ ကို မူလအတိုင်းထားမည်ဟု ဆုံးဖြတ်ခဲ့ကြ၏။ အသစ် ဆောက်သော အုတ်ပြာသာဒ်ကြီး၏ မြန်မာမှုများကို သာမက ဝင်ပေါက် တိုင်ဆင်းနရားရုပ်ကြီးများကိုလည်း ဆရာဆိုင်ကိုယ်တိုင် ပြုလုပ်ခဲ့သည်။

သို့သော် အုတ်ပြာသာဒ်ကြီးတည်ဆောက်၍ မပြီးမီမှာ ပင် မူလအုတ်ခြင်္သေ့ကြီးများအားဖြိုဖျက်၍ ခြင်္သေ့ အသစ် ပြုလုပ်မည်ဟု ဘဏ္ဍာထိန်းလူကြီးများက ဆုံးဖြတ်ချက် အသစ်ချလိုက်ကြသည်။ ထို့ကြောင့် လက်ရှိမြင်နေရသော မုံရွာဆရာမြ၏လက်ရာ ခြင်္သေ့အသစ်ကြီးများ ပေါ်ပေါက် လာတော့၏။

မဟာမုနိဘုရားကြီး မြောက်မုခ် အုတ်ပြာသာဒ်ကြီးက ပန်းရန် ပန်းတော့ ပန်းတမော့ ပြခန်းကြီးလည်း မည်ပါ ၏။

# မော်လမြိုင်ကျွန်းမြို့နယ် စော်ကဲတံတားတည်ဆောက်မှု ၈၅ ရာခိုင်နှုန်းပြီးစီး

**မော်လမြိုင်ကျွန်း ဇွန် ၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်ရှိ လမ်းအမှတ်(၁၀) ဘိုကလေး- မော်လမြိုင်ကျွန်း-ကျုံမငေး-ဝါးခယ်မ- မြောင်းမြလမ်း မိုင်တိုင်အမှတ်(၁၇/၀) ၌ စော်ကဲတံတား တည်ဆောက်ရေးစီမံကိန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ တံတားသံပေါင်တပ်ဆင်ခြင်းလုပ်ငန်းများ အလုံးစုံပြီးစီးသွားပြီဖြစ်သောကြောင့် တံတားတစ်စင်းလုံးတည်ဆောက်နေမှု ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

စော်ကဲတံတား၏ အရှည်မှာ ၇၅၀ မီတာရှိပြီး အကျယ်မှာ ၉ ဒသမ ၅ မီတာရှိကာ နှစ်လမ်းသွားတံတားဖြစ်ကြောင်း သိရသည်။ ပင်မတံတား၏ အပေါ်ထည်မှာ မီတာ ၉၀ အရှည်ရှိသည့် သံမဏိသံပေါင်ခုံးတံတားအမျိုးအစားဖြစ်ပြီး တံတားအောက်ထည်နှင့် ကြမ်းခင်းမှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ ချဉ်းကပ်တံတားများအား မီတာ ၃၀ အရှည်ရှိသည့် ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မများဖြင့် တည်ဆောက်ထားကြောင်း သိရသည်။

တံတားအုတ်မြစ်ရေလယ်တိုင်များအား ၁ ဒသမ ၅ မီတာအချင်းရှိသည့် သံကူကွန်ကရစ်ဘိုးပိုင်နှင့် ကုန်းပေါ်တိုင်များအား ၁ ဒသမ ၂ မီတာအချင်းရှိသည့် သံကူကွန်ကရစ်ဘိုးပိုင်များဖြင့် အသုံးပြုတည်ဆောက်ထားပြီး သံမဏိသံပေါင် မီတာ ၉၀ ရှိသော တံတားခန်းဖွင့်သုံးခန်းပါရှိကာ ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မ မီတာ ၃၀ ရှိသည့် တံတားခန်းဖွင့် ၁၆ ခန်းပါရှိကြောင်း၊ လူသွားလမ်းအကျယ်တစ်ဖက်လျှင် တစ်မီတာစီပါဝင်ပြီး ရေလမ်းကင်းလွတ်အမြင့် ပေ ၄၀ ရှိကာ အကျယ် ပေ ၂၄၀ ရှိ၍ တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ကြောင်း တံတားအား တာဝန်ယူတည်ဆောက်နေသည့် တည်ဆောက်ရေးအဖွဲ့(၂)မှ သိရသည်။

အလားတူ စော်ကဲတံတားနှင့် ငါးမိုင်ကျော်ကွာဝေးသော မိုင်တိုင်အမှတ်(၂၂/၄) ၌ ကျွန်းပြဿဒ်တံတားအား ကျွန်းပြဿဒ်မြစ်ပေါ်၌ တည်ဆောက်လျက်ရှိပြီး တံတားအရှည် မီတာ ၇၂၀ ရှိကာ စော်ကဲတံတား၏ မီတာအရှည်ထက် မီတာ ၃၀ လျော့နည်းကြောင်း၊ တံတား၏အကျယ်၊ အပေါ်ထည်နှင့် အောက်ထည်လုပ်ငန်းများ၊ အုတ်မြစ်အမျိုးအစားများ၊ ရေလမ်းကင်းလွတ်အမြင့်နှင့် အကျယ်အပါအဝင် တံတားခံနိုင်ဝန်များမှာ စော်ကဲတံတားတည်ဆောက်ထားသည့်ပုံစံနှင့် အလားသဏ္ဍာန်တူညီပြီး သံမဏိသံပေါင် မီတာ ၉၀ ရှိသော တံတားခန်းဖွင့် သုံးခန်းပါရှိကာ ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မ မီတာ ၃၀ ရှိသည့် တံတားခန်းဖွင့် ၁၅ ခန်းပါရှိကြောင်းလည်း သိရသည်။

ယခုအခါ စော်ကဲတံတား၏ ပင်မတံတား သံပေါင် မီတာ ၉၀ ခန်းဖွင့်တပ်ဆင်ခြင်းလုပ်ငန်းများ အလုံးစုံဆောင်ရွက်ပြီးစီးပြီး ကျွန်းပြဿဒ်တံတားအတွက် နောက်ဆုံး သံပေါင်ခန်းဖွင့်တစ်ခန်းတပ်ဆင်ခြင်းလုပ်ငန်းအား ဆောင်ရွက်လျက်ရှိရာ ဇွန်လဒုတိယပတ်တွင် သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းများ အလုံးစုံဆောင်ရွက်ပြီးစီးမည်ဖြစ်၍ တံတားနှစ်စင်းလုံး၏ ကြမ်းခင်းလုပ်ငန်းများနှင့် အချောသပ်လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တံတားနှစ်စင်းလုံး စက်တင်ဘာလကုန်ပိုင်းတွင် အချိန်မီ တည်ဆောက်ရွက်ပြီးစီးရေးအတွက် ကျွမ်းကျင်အင်ဂျင်နီယာများနှင့် ကာယညာဏလုပ်သားများက နေ့ရောညပါတည်ဆောက်ရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်ဆောင်ရွက်နေကြောင်း စီမံကိန်းတာဝန်ခံဖြစ်သည့် တည်ဆောက်ရေးအဖွဲ့(၂) မှ ညွှန်ကြားရေးမှူး (မြို့ ပြ) ဦးအောင်သီဟထံမှ သိရသည်။

စော်ကဲတံတားနှင့် ကျွန်းပြဿဒ်တံတားနှစ်စင်းစလုံး တည်ဆောက်ပြီးစီးပါက စိုက်ပျိုးရေးလုပ်ငန်းနှင့် ရေထွက်ကုန်ပစ္စည်းလုပ်ကိုင်နေကြသော ဘိုကလေးမြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့ရှိ ဒေသခံပြည်သူများအနေဖြင့် ခရိုင်မြို့ဖြစ်သည့် လပွတ္တာမြို့အပါအဝင် ဧရာဝတီတိုင်းဒေသကြီး မြို့တော်ဖြစ်သည့် ပုသိမ်မြို့သို့ သွားရောက်ရန် မိုင် ၇၀ ခန့်၊ အချိန်အားဖြင့် ၂ နာရီခွဲခန့် အချိန်ကုန်သက်သာစေမည်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း သိရသည်။

**ပွင့်သစ္စာ**



စော်ကဲတံတား သံပေါင်တပ်ဆင်ပြီးစီးမှုကို တွေ့ရစဉ်။

## ထန်တလန်မြို့နယ် မွန်ဟားကျေးရွာ၌ တည်ဆောက်နေသည့် ကျောက်စီမြေထိန်းနံရံအား ကြည့်ရှုစစ်ဆေး

**ဟားခါး ဇွန် ၇**

ချင်းပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်သည် ဇွန် ၆ ရက် မွန်းလွဲ ၁ နာရီက ထန်တလန်မြို့နယ် မွန်ဟားကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာအနီး ဘွေနူးမြစ်ရေတိုက်စားခြင်းမှ ကာကွယ်နိုင်ရန် တည်ဆောက်လျက်ရှိသည့် ကျောက်စီမြေထိန်းနံရံလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးခဲ့သည်။

ချင်းပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူများက ကျောက်စီမြေထိန်းနံရံ တည်ဆောက်ရေးအတွက် မြေသားများချဲ့ခြင်း၊ ဖောင်ဒေးရှင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဘွေနူးမြစ်ရေတိုက်စားမှုအခြေအနေနှင့် ကျောက်စီမြေထိန်းနံရံတည်ဆောက်မှုခိုင်ခံ့စေရန်ဆောင်ရွက်မည့် ခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးက အချိန်မီ ပြီးစီးနိုင်ရေးနှင့် လုပ်ငန်းအရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ရေး လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါ ကျောက်စီမြေထိန်းနံရံမှာ အလျား ပေ ၅၀၀၊ အကျယ်ကိုးပေ၊ အမြင့် ၁၂ ပေရှိပြီး လုပ်ငန်းပြီးစီးပါက မွန်ဟားကျေးရွာနေပြည်သူများ နှစ်စဉ်ကြုံတွေ့ရသည့် ရေတိုက်စားခြင်းအန္တရာယ်မှ ကာကွယ်နိုင်တော့မည်ဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများ ကောင်းမွန်စွာ ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဦးပိန်တံတား ယာယီပိတ်ထားချိန်တွင် ဖြတ်ကျော်ဝင်ရောက်မှုများရှိသဖြင့် သံဆူးကြိုးများဖြင့် ထပ်မံကာရံ

**မန္တလေး ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ဦးပိန်တံတား ယာယီပိတ်ထားချိန်တွင် တံတားပေါ် ဖြတ်သန်းခြင်းမပြုရန် ဆိုင်းဘုတ်များတပ်ဆင်၍ အသိပေးကာ သစ်သားဖြင့် ကာရံပိတ်ဆို့ထားသော်လည်း ဖြတ်ကျော်ဝင်ရောက်မှုများ ရှိကြောင်း သိရသည်။

အဆိုပါ ပိတ်ဆို့ထားသောသစ်သားများ ထပ်မြှင့်ကာ သံဆူးကြိုးများဖြင့် ထပ်မံကာရံခြင်းကို ဇွန် ၆ ရက်က ဆောင်ရွက်ခဲ့ကြောင်း ဦးပိန်တံတားစည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင် တောင်မင်းကြီးဂေါပကဥက္ကဋ္ဌ ဦးသန်းမြင့်ထံမှ သိရသည်။

အဆိုပါပိတ်ဆို့ထားသောသစ်သားများ ထပ်မြှင့်ခြင်းနှင့် သံဆူးကြိုးထပ်မံကာရံခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရှေးဟောင်းသုတေသန၊ စည်ပင်သာယာရေးကော်မတီ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဦးပိန်တံတားစည်းကမ်းထိန်းသိမ်းရေးအဖွဲ့များမှ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဦးပိန်တံတားပေါ်ကို ခရီးသွားအချို့ ဖြတ်ကျော်ဝင်ရောက်မှု ရှိနေလို့ ဇွန် ၆ ရက်က သက်ဆိုင်ရာအဖွဲ့တွေပူးပေါင်းပြီး ယာယီပိတ်ထားချိန်မှာ တံတားပေါ်တက်လို့မရအောင် သစ်သားနဲ့ ကာရံထားတာတွေကို ထပ်မံပြီး သံဆူးကြိုးနဲ့ကာရံခဲ့ပါတယ်။ မူလက ရိုးရိုးသစ်သားတန်း သုံးလေးချောင်းနဲ့ ရှေးဟောင်းသုတေသနက လာပိတ်ထားတာပါ။ ခရီးသွားတွေက သစ်သားတွေကိုကျော်ခွပြီး ဖြတ်ကျော်ဝင်ရောက်တဲ့အတွက် သစ်သားနှစ်ချောင်းသုံးချောင်းထပ်မံမြှင့်ပြီး သံဆူးကြိုးတွေနဲ့ ထပ်မံကာရံခဲ့တာပါ။ အနောက်ဘက်ခြမ်းအဝင်ပေါက်နဲ့ တံတားအလယ်မှာ တက်လို့ရတဲ့လှေကားရယ်၊ တံတားအနောက်ဘက်ခြမ်း ကျီးဖြူဇရပ်နားက တွယ်တက်လို့ရတဲ့သစ်ပင်ကိုလည်း သံဆူးကြိုးတွေ ကာရံခဲ့ပါတယ်" ဟု တောင်မင်းကြီးဂေါပကဥက္ကဋ္ဌ ဦးသန်းမြင့်က ပြောကြားသည်။

ဦးပိန်တံတားနှင့် ၎င်းပတ်ဝန်းကျင်ရှိ ဆိုင်ခန်းများကို ကိုဗစ်-၁၉ ရောဂါကြောင့် ဇွန် ၁၅ ရက်အထိ ယာယီပိတ်ထားခဲ့ကြောင်းသိရပြီး အဆိုပါအချိန်ထိ တံတားပေါ်သို့ တက်ရောက်ဖြတ်သန်းမှုများ ထပ်မံမဖြစ်ပွားစေရန် သံဆူးကြိုးများဖြင့် ထပ်ပိုးကာရံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ကျောက်တံတားမြို့နယ်၌ စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များအား ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဇွန် ၇**

ကျောက်တံတားမြို့နယ်၌ စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှု ရှိ-မရှိကို ဇွန် ၅ ရက်က မြို့နယ် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့မှ ကွင်းဆင်းစစ်ဆေးသည်။

မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး နှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်နှင့် ကော်မတီဝင်များ၊ မြို့နယ်ရပ်ကွက်တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များတွင် ဈေးရောင်းချမှုအခြေအနေများနှင့် ဆိုင်ထိုင်စနစ်ဖြင့် ရောင်းချရာတွင် ဆိုင်ရှင်နှင့် ဝန်ထမ်းများက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှု ရှိ-မရှိနှင့် စားသုံးသူများ လိုက်နာရမည့်စည်းကမ်းချက်များ၊ ဆိုင်သန့်ရှင်းရေး ဂရုပြုလိုက်နာရမည့်အချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်မှု ရှိ-မရှိ လိုက်လံစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

## တောင်သူများအား မြေယာနှင့် သီးနှံလျော်ကြေးငွေ ပေးအပ်

**ပဲခူး ဇွန် ၇**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ယနေ့နံနက် ၁၀ နာရီက ရေနံတွင်းတူးဖော်ခြင်းလုပ်ငန်းတွင်ပါဝင်သွားသည့် မြေယာနှင့်သီးနှံများအတွက် တောင်သူများအား လျော်ကြေးငွေပေးအပ်ခြင်းအခမ်းအနား ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်တို့က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များက ရေနံတွင်းတူးဖော်ခြင်းလုပ်ငန်းတွင် ပါဝင်သွားသည့် မြေယာနှင့် သီးနှံအတွက် တောင်သူ ၂၄ ဦးအား လျော်ကြေးငွေများပေးအပ်ခဲ့သည်။

ပန်းတောင်းမြို့နယ် ကုန်းတွင်းရေနံလုပ်ကွက်အမှတ် Block EP4 အတွင်း ရေနံတွင်းတူးဖော်ခြင်းလုပ်ငန်းကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် BASHNEFT International B.V ကုမ္ပဏီတို့မှ တူးဖော်လုပ်ကိုင်ရာတွင် တောင်သူ ၂၄ ဦးတို့၏ မြေယာနှင့် သီးနှံများ ပါရှိသွားသောကြောင့် မြေယာနှင့်သီးနှံ နစ်နာကြေးငွေကျပ် စုစုပေါင်း ၄၈၈၆၂၆၆၀ ကို ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး**
**(ပဲခူး)**

■



## ရုပ်ရှင်စက်မှုအဖွဲ့သားများအား စားသောက်ကုန်များထောက်ပံ့

**ရန်ကုန် ဇွန် ၇**

ကိုဗစ်-၁၉ ကပ်ရောဂါ ပြန့်ပွားနေသည့်ကာလအတွင်း လုပ်ငန်းများရပ်တန့်နေချိန်တွင် မြန်မာ့ရုပ်ရှင်လောက၏ ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသော ရုပ်ရှင်စက်မှုအဖွဲ့သား ၅၀၀ ခန့်အား အခြေခံစားသောက်ကုန်များ ထောက်ပံ့လှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်း၌ ကျင်းပသည်။

"အခုလို ကိုဗစ်-၁၉ ရောဂါကာလလည်းဖြစ်ပြီး ရုပ်ရှင်ရိုက်ကူးရေးတွေရပ်ထားရတဲ့အချိန်ကာလတွေမှာ ရုပ်ရှင်လောကက စက်မှုရိုက်ကူးရေးအဖွဲ့တွေဟာ ရှားပါးကြပါတယ်။ ရုပ်ရှင်ကနေထောက်ပံ့တဲ့အကြိမ်တွေမှာလည်း စက်မှုလုပ်သားအဖွဲ့တွေက ပါတာနည်းပါတယ်။ ရုပ်ရှင်စက်မှုအဖွဲ့တွေမှာ နေ့စားလုပ်နေကြတဲ့သူတွေက ရာနဲ့ချီရှိတယ်။ ဒီလူတွေအတွက်ကို အဓိကရည်ရွယ်ပြီး အခြေခံစားသောက်ကုန်တွေ ထောက်ပံ့ပေးတာပါ" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးစိန်အုန်းက ပြောကြားသည်။

ယင်းလှူဒါန်းမှုတွင် မြန်မာ့ရုပ်ရှင်လောကရှိ စက်မှုအဖွဲ့မှ မီးထိုး၊ မှန်ထိုး၊ ထော်လီတွန်း၊ ဂယ်ဖာ စသော ရုပ်ရှင်အစည်းအရုံးအသိအမှတ်ပြု နေ့စားလုပ်သား ၅၀၀ ခန့်အား သုံးပေအကွာဖြင့် တစ်ဦးချင်းအလိုက် တန်းစီစေကာ ဆန်လေးပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀ လုံး၊ အာလူးတစ်ပိဿာ၊ ကြက်သွန်တစ်ပိဿာ စသော အခြေခံစားသောက်ကုန်များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါထောက်ပံ့မှုအတွက် သုံးရောင်ခြယ်ပြည်သူ့အကျိုးပြုလူမှုကွန်ရက်နှင့်အတူ မင်္ဂလာရုပ်ရှင်၊ လက်ကီးဆဲဗင်းရုပ်ရှင်ထုတ်လုပ်ရေး၊ City FM ၊ ရွှေနေခြည်ကုမ္ပဏီ၊ အောင်သရဖူ၊ အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေးနှင့် Mandalay Film Production တို့မှ ပူးပေါင်းလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မောင်**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စေတနာ့ဝန်ထမ်းများအား သင်တန်းပို့ချ

**ဖယ်ခုံ ဇွန် ၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဖယ်ခုံမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်နေသော စေတနာ့ဝန်ထမ်းများအား အသိပညာပေးသင်တန်းကို ဇွန် ၆ ရက်က မြို့နယ်ခန်းမဆောင်၌ ကျင်းပသည်။

ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေရီချို့နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်တို့က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် ဖယ်ခုံမြို့နယ်အတွင်းမှ စေတနာ့ဝန်ထမ်း ၅၀ တက်ရောက်ခဲ့ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ကျော်ဦးနှင့် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အိအိနွယ်တို့က ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ဆောင်ရွက်ရာတွင် စေတနာ့ဝန်ထမ်းများ၏ အခန်းကဏ္ဍ၊ စေတနာ့ဝန်ထမ်းတာဝန်နှင့် လုပ်ငန်းလမ်းညွှန်၊ ပြောဆိုဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာ ကျွမ်းကျင်မှု၊ စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးမှုပေးခြင်း၊ ဦးတည်အုပ်စုအလိုက် ဝန်ဆောင်မှုပေးခြင်း၊ ကူးစက်ရောဂါကာကွယ်ရေးဝတ်စုံ ဝတ်ဆင်သုံးစွဲခြင်း စသည့်သင်ခန်းစာများကို တစ်ရက်တာဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

ဖယ်ခုံမြို့နယ်၌ ပြည်တွင်းပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ စုစုပေါင်း ၇၀၇ ဦးအနက် ၅၆၀ Quarantine ဝင်ခဲ့ပြီး ကျန်သော ၁၄၇ ဦးတွင် Quarantine Center ၅၃ ဦး၊ Home Quarantine ၉၄ ဦးဝင်လျက်ရှိကြောင်း မြို့နယ် တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မုံရွာမြို့ကုန်စည်ဒိုင်၌ တစ်ပတ်အတွင်းပဲတီစိမ်းနှင့် နှမ်း ဈေးနှုန်းများကျဆင်း

**မုံရွာ ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကုန်စည်ဒိုင်၌ တစ်ပတ်အတွင်း ပဲတီစိမ်းနှင့် နှမ်း ဈေးနှုန်းများ ကျဆင်းလျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင်သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ဦးတင်ကိုကိုထံမှ သိရသည်။

"ပဲတီစိမ်းတစ်တင်းလျှင် ယခင်တစ်ပတ်က ၃၇၀၀၀ ဈေးရောင်းရသော်လည်း ယခုတစ်ပတ် ၃၅၀၀၀ နှင့် ၃၃၅၀၀ ကြားရှိပြီး နှမ်းတစ်တင်းလျှင် ယခင်တစ်ပတ် ၄၂၀၀၀ ဈေးရောင်းရသော်လည်း ယခုတစ်ပတ် ၄၀၀၀၀ နှင့် ၃၉၅၀၀ ကြားသာ ရောင်းရသည့်အတွက် တစ်ပတ်အတွင်း ပဲတီစိမ်းနှင့် နှမ်းများ တင်း ၁၀၀ လျှင် ငွေကျပ် ၂၀၀၀၀၀ ထိ ဈေးနှုန်းကျဆင်းသွားကြောင်း၊ ပဲတီစိမ်းနှင့် နှမ်း စသည့် ကုန်စည်များကို ပြည်ပဈေးကွက်အနေဖြင့် တရုတ်နိုင်ငံမှ ဝယ်ယူမှုနည်းသည့်အပြင် ပြည်တွင်းကပါ ဝယ်ယူစားသုံးမှုနည်းသောကြောင့် ဈေးနှုန်းများ ကျဆင်း ရခြင်းဖြစ်ကြောင်း" ဦးတင်ကိုကိုက ဆက်လက်ပြောကြားသည်။

မုံရွာကုန်စည်ဒိုင်အတွင်း အသင်းသားများ ဝင်ရောက်သည့်အခါ နှာခေါင်းစည်းတပ်ခြင်း၊ လက်ဆေးခြင်း၊ အပူချိန်တိုင်းတာခြင်းများ ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ရောင်းဝယ်သူများအနေဖြင့် စားပွဲခုံတစ်ခုံနှင့် တစ်ခုံကြား လေးပေအကွာထားရှိပြီး စားပွဲခုံတစ်ခုံလျှင် ရောင်းသူနှစ်ဦး၊ ဝယ်သူနှစ်ဦးသာ ရောင်းဝယ်ခွင့်ပြုမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

**မွေးကြူဇင်**
**(မုံရွာကိုယ်ပွား)**

# အားကစား

## အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီအစည်းအဝေးတွင် အာဆီယံအဆင့်ပြိုင်ပွဲများအတွက် အတည်ပြုမည်

**ရန်ကုန် ဇွန် ၇**

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရွှေ့ဆိုင်းထားသည့်ပြိုင်ပွဲများအပါအဝင် ယခုနှစ်အတွင်းကျင်းပမည့် အာဆီယံအဆင့်ပြိုင်ပွဲများနှင့်ပတ်သက်၍ ဇွန် ၁၁ ရက်တွင် Video Conferencing ဖြင့် ပြုလုပ်မည့် အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီအစည်းအဝေးတွင် အတည်ပြုဆုံးဖြတ်သွားမည်ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်အတွင်း ပြိုင်ပွဲကိုးခုကျင်းပရန် စီစဉ်ထားပြီး ကိုရိုနာဗိုင်းရပ်စ်အခြေအနေကြောင့် ပြိုင်ပွဲအချို့ ရွှေ့ဆိုင်းထားရာ စက်တင်ဘာလနောက်ပိုင်းမှသာ ပြိုင်ပွဲအားလုံးပြန်လည်ကျင်းပမည်ဖြစ်သည်။ ယင်းအစည်းအဝေးတွင် အာဆီယံဘောလုံးအဖွဲ့ချုပ်၏ ယခုနှစ်နှင့် လာမည့်နှစ်များတွင် ဆောင်ရွက်မည့်အစီအစဉ်များအား ဆွေးနွေးမည်ဖြစ်သည့်အပြင် ယခုနှစ်အတွင်းကျင်းပမည့်ပြိုင်ပွဲများ ကျင်းပနိုင်ခြင်း ရှိ၊ မရှိ၊ ကျင်းပဖြစ်ပါက ကျင်းပမည့်ကာလနှင့် အိမ်ရှင်နိုင်ငံအတွက် ဆွေးနွေးမည်ဖြစ်သည်။ ထို့ကြောင့် ပြိုင်ပွဲများကျင်းပနိုင်ခြင်း ရှိ၊ မရှိကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားသည့် နိုင်ငံများနှင့် ဆွေးနွေးသွားမည်ဖြစ်သည်။ မြန်မာအသင်းသည် ယခုနှစ်အတွင်းကျင်းပမည့်ပြိုင်ပွဲများအနက် အာဆီယံသဲသောင်ပြင်ဘောလုံးပြိုင်ပွဲမှလွဲ၍ ကျန်ပြိုင်ပွဲရှစ်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။


အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်အတွင်း အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ၊ အာဆီယံ ယူ-၁၉ အမျိုးသားပြိုင်ပွဲ၊ အာဆီယံ ယူ-၁၆ အမျိုးသားပြိုင်ပွဲ၊ အာဆီယံ အမျိုးသမီးပြိုင်ပွဲ၊ အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲ၊ အာဆီယံ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲ၊ အာဆီယံဖူဆယ်ပြိုင်ပွဲ၊ အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲနှင့် အာဆီယံသဲသောင် ပြင်ဘောလုံးပြိုင်ပွဲတို့ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲများ အနက် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတစ်ခုသာ အိမ်ရှင်နိုင်ငံမရှိဘဲ အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် ကျင်းပမည်ဖြစ်ကာ ကျန်ပြိုင်ပွဲရှစ်ခုကို အင်ဒိုနီးရှားနိုင်ငံက ပြိုင်ပွဲလေးခု၊ ထိုင်းနိုင်ငံက ပြိုင်ပွဲသုံးခုနှင့် ဖိလစ်ပိုင်နိုင်ငံက ပြိုင်ပွဲတစ်ခု ကျင်းပမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီအစည်းအဝေးတွင် အတည်ပြုပြီးပါက ယခုနှစ်အတွင်းကျင်းပမည့် အာဆီယံအဆင့်ပြိုင်ပွဲများအတွက် ကျင်းပမည့်ကာလနှင့် အိမ်ရှင်နိုင်ငံတို့ကို ထုတ်ပြန်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ယခုနှစ်အတွင်း ကျင်းပမည့်ပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းမရှိကြောင်း သိရသည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီအစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများ၏ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးများ တက်ရောက်ဆွေးနွေးမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

## မန်ယူအသင်းက တောင်ပံကစားသမား ဒန်နီယယ်ဂျိမ်းစ်ကို စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရေး ကမ်းလှမ်းမည်



မန်ယူအသင်းဟာ အသက် ၂၂ နှစ်အရွယ်ရှိ ဝေးလ်တောင်ပံကစားသမား ဒန်နီယယ်ဂျိမ်းစ်ကို စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုရေး ကမ်းလှမ်းသွားမယ်လို့ သိရပြီး ဒန်နီယယ်ဂျိမ်းစ်ဟာ လာမယ့်ဘောလုံးရာသီမှာ စာချုပ်သက်တမ်းကုန်ဆုံးမှာဖြစ်တယ်လို့လည်း သိရပါတယ်။

မန်ယူအသင်းအနေနဲ့ တောင်ပံကစားသမား ဒန်နီယယ်ဂျိမ်းစ်ကို စာချုပ်သစ်ချုပ်ဆိုဖို့ စီစဉ်နေတဲ့အပြင် ညာတောင်ပံတိုက်စစ်အတွက် ဒေါ့မွန်အသင်းရဲ့ တောင်ပံကစားသမား ဂျာဒန်ဆန်ချိုကိုလည်း ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပါတယ်။

ဒန်နီယယ်ဂျိမ်းစ်ဟာ လွန်ခဲ့တဲ့တစ်နှစ်က ချန်ပီယံရှစ်ကလပ် ဆွမ်ဆီးအသင်းကနေ ပြောင်းရွှေ့ကြေးပေါင် ၁၅ သန်းနဲ့ မန်ယူအသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး အခုနှစ်ဘောလုံးရာသီမှာ နည်းပြဆိုးရှားရဲ့ မန်ယူအသင်းအတွက် ၃၇ ပွဲ ပါဝင်ကစားပေးခဲ့ရာမှာ လေးဂိုးအထိသွင်းယူပေးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

မန်ယူအသင်းက ခေါ်ယူဖို့စီစဉ်နေတဲ့ ဂျာဒန်ဆန်ချိုဟာ အခုနှစ်ဘောလုံးရာသီမှာ ဒေါ့မွန်အသင်းအတွက် ၁၇ ဂိုးသွင်းယူပေးထားကာ ၁၆ ဂိုးဖန်တီးပေးထားနိုင်ခဲ့သူလည်းဖြစ်ပြီး ဂျာဒန်ဆန်ချိုကို ခေါ်ယူဖို့ ပေါင်သန်း ၁၀၀ သုံးစွဲရဖို့လည်း ရှိနေတာဖြစ်ပါတယ်။ မန်ယူအသင်းနည်းပြ ဆိုးရှားဟာ ဒန်နီယယ်ဂျိမ်းစ်နဲ့ ဂျာဒန်ဆန်ချိုတို့ကို အသင်းရဲ့ တိုက်စစ်ပိုင်းမှာ တွဲဖက်ကစားစေဖို့လည်း မျှော်လင့်နေတာဖြစ်ပါတယ်။

## လက်စတာစီးတီးနောက်ခံလူ ကယ်ဗင်ဘတ်ဆေး ရိန်းဂျားအသင်းနဲ့ အကြိုစာချုပ်တစ်ရပ်ချုပ်ဆို

လက်စတာစီးတီးအသင်းနောက်တန်းကစားသမား ကယ်ဗင်ဘတ်ဆေးဟာ ရိန်းဂျားအသင်းသို့ ပြောင်းရွှေ့ကစားရန် အကြိုစာချုပ်တစ်ရပ်ချုပ်ဆိုလိုက်ပြီဖြစ်တယ်လို့ သိရပါတယ်။

အသက် ၂၀ အရွယ်ရှိ နောက်တန်းကစားသမား ကယ်ဗင်ဘတ်ဆေးဟာ ရိန်းဂျားအသင်းနဲ့ လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုရန် သဘောတူညီခဲ့တာဖြစ်ပြီး အပြောင်းအရွှေ့ဈေးကွက်ဖွင့်ချိန်မှာ ရိန်းဂျားအသင်းဆီ ပြောင်းရွှေ့ကစားမှာလည်းဖြစ်ပါတယ်။

နောက်တန်းကစားသမားဘတ်ဆေးဟာ ဘယ်နောက်ခံကစားသမားနေရာမှာ ကစားနိုင်သလို ဗဟိုခံစစ်ကစားသမားနေရာမှာလည်း ကစားနိုင်သူဖြစ်တယ်လို့ ရိန်းဂျားအသင်းက ပြောကြားခဲ့ပါတယ်။ နောက်တန်းကစားသမား ဘတ်ဆေးကို ခေါ်ယူချင်တဲ့အသင်းအတော်များများရှိခဲ့တာကြောင့် ရိန်းဂျားအသင်းဆီ



အရောက်ခေါ်ယူဖို့ ကြိုးပမ်းခဲ့တာဖြစ်တယ်လို့ ရိန်းဂျားအသင်းနည်းပြ စတီဗင်ဂျာရတ်က ပြောကြားခဲ့ပါတယ်။

**ငွေကြယ် - ရေးသားသည်**

## ချင်းပြည်နယ် မင်းတပ်ခရိုင် ငါးသားဖောက်ရုံ၌ ငါးဆေးထိုးသားဖောက်ခြင်း ဆောင်ရွက်



မင်းတပ် ဇွန် ၇
မင်းတပ်မြို့နယ် ဘောင်ထဲကျေးရွာရှိ ဦးလောဟုန်း၏ တစ်ပိုင်တစ်နိုင်ငါးသားဖောက်စခန်းတွင် မင်းတပ်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန၏ နည်းပညာအကူအညီ ရယူလျက် ငါးခုံးမကြီးငါးဆေးထိုးသားဖောက်ခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့ရာ ငါးမွှုံကောင်ရေ နှစ်သိန်းရရှိမည်ဟု သိရှိရသည်။

ငါးမွှုံများ ပြုစုရန်အတွက် ပြုစုကန်အား အခြောက်ခံခြင်း၊ ထုံးဖြူးခြင်း၊ သဘာဝမြေသြဇာထည့်သွင်းခြင်း စသည့်လုပ်ငန်းများကိုလည်း လုပ်ကိုင်ပေးခဲ့ကြောင်းနှင့် အဆိုပါတစ်ပိုင်တစ်နိုင်ငါးသားဖောက်ရုံမှ ငါးသားပေါက်များအား မြို့နယ်အတွင်းရှိ တစ်ပိုင်တစ်နိုင်ငါးကန်များသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေး ရဲတပ်ဖွဲ့ဝင်များအား ဆန်နှင့် ဆီများထောက်ပံ့

ရန်ကုန် ဇွန် ၇
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရဲတပ်ဖွဲ့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးခြင်းနှင့် ရဲတပ်ဖွဲ့ဝင်များအား ဆန်နှင့် ဆီများထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီခွဲက အဆိုပါ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

သန်လျင်မြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းဦးက မြို့နယ်ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကျန်းမာရေးစည်းကမ်းချက်များနှင့်အညီ စနစ်တကျဆောင်ရွက်ရေး၊ သတ်မှတ်အကွာအဝေးများအတိုင်း နေထိုင်ရေးနှင့် တာဝန်အရအပြင်ထွက်သည့်အခါ နှာခေါင်းစည်းများဝတ်ဆင်ကြရန်နှင့် စနစ်တကျလက်ဆေးကြရန် မှာကြားသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့ဝင် အရာရှိ၊ အခြားအဆင့်နှင့် စာရေးဝန်ထမ်း စုစုပေါင်း ၁၁၇ ဦးတို့အား တစ်ဦးလျှင် ဆန်ခုနစ်ပြည်နှင့် ဆီတစ်ပိဿာတို့ကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းဦးနှင့် မြို့မရဲစခန်း စခန်းမှူး ဒုရဲမှူးစိုးဝင်းတို့က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သက်ခိုင် (သန်လျင်)



# ကြက်မွေးမြူရေးလုပ်ငန်းများ ယာယီရပ်တန့်သွားမှုကြောင့် ကြက်သားဈေးကွက်အတွင်း လက်လီဈေးနှုန်း တစ်ပိဿာ ကျပ် ၈၀၀၀ နှုန်းအထိ မြင့်တက်လာ

မန္တလေး ဇွန် ၇
ပြည်တွင်း ကြက်မွေးမြူသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာလအတွင်း ကြက်မွေးမြူရေးလုပ်ငန်းများ ယာယီရပ်တန့်သွားမှုကြောင့် ကြက်သားထုတ်လုပ်မှု လျော့ကျကာ ယခုရက်ပိုင်းအတွင်း ဈေးကွက်အတွင်း၌ ကြက်သား လက်လီဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၈၀၀၀ နှုန်းအထိ မြင့်တက်လာကြောင်း သိရသည်။

### မြင့်တက်လာ

မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း ဧပြီလဆန်းမှ မေလဆန်းအထိ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအတွက် ကန့်သတ်မှုများကြောင့် အသားတိုးကြက်မွေးမြူသည့် ကြက်ခြံ ၄၀ ရာခိုင်နှုန်းခန့် ကြက်သားပေါက်အသစ်များ မွေးမြူမှုရပ်တန့်ခဲ့သဖြင့် ကြက်သားထုတ်လုပ်မှု လျော့ကျကာ ကြက်သားဈေးနှုန်းများ မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ မွေးမြူရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာကျော်ထင်က ပြောသည်။

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ဖို့အတွက် ကန့်သတ်ပိတ်ပင်မှုတွေ ရှိလာတာကြောင့် ဈေးကွက်ပျက်မှာ စိုးရိမ်ပြီး ကြက်မွေးမြူသူတွေက ကြက်သားပေါက်တွေကို ခြံတွေမှာ မမွေးနိုင်တော့ဘူး။ အမှန်တကယ်ဆိုရင် ကိုဗစ်-၁၉ ရောဂါကြောင့် အကန့်အသတ်နဲ့ ယာယီပိတ်ထားတဲ့ လုပ်ငန်းတွေထဲမှာ ကြက်မွေးမြူတဲ့ လုပ်ငန်းတွေမပါဘဲ ဆက်လက်လုပ်ကိုင်ခွင့် ပြုထားတာပါ။ ဒါပေမယ့် အချို့နေရာဒေသတွေမှာ နားလည်မှုလွဲပြီး ပိတ်ပင်တာတွေရှိခဲ့တယ်။ ဒါကြောင့် ခြံရှင်တွေကလည်း မွေးပြီး ဈေးကွက်ကို ပို့လို့မရမှာ စိုးရိမ်တဲ့အတွက် ကြက်သားပေါက် အသစ်မွေးတာတွေကို ရပ်ပစ်လိုက်ကြတယ်။ ဒါကြောင့် မွေးမြူမှု အဆက်ပြတ်သလိုဖြစ်သွားတဲ့အတွက် ကြက်သားဈေးနှုန်းတွေက လိုအပ်တာထက်ပိုပြီး ဈေးတက်သွားတာပါ"ဟု ၎င်းက ပြောသည်။

လက်ရှိတွင် မေလ တတိယပတ်မှ စတင်၍ ပြည်တွင်း ကြက်သားပေါက်ဖောက်စက်များလည်း ပုံမှန်ထုတ်လုပ်လျက်ရှိသည့်အပြင် ထိုင်းနိုင်ငံမှလည်း ကြက်သားပေါက်ကောင်ရေ ကိုးသိန်းကျော်တင်သွင်းကာ မွေးမြူရေးလုပ်ငန်းများ ပုံမှန်ပြန်လည် လုပ်ဆောင်လျက်ရှိသည့်အတွက် ဇွန်လ တတိယပတ်အတွင်း ကြက်သားဈေးနှုန်းများ ပုံမှန်ဈေးနှုန်းများသို့ ပြန်လည်ရောက်ရှိသွားမည်ဖြစ်ကြောင်း သိရသည်။

### ပြန်လည်မွေးမြူ

"အရင်က အသားတိုးကြက်တစ်ကောင်ကို ခြံဖမ်းဈေးက ကျပ် ၂၄၀၀ နဲ့ ကျပ် ၂၅၀၀ ကြားပဲရှိပေမယ့် အခုအချိန်မှာ ကျပ် ၄၅၀၀ လောက်ဖြစ်သွားတယ်။ ကြက်မွေးမြူသူတွေအနေနဲ့ ထုတ်လုပ်မှု စရိတ်အရ တစ်ပိဿာကို ကျပ် ၂၈၀၀ နဲ့ ကျပ် ၃၀၀၀ လောက်ဆိုရင် အဆင်ပြေတဲ့ ဈေးနှုန်းပါ။ လက်ရှိအချိန်မှာ ကြက်တွေကို ပုံမှန်အတိုင်း ပြန်လည်မွေးမြူနေကြပါပြီ။ အသားတိုးကြက်မွေးမြူမှုက ရက် ၄၀ လောက်ပဲ ကြာတာဖြစ်တဲ့အတွက် ဇွန်လ တတိယပတ်လောက်ဆိုရင် ကြက်သားဈေးက ပုံမှန်ဖြစ်သွားမှာပါ" ဟု ၎င်းက ဆက်လက်ပြောသည်။



မန္တလေး ကြက်သားဈေးကွက်တွင် လက်ရှိဖြစ်ပေါ်နေသည့် အသားတိုးကြက်ခြံဖမ်းဈေးမှာ တစ်ကောင်လျှင် ကျပ် ၅၅၀၀ နှုန်း၊ ကြက်ကောင်လုံး တစ်ပိဿာလျှင် ကျပ် ၇၅၀၀ နှုန်း၊ ရင်အုပ်သား တစ်ပိဿာလျှင် ကျပ် ၁၀၅၀၀ နှုန်း၊ ကြက်ပေါင် တစ်ပိဿာလျှင် ကျပ် ၉၀၀၀ နှုန်းနှင့် တောင်ပံ တစ်ပိဿာလျှင် ကျပ် ၈၀၀၀ နှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း မန္တလေးကြက်သားရောင်းဝယ်ရေးဒိုင်များမှ သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

## အုတ်တွင်းမြို့ သကြားစက်ရုံ၌ လူမှုဖူလုံရေးအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းပေးအပ်

အုတ်တွင်း ဇွန် ၇
ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားရှိသော အုတ်တွင်းသကြားစက်ရုံသည် ကိုဗစ် ၁၉ ကာလအတွင်း စက်ရုံပိတ်ထားရသည့်အတွက် အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ပေးအပ်ပွဲအခမ်းအနားကို အုတ်တွင်းသကြားစက်ရုံ အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက် ၁၁ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အုတ်တွင်းသကြားစက်အား ယာယီပိတ်သိမ်းခဲ့ပြီးနောက်ပိုင်း ပူးပေါင်းကျွမ်းကျင်သူများအဖွဲ့ကစစ်ဆေးခဲ့ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသည့်အားလျော်စွာ စက်ရုံအား ပြန်လည်ဖွင့်လှစ်လည်ပတ်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

၁၅ ရက်ကြာပိတ်ထားခဲ့ရသော အချိန်ကာလအတွင်း လုပ်ခလစာငွေလျော့နည်းသွားသော အာမခံလုပ်သား ၂၀၉ ဦးအား ၄၀ ရာခိုင်နှုန်း အကျိုးခံစားခွင့်ငွေကျပ် ၇၉၅၉၆၀၀ ကို ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ယနေ့ပြုလုပ်သည့်အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီဥက္ကဋ္ဌ ဒေါက်တာကျော်ကျော်၊ မြို့နယ်လူမှုရေးရုံး ရုံးခွဲတာဝန်ခံ ဒေါ်တင်စိုးနွယ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

## ကျိုင်းတုံမြို့နယ် နောင်တုံကန်ရေအရည်အသွေးကောင်းမွန်၊ ငါးများပေါက်ပွားရှင်သန်

ကျိုင်းတုံ ဇွန် ၇
ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ မြို့ကျက်သရေဆောင် နောင်တုံကန်၏ ရေအရည်အသွေးနှင့် ရေသြဇာဓာတ်အနိမ့်အမြင့်တို့ကို ကျိုင်းတုံခရိုင်ငါးလုပ်ငန်းဦးစီးဌာနဝန်ထမ်းများက ပုံမှန်တိုင်းထွာစစ်ဆေးပေးလျက်ရှိကာ နောင်တုံကန်အတွင်း တီလားပီးယား ငါးမျိုးစိတ်သည် အများဆုံးပေါက်ပွားရှင်သန်နေပြီး ကျန်ငါးမျိုးစိတ်များမှာ ရွှေဝါငါးကြင်း၊ ငါးရံ့၊ ငါးခူ၊ ငါးမြစ်ချင်းနှင့် ငါးခုံးမအရိုင်းအုပ်စုဝင် ငါးလေးများ ဖြစ်ကြသည်။

ယခုနှစ်တွင် မိုးစတင်ရွာသွန်းလာပြီဖြစ်ရာ နေပူချိန်ကြောင့် ရေခန်းခြောက်မှုဒဏ် လျော့နည်းသက်သာခဲ့ပြီး ဆည်ရေမှာလည်းကန်အတွင်းသို့ စတင်ဝင်ရောက်နေသောကြောင့် နောင်တုံကန်၏ ရေအရည်အသွေးကောင်းမွန်လျက်ရှိနေလုံလောက်စွာရှိကြောင်း သိရသည်။

သတင်းစဉ်



## ဒိုက်ဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ဂရန်အင်းများ လေလံတင်ရောင်းချ

ဒိုက်ဦး ဇွန် ၇
၂၀၂၀-၂၀၂၁ လုပ်ငန်းရာသီနှစ် ဂရန်အင်းများ ပထမအကြိမ် လေလံတင်ရောင်းချခြင်းကို ယမန်နေ့ နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းဝင်းမြင့်၊ ခရိုင်ဦးစီးဌာနမှူး ဦးဇော်မြင့်နိုင်၊ ဒိုက်ဦးမြို့နယ် အင်းလေလံတင်ရောင်းချရေးအဖွဲ့ဝင်များ၊ အင်းလေလံဆွဲဝယ်ယူသူများ တက်ရောက်ကြသည်။

၂၀၂၀-၂၀၂၁ လုပ်ငန်းရာသီနှစ် ဂရမ်အင်းများ ပထမအကြိမ် လေလံတင်ရောင်းချရာတွင် အင်းပေါင်း ၂၉ အင်း လေလံတင်ခဲ့ရာ လေလံဆွဲအင်း ၁၅ အင်းရောင်းချခဲ့ရပြီး ဒုတိယအကြိမ် လေလံတင်ရောင်းချခြင်းကို ဇွန် ၂၂ ရက်တွင် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်(ဒိုက်ဦး)

# အရန်ဆန် ဝယ်ယူ၊ စစ်ဆေး၊ လက်ခံ၊ သိုလှောင်ခြင်းများဆောင်ရွက်၊ တစ်လကျော်အတွင်း တန်ချိန် ၃၂၀၀၀ ခန့် ဝယ်ယူထား

**ရန်ကုန် ဇွန် ၇**

နိုင်ငံတော်အရန်ဆန် ဝယ်ယူ၊ စစ်ဆေး၊ လက်ခံ၊ သိုလှောင်ခြင်းများ ဆောင်ရွက်လျက်ရှိရာ တစ်လကျော်အတွင်း တန်ချိန် ၃၂၀၀၀ ခန့်ကို ဝယ်ယူထားရှိပြီးဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှ သိရသည်။

နိုင်ငံတော်၏ အရန်ရိက္ခာဆန် အစီအစဉ်အတွက် အရန်ဆန် ဝယ်ယူ၊ စစ်ဆေး၊ လက်ခံ၊ သိုလှောင်ခြင်းများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ MITS နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့က မေ ၃၀ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ဇွန် ၅ ရက်အထိ ပြည်ပတင်ပို့မည့် ကုမ္ပဏီ ၁၁၀ ထံမှ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝယ်ယူလက်ခံထားရာ သိုလှောင်ရုံကိုးခုတွင် တန်ချိန် ၃၂၀၀၀ ခန့်ရှိကြောင်း သိရသည်။

နိုင်ငံတော်၏ အရန်ရိက္ခာအစီအစဉ်အောက်တွင် အရန်ဆန်ထားရှိရေးအတွက် ဆန်ပြည်ပတင်ပို့မှုနှင့်ဆက်စပ်ပြီး Exporter များအနေဖြင့် ပြည်ပတင်ပို့မှု၏ ၁၀ ရာခိုင်နှုန်း ပမာဏကို အရန်ဆန် (25% broken, well-milled & sorted grade) အဖြစ် သတ်မှတ်သိုလှောင်ရုံများတွင် ပေးသွင်းရမည်ဖြစ်ကာ တတိယအဖွဲ့အစည်းဖြစ်သော MITS မှ စစ်ဆေးလက်ခံယူလျက်ရှိသည်။

ထိုသို့ လက်ခံယူရာတွင် ပင်လယ်ရေကြောင်းမှ တင်ပို့မှုအတွက် ရန်ကုန်တိုင်းဒေသကြီးက အရန်ဆန် လက်ခံလျက်ရှိပြီး နယ်စပ်မှ တင်ပို့မှုအတွက် မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနက သိုလှောင်ထိန်းသိမ်းကြီးကြပ်လက်ခံလျက်ရှိသည်။

သို့ဖြစ်၍ ဆန်စပါးဈေးကွက်သည် ပြည်တွင်းဖူလုံမှု အပြည့်အဝရှိသည့်အပြင် လိုအပ်ပါကရိက္ခာဖြန့်ဖြူးရေးအတွက် အရန်ဆန်ထားရှိရေးကိုပါ စီစဉ်ဆောင်ရွက်ထားသဖြင့် လုံလောက်ဖူလုံမှုရှိကြောင်း၊ ပြည်ပတင်ပို့မှုကိုလည်း ၂၀၂၀ ပြည့်နှစ် မေလမှစတင်၍ ပုံမှန်အတိုင်းဆောင်ရွက်လျက်ရှိကာ လက်ရှိဘဏ္ဍာနှစ်တွင် တန်ချိန် နှစ်သန်းကျော်တင်ပို့ရန် ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှ သိရသည်။

လက်ရှိ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ပြည်တွင်း/ပြည်ပ ဈေးကွက်အခြေအနေနှင့် ကိုဗစ်-၁၉ ရောဂါအခြေအနေတို့ပေါ်တွင် မူတည်၍ ပြည်ပတင်ပို့မှုကို နိုင်ငံတော်အစိုးရနှင့် ညှိနှိုင်းတင်ပြ အကြံပြုဆောင်ရွက်လျက်ရှိကြောင်း၊ စားသုံးသူပြည်သူများအတွက်လည်း ကိုဗစ်-၁၉ ရောဂါကာလတွင် ဆန်ဈေးသင့်တင့်မျှတစေရန် အသင်းချုပ်၊ ညီနောင်အသင်းများနှင့်ကုန်စည်ဒိုင်များ၊ ဆန်စပါးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဆန်စားသုံးမှုတွင် ပြည်တွင်းဈေးကွက်သည် ထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းကျော်ဖြစ်ပြီး ပြည်ပတင်ပို့မှုသည် ထုတ်လုပ်မှု၏ ၂၀ ရာခိုင်နှုန်းကျော်ဖြစ်သဖြင့် ပြည်တွင်း/ပြည်ပ ဈေးကွက်နှစ်ခုစလုံးအတွက် ချင့်ချိန်သုံးသပ်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှ သိရသည်။

လက်ရှိ ကိုဗစ်-၁၉ ရောဂါကာလအတွင်း ဆန်ပြည်ပတင်ပို့မှုအနေဖြင့် ပြီးခဲ့သည့် မေလမှစ၍ လစဉ် တန်ချိန် ၁၅၀၀၀၀ (+/-၁၀%) ခန့်ကို ပင်လယ်ရေကြောင်းမှ တန် ၁၀၀၀၀၀ (+/-၁၀%) နှင့် နယ်စပ်မှ တန် ၅၀၀၀၀ (+/-၁၀%) တင်ပို့ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ညှိနှိုင်းသတ်မှတ်ထားပြီး အာဆီယံနိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံများအား G to G ညှိနှိုင်းရောင်းချရန်လည်း ဆွေးနွေးစီစဉ်လျက်ရှိကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

# နွေစပါးများအောင်မြင်ဖြစ်ထွန်း၍ တစ်ဧကတင်း ၁၀၀ ကျော်ထွက်ရှိနိုင်

**မန္တလေး ဇွန် ၇**

မန္တလေးမြို့ အမရပူရမြို့နယ်တွင် ဆည်တော်ကြီးဆည်ရေမှ ပေးလွှတ်သောရေဖြင့် နွေစပါးဧက ၇၄၈၀ နှင့် နှမ်း ဧက ၄၈၀၀ ကို လျာထားစိုက်ပျိုးခဲ့ရာ နွေစပါးနှင့် နှမ်းများအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ယခုနှစ် နွေစပါးစိုက်ပျိုးမှုတွင် ရွှေသွယ်ရင်စပါးကို အများဆုံး စိုက်ပျိုးပြီး အနှံထွက်နှုန်းမှာ ယခင်နှစ်ကထက် ပိုမိုကောင်းမွန်သဖြင့် တစ်ဧကလျှင် တင်း ၁၀၀ ကျော်ထွက်ရှိနိုင်ကြောင်း တမုတ်ဆိုးကျေးရွာမှ တောင်သူတစ်ဦးက ပြောပြသည်။

အမရပူရမြို့နယ်တွင် လယ်မြေ၊ယာမြေ၊ ကိုင်း/ကျွန်း၊ ဥယျာဉ်မြေများ မြေယာအသုံးချမှုစာရင်းအရ ၅၁၂၆၈ ဧကရှိပြီး ယခုနှစ်နွေရာသီတွင် နွေစပါးစိုက်ဧက ၇၄၈၀ နှင့် နှမ်း ဧက ၄၈၀၀ စိုက်ပျိုးရာတွင် အမရပူရမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ တောင်သူလက်ဝယ်ရောက်ရှိရေးနှင့်နှမ်းစိုက်ပျိုးမှုတွင် GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက် ကူညီပေးခဲ့သည်။ နွေစပါးစိုက်ပျိုးရာတွင် သက်တမ်းတို အထွက်တိုးသည့် ရွှေသွယ်ရင်စပါးမျိုးကို အများစုစိုက်ပျိုးကြသည်။

အမရပူရမြို့နယ်အတွင်းတွင် စိုက်ပျိုးရေး အောင်မြင်ဖြစ်ထွန်းကာ အထွက်တိုးရန်အတွက် ဒေါင်းရွှေးနည်းပညာပေးစင်တာ၊ နတ်ရေကန်နည်းပညာပေးစင်တာ၊ တမုတ်ဆိုးနည်းပညာပေးစင်တာ၊ ဆင်ရှာမြင်းမှူးနည်းပညာပေးစင်တာများအဖြစ် နည်းပညာပေးစင်တာ လေးခုထားရှိဆောင်ရွက်ခဲ့ရာ တောင်သူများကလည်း စိတ်ဝင်တစား ပူးပေါင်းဆောင်ရွက်ခဲ့သည့်အတွက် နွေစပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး မကြာမီရက်ပိုင်းအတွင်း နွေစပါးများ စတင်ရိတ်သိမ်းရတော့မည်ဖြစ်ကြောင်း သိရသည်။

**နွေနဒီ**
**(မြစ်ငယ်)**





## မိုးစပါးများအချိန်မီစိုက်ပျိုးနိုင်ရေး စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ဆောင်မှုပေးလျက်ရှိ

**ရန်ကုန် ဇွန် ၇**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် အမှတ် (၃၅) စက်မှုလယ်ယာစခန်းထောက်ကြန့်က ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ခရိုင်အတွင်းရှိမြို့နယ်များ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် တောင်သူလယ်သမားများ ရာသီချိန်အမီမိုးစပါးများ ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် ဇွန် ၅ ရက်က မှော်ဘီမြို့နယ်မြို့မ(၂) ရပ်ကွက် တောင်သူဦးလှသောင်း၏ လယ်ယာမြေ၌ မြေယာပြုပြင်ထွန်ယက်ခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပေးခြင်း စသည့် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် ယင်းစခန်းမှ ထွန်စက်ကြီး ၁၅ စီးဖြင့် ဝန်ထမ်းများသည် မှော်ဘီ၊ လှည်းကူး၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်များရှိ မိုးစပါးများစိုက်ပျိုးချိန်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ထွန်ယက်စိုက်ပျိုးရန်အခက်အခဲဖြစ်နေသော တောင်သူများ၏ လယ်မြေများတွင်လည်း လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါဌာနအနေဖြင့် လယ်သမားများ၏ လယ်ယာမြေများ၌ ထွန်စက်ကြီးများဖြင့် မြေယာပြုပြင်ခြင်း၊ ထွန်ယက်ခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းတို့အပြင် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခြင်း၊ လယ်ယာသုံးစက်ကိရိယာများကို တောင်သူများအား ကိုင်တွယ်မောင်းနှင် ထိန်းသိမ်းမှုသင်တန်းဖွင့်လှစ်သင်ကြားပေးခြင်း၊ ကောက်စိုက်စက်အားသရုပ်ပြသခြင်း၊ ကောက်ရိုးထုံးစက်ဖြင့် သရုပ်ပြသခြင်းစသည့် နည်းပညာများဖြန့်ဝေပေးခြင်းနှင့် တောင်သူများပိုင်စက်ကိရိယာများပြုပြင်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း မြောက်ပိုင်းခရိုင် စက်မှုလယ်ယာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွဋ်ထံမှ သိရသည်။

**ဉာဏ်ဟိန်း**

# မိုင်းယောင်း လိုင်ချီးသီးများရောင်းအားကောင်း

**မိုင်းယောင်း ဇွန် ၇**

မိုးစပါးစိုက်ရာသီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် နမ့်ယောင်းချောင်းအနီးဒေသမှ လိုင်ချီးသီးများ ရောင်းအားကောင်းလျက်ရှိကြောင်း ဗလမင်းထင်လမ်းဆုံအနီးမှ လိုင်ချီးသီးရောင်းချသူတစ်ဦးက ပြောကြားသည်။

"ကဆုန်-နယုန်လဆိုရင် လိုင်ချီးသီးတွေပေါ်ပြီ၊ နမ့်ယောင်းချောင်းအနီးကျေးရွာတွေကနေမှာယူပြီး တစ်စည်းကို ကျပ် ၅၀၀ ကတစ်မျိုး၊ ကျပ် ၁၀၀၀ ကတစ်မျိုး ရောင်းချပါတယ်၊ နမ့်ယောင်းချောင်းအနီးဒေသကထွက်တဲ့ လိုင်ချီးသီးက အခြားလိုင်ချီးသီးထက် စားလို့ပိုကောင်းတော့ ဈေးပိုရပါတယ်။ ဝယ်ယူသူကလည်း နမ့်ယောင်းချောင်းအနီးနယ်မြေမှာပေါက်တဲ့ လိုင်ချီးသီးကို ပိုပြီးကြိုက်ကြတော့ ရောင်းအားကောင်းပါတယ်၊ လက်လီတင်မကဘဲ နယ်ဝေးက လက်ကားမှာယူသူတွေလည်း အမှာများတော့ ရောင်းအားကောင်းပါတယ်" ဟု လိုင်ချီးသီးရောင်းချသူတစ်ဦးက ပြောကြားသည်။

နမ့်ယောင်းချောင်းအနီးဒေသမှထွက်သည့် လိုင်ချီးသီးသည် မိုင်းယောင်းတွင် ကလေးလူကြီးမရွေး ကြိုက်နှစ်သက်ကြသည်။ လယ်ယာလုပ်ငန်းခွင်အလုပ်များမှအပြန် မောမောနှင့်စားလျှင် ပို၍အရသာရှိကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**
**(ပြန်/ဆက်)**

# ဒုရင်ဂိုလ်မြစ်ရေတင်လုပ်ငန်းမှရေဖြင့် နွေစပါး၊ နွေနှမ်း၊ ကြံနှင့် အခြားသီးနှံများစိုက်ပျိုး

**အောင်လံ ဇွန် ၇**

သရက်ခရိုင် အောင်လံမြို့၌ ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ နွေသီးနှံဧက ၃၇၀၀ အား မြစ်ရေတင်လုပ်ငန်းလေးခုဖြင့် စိုက်ပျိုးရေပေးဝေရန်လျာထားခဲ့ရာ ယခုအခါ လျာထားဧက ပြည့်မီစွာစိုက်ပျိုးနိုင်ခဲ့ပြီး သီးနှံများအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်ကျော်ထံမှ သိရသည်။

ဒုရင်ဂိုလ်မြစ်ရေတင်လုပ်ငန်းသည် ရေတင်အဆင့်နှစ်ခုဖြင့် မိုးသီးနှံ၊ နွေသီးနှံများ နှစ်စဉ်စိုက်ပျိုးရေပေးဝေလျက်ရှိရာ နိုင်ငံတော်၏ပံ့ပိုးကူညီမှု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတို့ဖြင့် နှစ်စဉ်စိုက်ဧကတိုးတက်စိုက်ပျိုးနိုင်ရန် စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိပြီး ယခုနှစ်နွေရာသီတွင် နွေစပါးဧက ၂၀၀၀၊ နွေနှမ်း၊ကြံနှင့် အခြားသီးနှံ ဧက ၉၀၀ စုစုပေါင်းလျာထားဧက ၂၉၀၀ အား ပြည့်မီစွာ စိုက်ပျိုးရေများပေးဝေလျက်ရှိသည့်အပြင် ကျေးရွာသောက်သုံးရေအတွက်လည်း ဖြည့်ဆည်းပေးနိုင်ခဲ့သဖြင့် စိုက်ပျိုးရန်ခက်ခဲသောဒေသများတွင်ပါ များစွာအဆင်ပြေလာကြောင်း သိရသည်။

ဒုရင်ဂိုလ်မြစ်ရေတင်ဧရိယာ၌ ယခင်နှစ်နွေသီးနှံတွင် စပါးတစ်ဧကတင်း ၁၀၀ ကျော်နှင့် ကြံတစ်ဧကတန် ၆၀ နီးပါးထွက်ရှိခဲ့ကာ ယခုနှစ် နွေသီးနှံတွင်လည်း စိုက်ပျိုးရေအခက်အခဲမရှိသောကြောင့် ပိုမိုဖြစ်ထွန်းအောင်မြင်ပြီး သီးနှံထွက်နှုန်းတိုးလာနိုင်ကြောင်းနှင့် တောင်သူများအနေဖြင့်လည်း ရာသီဥတုပြောင်းလဲမှုနှင့် မိုးနည်းပါးလာမှုတို့ကြောင့် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများသည် များစွာအကျိုးပြုလျက်ရှိလာသည်ဟု ကသစ်ကန်ကျေးရွာမှ တောင်သူဦးစန်းလွင်က ပြောကြားသည်။

**သိန်းလွင်**
**(အောင်လံ)**

# မန္တလေးခရိုင်အတွင်းရှိ မြို့နယ်များတွင် ပျိုးပင်ပေါင်း ၁၇၀၀၀၀ ပျိုးထောင်ထားပြီး အခမဲ့ဖြန့်ဝေမည်



**မန္တလေး ဇွန် ၇**

မန္တလေးခရိုင်အတွင်းရှိမြို့နယ်များတွင် ပျိုးပင်ပေါင်း ၁၇၀၀၀၀ ပျိုးထောင်ထားပြီး အခမဲ့ဖြန့်ဝေသွားမည်ဖြစ်ကြောင်း မန္တလေးခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းဦးက ပြောကြားသည်။

အဆိုပါ ပျိုးပင်များကို မန္တလေးခရိုင်အတွင်းရှိ ဌာနဆိုင်ရာနှင့် အခြေခံပညာကျောင်းများတွင် ပျိုးပင်ပေါင်း ၂၄၀၀၀ ကျော်၊ တပ်ရင်းတပ်ဖွဲ့များတွင် ပျိုးပင်ပေါင်း ၅၃၀၀၀ ကျော်နှင့် ရပ်ကွက်/ကျေးရွာများရှိ ပြည်သူများသို့ ပျိုးပင်ပေါင်း ၉၀၀၀၀ ကျော် စုစုပေါင်းပျိုးပင် ၁၇၀၀၀၀ ကို အခမဲ့ဖြန့်ဝေသွားရန် ပျိုးထောင်ထားကြောင်း သိရသည်။

မန္တလေးခရိုင်အတွင်းရှိ မဟာအောင်မြေသစ်တောဦးစီးဌာနမှ စွယ်တော်ပျိုးဥယျာဉ်တွင် ပျိုးပင်ပေါင်း ၄၅၀၀၀၊ အောင်မြေသာစံမြို့နယ်သစ်တောဦးစီးဌာနမှ နန်းရှေ့ပျိုးဥယျာဉ်တွင် ပျိုးပင်ပေါင်း ၃၀၀၀၀ နှင့် ပုသိမ်ကြီးမြို့နယ်သစ်တောဦးစီးဌာနမှ ပုသိမ်ကြီးမြို့မပျိုးဥယျာဉ်၊ ကြာနီကန်ပျိုးဥယျာဉ်၊ သမ္မတောပျိုးဥယျာဉ်၊ ထုံးဘိုပျိုးဥယျာဉ်၊ ရွှေစာရံပျိုးဥယျာဉ်နှင့် ကျောက်ချောပျိုးဥယျာဉ် အစရှိသော ပျိုးဥယျာဉ်များတွင် ပျိုးပင်ပေါင်း ၉၅၀၀၀ ပျိုးထောင်ထားပြီး အခမဲ့ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ဇွန်လပထမအပတ်အထိ ပျိုးပင်ပေါင်း ၃၀၀၀၀ ကျော် အခမဲ့ဖြန့်ဝေစိုက်ပျိုး ပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မန္တလေးခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းဦးက ပြောကြားသည်။

မန္တလေးခရိုင်အတွင်း စိမ်းလန်းစိုပြည်သာယာလှပရေး၊ ပြည်သူများအနေဖြင့် သစ်ပင်အရေးပါမှုကို သိမြင်လာစေရေးနှင့် သစ်ပင်ကိုချစ်ခင်မြတ်နိုးပြီး ပြုစုထိန်းသိမ်းသည့်အလေ့အထကောင်းများ ပေါ်ပေါက်လာစေရန်ရည်ရွယ်ပြီး ပျိုးပင်များအား အခမဲ့ဖြန့်ဝေစိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

မန္တလေးခရိုင်သစ်တောဦးစီးဌာနအနေဖြင့် ခရိုင်အတွင်းရှိ မြို့နယ်တွင် ယူကလစ်၊ ကျွန်း၊ တမာ၊ ကုက္ကို၊ စိန်ပန်းကြီး၊ မဉ္ဇူသက၊ ငုရွှေဝါ၊ မဲဇလီ၊ ပင်လယ်ကဗွီး၊ ဗာဒံ၊ သဘော်တည်၊ ပနားမားငု၊ ယင်းမာ၊ မအူ၊ ဝါးအမျိုးမျိုး အစရှိသော အရိပ်ရပင်နှင့် အမြဲစိမ်းအပင်များ စုစုပေါင်း အပင်အမျိုးအစား ၂၁ မျိုး ပျိုးထောင်ထားပြီး အခမဲ့ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မန္တလေးခရိုင်တွင် မြို့နယ်ခုနစ်မြို့နယ်ရှိပြီး မန္တလေးခရိုင်သစ်တောဦးစီးဌာနဖွဲ့စည်းပုံအနေဖြင့် မဟာအောင်မြေသစ်တောဦးစီးဌာနတွင် ပြည်ကြီးတံခွန်၊ အမရပူရ၊ ချမ်းမြသာစည်နှင့် မဟာအောင်မြေ အစရှိသော မြို့နယ်လေးမြို့နယ်ပါဝင်ပြီး အောင်မြေသာစံသစ်တောဦးစီးဌာနတွင် ချမ်းအေးသာစံနှင့် အောင်မြေသာစံ နှစ်မြို့နယ်ပါဝင်ကာ ပုသိမ်ကြီးမြို့နယ်သစ်တောဦးစီးဌာနတို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**

## ဆင်ခေါင်း-ဇီးအိုင် ကြိုးပြင်ကာကွယ်တောအတွင်း ပျိုးပင် ၆၀၀၀၀ ကျော် စိုက်ပျိုးသွားမည်

**မင်းဘူး ဇွန် ၇**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်အတွင်း မိုးရာသီတွင် ဆင်ခေါင်း-ဇီးအိုင် ကြိုးပြင်ကာကွယ်တောအတွင်း၌ သစ်ပင်မျိုးစုံစိုက်ပျိုးနိုင်ရန် ရွှေတပင်အမြဲတမ်းပျိုးဥယျာဉ်တွင် ပျိုးပင်ပေါင်း ၆၀၀၀၀ ကျော်ကို ပျိုးထောင်ထားရှိကြောင်း မင်းဘူးမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သိရသည်။

အပူပိုင်းမိုးနည်းရပ်ဝန်းဒေသတွင် နေထိုင်သော ပြည်သူများအတွက် ထင်းလောင်စာ၊ တိုင်၊ မျော၊ လယ်ယာသုံးကိရိယာများဖြည့်ဆည်းပေးနိုင်ရန်၊ ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်၊ တောင်စဉ်တောင်တန်းများ စိမ်းလန်းစိုပြည်လာစေရန်၊ ဒေသစိမ်းလန်းစိုပြည်ရေးအထောက်အကူဖြစ်စေရန်နှင့် အပူပိုင်းဒေသစိုက်ခင်းလုပ်ငန်းများ အထောက်အကူဖြစ်စေရန်အတွက် ရေဝေရေလဲစိုက်ခင်း ဧက ၅၀ အတွက် အပင်ပေါင်း ၂၀၁၅၀၊ တောင်တန်းစိုက်ခင်းဧက ၁၀၀ အတွက် အပင်ပေါင်း ၄၀၃၀၀ နှင့် (အထူးစိမ်း) တစ်အုပ်တစ်မစိုက်ခင်းအတွက် အပင်ပေါင်း ၁၅၀၀ တို့ကို ယခုနှစ်မိုးရာသီတွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆင်ခေါင်း-ဇီးအိုင် ကြိုးပြင်ကာကွယ်တောအတွင်း စိုက်ပျိုးမည့်ပျိုးပင်များမှာ ရှား၊ ယူကလစ်၊ ဇီးဖြူ၊ မြင်ဝါး၊ တမာ၊ မာတာကွတ်၊ ထနောင်းမျိုးစပ်(အကေရှားပင်)၊ မန်ကျည်းရှား(ဗီယက်နမ်) စသည့်ပျိုးပင်ပေါင်း ၆၀၀၀၀ ကျော်ကို စိုက်ပျိုးသွားမည်ဖြစ်ပြီး ၎င်းကြိုးပြင်ကာကွယ်တော၏ ဧရိယာမှာ ဧကပေါင်း ၆၅၀၀ ကျယ်ဝန်းကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကျောက်ဆည်မြို့၌ ကီလိုမာလကာစိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေရ

**ကျောက်ဆည် ဇွန် ၇**

ကျောက်ဆည်မြို့နယ်ရှိ ယာမြေများသည် ဆည်ရေသောက်စနစ်ဖြင့် စပါးကို အဓိကထားစိုက်ပျိုးကြသော်လည်း အချို့ယာမြေများတွင် နှမ်း၊ ဝါ၊ ငှက်ပျော၊ ပဲတီစိမ်းစသည့်သီးနှံများအပြင် နှစ်ရှည်သီးနှံများလည်း စိုက်ပျိုးကြကြောင်း သိရသည်။

"မိသားစုအပိုဝင်ငွေလေးရအောင် ကီလိုမာလကာ အပင် ၁၀၀ ကျော်ကို စိုက်ပျိုးထားတာ အခုဆို လေးနှစ်ရှိပါပြီ။ စိုက်ပျိုးပြီး တစ်နှစ်အတွင်း ရောင်းတန်းဝင်အသီးတွေကို စတင်ခူးဆွတ်လို့ရပါတယ်။ တစ်လုံးကို ကျပ် ၁၅၀ နဲ့ လာဝယ်ကြပါတယ်" ဟု သင်တောင်းကျေးရွာမှ ကီလိုမာလကာခြံပိုင်ရှင်ဒေါ်အေးဝင်းက ရှင်းပြသည်။

မာလကာစိုက်ပျိုးရာတွင် လေဝင်လေထွက်ကောင်းပြီး အပင်များသန်စေရန်နှင့် အသီးလုံးလှစေရန်အတွက် တစ်ပင်နှင့်တစ်ပင် ၁၂ ပေခြားပြီး တစ်တန်းနှင့် တစ်တန်း ၁၅ ပေခန့်ခြားကာ စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီး တစ်နှစ်သားအတွင်း ရောင်းတန်းဝင်အသီးများ စတင်ခူးဆွတ်ရကြောင်း၊ အသီးများပိုးမဝင်စေရန် စက္ကူဖြင့် အသီးတိုင်းကို လိုက်ပတ်ရပြီး ပလတ်စတစ်အိတ်များ စွပ်ပေးရကြောင်း၊ အိတ်စွပ်ပြီး နှစ်လအကြာတွင် မာလကာသီးများ ခူးဆွတ်ရကြောင်း၊ အပင် ၁၀၀ စိုက်ပျိုးထားပါက တစ်ခါခူးလျှင် အလုံး ၃၀၀ ခန့် ခူးဆွတ်ရကြောင်း သိရသည်။ **သက်မောင်(ပြန်/ဆက်)**

## ပင်လည်ဘူးမြို့နယ်၌ မြေပဲများ အောင်မြင်ဖြစ်ထွန်း

**ပင်လည်ဘူး ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်တွင် မိုးစပါးအပြီး နွေသီးနှံ မြေပဲများ စိုက်ပျိုးထားရှိရာ စိုက်ပျိုးထားရှိသောမြေပဲများ ယခုအခါ နုတ်ဖော်ခြွေယူနေကြကြောင်း၊ မြေပဲအတောင့်အခြောက် တစ်တင်းလျှင် ကျပ် ၇၅၀၀မှ ၈၀၀၀ နှုန်းဖြင့် ရောင်းချရကြောင်း ပင်လည်ဘူးမြို့နယ် နွေသီးနှံ မြေပဲစိုက်တောင်သူများထံမှ သိရသည်။

"မြေပဲကို မိုးစပါးရိတ်သိမ်းပြီးချိန် ဒီဇင်ဘာလပိုင်းမှာ ထွန်ယက်ပြီး စိုက်ပျိုးပါတယ်။ မြေပဲကို သုံးဧကစိုက်ပျိုးထားပြီး တစ်ဧကကို မြေပဲဆံ ၃၅ ပြည် စိုက်ပျိုးထားပါတယ်။ မေလကုန်ပိုင်းနဲ့ ဇွန်လတွေမှာ နုတ်ဖော်ယူပြီး အထွက်နှုန်းကတော့ တစ်ဧကကို တင်း ၇၀ ကနေ တင်း ၈၀ ထွက်ရှိပါတယ်။ မြေပဲအခြောက်တစ်တင်းကို ကျပ် ၇၅၀၀ ရရှိပြီး မြေပဲကောင်းရင် ကျပ် ၈၀၀၀ ရောင်းချရပါတယ်" ဟု မံစီလေးကျေးရွာ မြေပဲစိုက်တောင်သူ ဦးစံမင်းက ပြောကြားသည်။

ပင်လည်ဘူးမြို့နယ်တွင် ယခင်နှစ်က မြေပဲတောင့်အခြောက်တစ်တင်းလျှင် ဒေသပေါက်ဈေး ကျပ် ၉၅၀၀ မှ ၁၂၀၀၀ အထိ ရောင်းချရပြီး ယခုနှစ် မြေပဲများ အောင်မြင်ဖြစ်ထွန်းသော်လည်း မြေပဲဈေးမှာ အတောင့် အခြောက် တစ်တင်းလျှင် ကျပ် ၇၅၀၀ မှ ၈၀၀၀ သာ ပေးဝယ်ကြကြောင်း ယခင်နှစ်ကဲ့သို့ မြေပဲများ ဈေးကောင်းရရှိရန် မြေပဲစိုက်တောင်သူများ မျှော်လင့်နေကြကြောင်း သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**



## နယ်စပ်ရေးရာဝန်ကြီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ပင်လောင်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**ပင်လောင်း ဇွန် ၇**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် နိုင်ငံတစ်ဝန်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

### ကြည့်ရှုစစ်ဆေး

ယင်းသို့ ဆောင်ရွက်လျက်ရှိရာတွင် ရှမ်းပြည်နယ်တောင်းပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားဒေသ၌ ဆောင်ရွက်ပြီးစီးခဲ့သည့် မူယားလမ်းခွဲ-ပက္ကော့-ထင်းရှူးတောင် သုံးမိုင်ကတ္တရာခင်းခြင်းနှင့် အဆိုပါလမ်းပေါ်ရှိ Box Culvert ၁၂ စင်းတည်ဆောက်မှုလုပ်ငန်းများအား ယနေ့နံနက်ပိုင်းတွင် ပင်လောင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဘုန်းထက်နိုင်မြင့်၊ ဟိုပုံးမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဦးစောသန်းချစ်နှင့်အဖွဲ့တို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ငွေကြယ်**

# မြန်မာစံချိန်စံညွှန်းများ သတ်မှတ်ခြင်း

အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ) ပါ လုပ်ငန်းတာဝန်များအရ အောက်ဖော်ပြပါစံချိန်စံညွှန်း (၂၆၄) ခုအား မြန်မာစံချိန်စံညွှန်းများအဖြစ် သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်-

(ယမန်နေ့မှအဆက်)

**စဉ် မြန်မာစံချိန်စံညွှန်းများ**

၁၉၈ MMS ISO 1436:2017 ဆီ (သို့မဟုတ်) ရေကို အခြေခံထုတ်လုပ်ထားသည့် ဝိုင်ယာကွန်ရက် အားဖြည့်ဟိုက်ဒရောလစ် အမျိုးအစားများတွင် အသုံးပြုသော ရော်ဘာပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ - စံသတ်မှတ်ချက်များ

၁၉၉ MMS ISO 4635:2011 ပေါင်းပြီး ရော်ဘာ - အဝေးပြေးလမ်းများတွင် ကွန်ကရစ်လမ်းခင်း ကျောက်ပြားများအကြား အသုံးပြုသော Prefor-med joint seals များ - စံသတ်မှတ်ချက်များ

၂၀၀ MMS ISO 1823:2015 ဆီစုပ်ယူခြင်း၊ ပို့လွှတ်ခြင်းများတွင် အသုံးပြုသော ရော်ဘာပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ - စံသတ်မှတ်ချက်များ

၂၀၁ MMS ISO 3821:2019 ဓာတ်ငွေ့ ဂဟေဆက်ပစ္စည်းကိရိယာများ- ဂဟေဆက်ခြင်း၊ ဖြတ်တောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းစဉ်များတွင် အသုံးပြုသော ရော်ဘာပိုက်များ

၂၀၂ MMS ISO 6134:2017 ပြည့်ဝရေနွေးငွေ့နှင့်စပ်လျဉ်းသော လုပ်ငန်းများတွင် အသုံးပြုသည့် ရော်ဘာပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ - စံသတ်မှတ်ချက်များ

၂၀၃ MMS ISO 6804:2016 အဝတ်လျှော်စက်နှင့် ပန်းကန်ဆေးစက်များတွင် အသုံးပြုသော ရော်ဘာနှင့် ပလတ်စတစ်အဝင်ပိုက်များနှင့် ပိုက်ဆက်ပစ္စည်းများ - စံသတ်မှတ်ချက်များ

၂၀၄ MMS ISO 5775-1:2014 စက်ဘီးတာယာနှင့် ဘီးခွေများ- အပိုင်း(၁)- တာယာဒီဇိုင်းများနှင့် အတိုင်းအတာများ

၂၀၅ MMS ISO 2004:2017 သဘာဝရော်ဘာအစေးရည်အပျစ်- ဗဟိုခွာအားသုံး (သို့မဟုတ်) ဓာတုဆေးသုံး၍ သဘာဝအစေးရည်ကို ပျစ်စေပြီး အမိုးနီးယားဖြင့် တာရှည်ခံအောင် ထိန်းသိမ်းထားသည့် အစေးရည်အပျစ်အမျိုးအစားများ- စံသတ်မှတ်ချက်များ

၂၀၆ MMS ISO 14409:2011 သင်္ဘောများနှင့် ရေကြောင်းဆိုင်ရာနည်းပညာ - သင်္ဘော ရေချရာတွင် အသုံးပြုသောလေအိတ်များ

၂၀၇ MMS ISO 17357-1:2014 သင်္ဘောများနှင့် ရေကြောင်းဆိုင်ရာနည်းပညာ - ရေပေါ်တွင် ပေါလောပေါ်နေသည့် လေဖြည့်ထားသောရော်ဘာအကာများ- အပိုင်း(၁) ဖိအားမြင့်

၂၀၈ MMS ISO 17357-2:2014 သင်္ဘောများနှင့် ရေကြောင်းဆိုင်ရာနည်းပညာ - ရေပေါ်တွင် ပေါလော ပေါ်နေသည့် လေဖြည့်ထားသောရော်ဘာအကာများ- အပိုင်း(၂) ဖိအားနိမ့်

၂၀၉ MMS ISO 20057:2017 အိမ်သုံးရော်ဘာလက်အိတ်များ-အထွေထွေလိုအပ်ချက်များနှင့် စမ်းသပ်သည့်နည်းလမ်းများ

၂၁၀ MMS ISO 20058:2017 အထွေထွေသုံး ရော်ဘာကြိုးမျှင် - စံသတ်မှတ်ချက်များ

၂၁၁ MMS ISO 2321:2017 ရော်ဘာကြိုးမျှင်များ - စမ်းသပ်သည့်နည်းလမ်း

၂၁၂ MMS ISO 20437:2017 သဘာဝရော်ဘာ အစေးရည်မှ ထုတ်လုပ်ထားသော သန့်ရှင်းရေးသုံး လက်အိတ်များ - စံသတ်မှတ်ချက်များ

၂၁၃ MMS ISO 247-1:2018 ရော်ဘာ - ပြာပါဝင်မှုကို တိုင်းတာစစ်ဆေးခြင်း- အပိုင်း(၁) - မီးရှို့သည့်နည်းလမ်း

၂၁၄ MMS ISO 6101-5:2018 ရော်ဘာ - Atomic absorption spectrometry နည်းဖြင့် သတ္တု ပါဝင်မှုကို စမ်းသပ်တိုင်းတာခြင်း- အပိုင်း(၅) သံဓာတ်ပါဝင်မှုကို စမ်းသပ်တိုင်းတာခြင်း

၂၁၅ MMS ISO 979:1974 စက်မှုလုပ်ငန်းသုံး ဆိုဒီယမ်ဟိုက်ဒြောဆိုဒ်- စစ်ဆေးနည်း

၂၁၆ MMS ISO 981:1973 စက်မှုလုပ်ငန်းသုံး ဆိုဒီယမ်ဟိုက်ဒြောဆိုဒ်- ကလိုရိုဒ်ပါဝင်မှုကို မာကျူရီမက်ထရစ် နည်းလမ်းဖြင့် တိုင်းတာရှာဖွေခြင်း

၂၁၇ MMS ISO 3195:1975 စက်မှုလုပ်ငန်းသုံး ဆိုဒီယမ်ဟိုက်ဒြောဆိုဒ်- နမူနာ ပြင်ဆင်ခြင်း - စမ်းသပ်နမူနာ- သတ်မှတ်ထားသော တိုင်းတာရှာဖွေခြင်းများ ဆောင်ရွက်ခြင်းအတွက် အဓိကပျော်ရည်ပြင်ဆင်ခြင်း

၂၁၈ MMS ISO 3196:1975 စက်မှုလုပ်ငန်းသုံး ဆိုဒီယမ်ဟိုက်ဒြောဆိုဒ်- ကာဗွန်နိတ်ပါဝင်မှုကို တိုက်ထရီ မက်ထရစ်နည်းလမ်းဖြင့်တိုင်းတာရှာဖွေခြင်း

၂၁၉ MMS ISO 5993:1979 စက်မှုလုပ်ငန်းသုံး ဆိုဒီယမ်ဟိုက်ဒြောဆိုဒ်တွင် မာကျူရီ (ပြဒါး) ပါဝင်မှုကို Flameless atomic absorption spectrometric method ဖြင့် တိုင်းတာရှာဖွေခြင်း

၂၂၀ MMS ISO 1954:2013 အထပ်သား - အတိုင်းအတာများတွင် ခွင့်ပြုနိုင်သော ကွာဟချက်များ

၂၂၁ MMS ISO 1096:2014 အထပ်သား - အတန်းအစားခွဲခြားခြင်း

၂၂၂ MMS ISO 2426-1:2000 အထပ်သား - မျက်နှာပြင်အသွင်အပြင်အရ အတန်းအစားခွဲခြားခြင်း အပိုင်း(၁)- ယေဘုယျစည်းမျဉ်းများ

၂၂၃ MMS ISO 2426-2:2000 အထပ်သား - မျက်နှာပြင်အသွင်အပြင်အရ အတန်းအစားခွဲခြားခြင်း အပိုင်း(၂)- သစ်မာ

၂၂၄ MMS ISO 2426-3:2000 အထပ်သား - မျက်နှာပြင်အသွင်အပြင်အရ အတန်းအစားခွဲခြားခြင်း အပိုင်း(၃)- သစ်ပျော့

၂၂၅ MMS ISO 2074:2007 အထပ်သား - ဝေါဟာရ

၂၂၆ MMS ISO 12460-3:2015 သစ်အခြေခံမှုန်ပုံများ- ဖော်မယ်ဒီဟိုက် ထုတ်လွှတ်မှုကို စူးစမ်းတွက်ချက်ခြင်း အပိုင်း(၃)- ဓာတ်ခွဲလေ့လာခြင်းနည်းလမ်း

၂၂၇ MMS ISO 12460-4:2016 သစ်အခြေခံမှုန်ပုံများ- ဖော်မယ်ဒီဟိုက် ထုတ်လွှတ်မှုကို စူးစမ်းတွက်ချက်ခြင်း အပိုင်း(၄)- အခြောက်ခံစက်နည်းလမ်း

၂၂၈ MMS ISO 631:1975 မိုးဇီတ်ပါကေးမှန်ပုံများ- ယေဘုယျလက္ခဏာများ

၂၂၉ MMS ISO 1324:1985 ပကတိသစ်(Solid Wood) ပါကေး- ဝက်သစ်ချ (Oak) သစ်ပါကေးများ အတန်းအစားခွဲခြားခြင်း

၂၃၀ MMS ISO 2036:1976 သစ်သားကြမ်းခင်းထုတ်လုပ်ခြင်းအတွက် သစ်- သစ်မျိုးစိတ်အရ အမှတ်အသားပြုရန်သင်္ကေတများ

၂၃၁ MMS ISO 2457:1976 ပကတိသစ်(Solid Wood)ပါကေး- ဘီချ် (Beech) သစ်ပါကေးများ အတန်းအစားခွဲခြားခြင်း

၂၃၂ MMS ISO 5334:1978 ပကတိသစ်(Solid Wood) ပါကေး- ပင်လယ်ပိုင်း ထင်းရှူးသစ်ပါကေးများ အတန်းအစားခွဲခြားခြင်း

၂၃၃ MMS ISO 5320:1980 ပကတိသစ်(Solid Wood)ပါကေး- ထင်းရှူး (Spruce) သစ်ပါကေးများ အတန်းအစားခွဲခြားခြင်း

၂၃၄ MMS ISO 5326:1978 ပကတိသစ်(Solid Wood) အခင်းပြားများ- သစ်မာအခင်းပြားများ- အရည်အသွေးလိုအပ်ချက်

၂၃၅ MMS ISO 5327:1978 ပကတိသစ်(Solid Wood) အခင်းပြားများ- ယေဘုယျ စရိုက်လက္ခဏာများ

၂၃၆ MMS ISO 5328:1978 ပကတိသစ်(Solid Wood)အခင်းပြားများ- သစ်ပျော့အခင်းပြားများ- အရည်အသွေးလိုအပ်ချက်

၂၃၇ MMS ISO 9427:2003 သစ်အခြေခံမှုန်ပုံများ- သိပ်သည်းမှုစူးစမ်းတွက်ချက်ခြင်း

၂၃၈ MMS ISO 16985:2003 သစ်အခြေခံမှုန်ပုံများ- နှိုင်းရစိုထိုင်းဆ ပြောင်းလဲမှုများနှင့် ဆက်နွယ်သော အတိုင်းအတာ ပြောင်းလဲမှုများကို စူးစမ်းတွက်ချက်ခြင်း

၂၃၉ MMS ISO 4211-2:2013 ပရိဘောဂ- မျက်နှာပြင်အချောကိုင်မှုအတွက် စမ်းသပ်ချက်များ အပိုင်း(၂)- စိုစွတ်သောအပူအားခံနိုင်ရည် ဆန်းစစ်မှု

၂၄၀ MMS ISO 4211-3:2013 ပရိဘောဂ- မျက်နှာပြင်အချောကိုင်မှုအတွက် စမ်းသပ်ချက်များ အပိုင်း(၃)- ခြောက်သွေ့သောအပူအား ခံနိုင်ရည် ဆန်းစစ်မှု

၂၄၁ MMS ISO 7175-2:2019 ပရိဘောဂ- အိမ်တွင်းသုံးကလေးခုတင်နှင့် ခေါက်ခုတင်များ- အပိုင်း(၂)- စမ်းသပ်မှုနည်းလမ်းများ

၂၄၂ MMS ISO 9221-2:2015 ပရိဘောဂ ကလေးများအတွက်ကုလားထိုင်အမြင့်များ အပိုင်း(၂)- စမ်းသပ်မှုနည်းလမ်းများ

၂၄၃ MMS ISO 9098-2:1994 အိမ်တွင်းသုံးနှစ်ထပ်ခုတင်များ- ဘေးကင်းလုံခြုံမှု လိုအပ်ချက်များနှင့်စမ်းသပ်မှုများ အပိုင်း(၂)- စမ်းသပ်မှုနည်းလမ်းများ

၂၄၄ MMS ISO 21015:2007 ရုံးသုံးပရိဘောဂ-ရုံးလုပ်ငန်းကုလားထိုင်များ- တည်ငြိမ်မှု၊ အင်အားနှင့်တာရှည်ခံနိုင်မှုတို့ကို စူးစမ်းတွက်ချက်ခြင်းအတွက် စမ်းသပ်မှုနည်းလမ်းများ

၂၄၅ MMS APSF Standard 001 :2016 အာရှဒေသတွင်းဖြတ်သန်း၍ ကူးပြောင်းတင်ချခြင်းအတွက် ကုန်စည်တင်ခင်းပြားများ

၂၄၆ MMS NIOSH 0501: 2015 လုပ်ငန်းခွင်လေထုအတွင်းရှိ ဖုန်မှုန့်စုစုပေါင်း (အသက်ရှူလမ်းကြောင်းအတွင်းသို့ ဝင်ရောက်နိုင်သောဖုန်မှုန့်အပါအဝင်) ကို နမူနာရယူခြင်းနှင့် ဆန်းစစ်တိုင်းတာခြင်း နည်းလမ်း

၂၄၇ MMS NIOSH 0600: 1998 လုပ်ငန်းခွင်လေထုအတွင်းရှိ အသက်ရှူလမ်းကြောင်းအတွင်းသို့ ဝင်ရောက်နိုင်သော ဖုန်မှုန့်များကို နမူနာရယူခြင်းနှင့် ဆန်းစစ်တိုင်းတာခြင်းနည်းလမ်း

၂၄၈ MMS NIOSH 6004: 1994 လုပ်ငန်းခွင်လေထုအတွင်းရှိ ဆာလဖာဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို နမူနာရယူခြင်းနှင့် ဆန်းစစ် တိုင်းတာခြင်းနည်းလမ်း

၂၄၉ MMS NIOSH 6014: 1994 & 6700: 1998 လုပ်ငန်းခွင်လေထုအတွင်းရှိ နိုင်ထရိုဂျင်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို နမူနာရယူခြင်းနှင့် ဆန်းစစ်တိုင်းတာခြင်းနည်းလမ်း

၂၅၀ MMS NIOSH 6604: 2016 လုပ်ငန်းခွင်လေထုအတွင်းရှိ ကာဗွန်မိုနောက်ဆိုဒ်ဓာတ်ငွေ့ကို နမူနာရယူခြင်းနှင့် ဆန်းစစ်တိုင်းတာခြင်းနည်းလမ်း

၂၅၁ MMS NIOSH 6603: 1994 လုပ်ငန်းခွင်လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို နမူနာရယူခြင်းနှင့် ဆန်းစစ်တိုင်းတာခြင်းနည်းလမ်း

၂၅၂ MMS NIOSH 6013: 1994 လုပ်ငန်းခွင်လေထုအတွင်းရှိ ဟိုက်ဒရိုဂျင်ဆာလဖိုက်ဓာတ်ငွေ့ကို နမူနာရယူခြင်းနှင့် ဆန်းစစ်တိုင်းတာခြင်းနည်းလမ်း

၂၅၃ MMS NIOSH 6015: 1994 & 6016: 2016 လုပ်ငန်းခွင်လေထုအတွင်းရှိ အမိုးနီးယားဓာတ်ငွေ့ကို နမူနာရယူခြင်းနှင့် ဆန်းစစ်တိုင်းတာခြင်းနည်းလမ်း

၂၅၄ MMS NIOSH 7082: 2017, 7700: 1996 & 7702: 1998 လုပ်ငန်းခွင်လေထုအတွင်းရှိ ခဲမှုန့်ကိုနမူနာရယူခြင်းနှင့် ဆန်းစစ်တိုင်းတာခြင်းနည်းလမ်း

၂၅၅ MMS NIOSH 7500: 2003 လုပ်ငန်းခွင်လေထုအတွင်းရှိ ဆီလီကာမှုန့်ကို နမူနာရယူခြင်းနှင့် ဆန်းစစ်တိုင်းတာခြင်းနည်းလမ်း

၂၅၆ MMS NIOSH 7400: 1994, 7402: 1994 & 9000: 2015 လုပ်ငန်းခွင်လေထုအတွင်းရှိ ကျောက်ဂွမ်းကို နမူနာရယူခြင်းနှင့် ဆန်းစစ်တိုင်းတာခြင်းနည်းလမ်း

၂၅၇ MMS NIOSH 6017: 2003 လုပ်ငန်းခွင်လေထုအတွင်းရှိ ဟိုက်ထရိုဂျင် ဆာယာနိုက်ဓာတ်ငွေ့ကို နမူနာရယူခြင်းနှင့် ဆန်းစစ်တိုင်းတာခြင်းနည်းလမ်း

၂၅၈ MMS NIOSH 2016: 2003 & 2541: 1994 လုပ်ငန်းခွင်လေထုအတွင်းရှိ ဖောလ်မင်ဒီဟိုက်ဓာတ်ငွေ့ကို နမူနာရယူခြင်းနှင့် ဆန်းစစ်တိုင်းတာခြင်းနည်းလမ်း

၂၅၉ MMS NIOSH 3700: 1994 လုပ်ငန်းခွင်လေထုအတွင်းရှိ ဘန်ဇင်းဓာတ်ငွေ့ကို နမူနာရယူခြင်းနှင့် ဆန်းစစ်တိုင်းတာခြင်းနည်းလမ်း

၂၆၀ MMS JIS G 3101: 2015 အထွေထွေတည်ဆောက်မှုအတွက် အသုံးပြုသည့် အပြားကြိတ်သံမဏိများ

၂၆၁ MMS JIS G 3106: 2015 ဂဟေဆက်တည်ဆောက်မှုအတွက် အသုံးပြုသည့် အပြားကြိတ်သံမဏိများ

၂၆၂ MMS JIS G 3131: 2018 အပူပေး အပြားကြိတ်ထားသည့် သံမဏိပျော့ အပြား၊ အလွှာ၊ အချပ်များ

၂၆၃ MMS JIS G 3141: 2017 အပူမပေးဘဲ အစိမ်းကြိတ်ထားသည့် ကာဗွန်သံမဏိ အပြား၊ အလွှာ၊ အချပ်များ

၂၆၄ MMS GAP 23:2020 သီးနှံများအတွက် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ စံချိန်စံညွှန်း

## ရိုးရာခြင်းလုံးဒိုင်လူကြီးများအား ဆန်၊ ဆီ၊ ဆား ထောက်ပံ့လှူဒါန်း

**ရန်ကုန် ဇွန် ၇**

မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် အမှုဆောင်ကော်မတီအဖွဲ့ဝင်များ စုပေါင်း၍ ကိုဗစ်-၁၉ ကာလအတွင်း မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်တွင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ရိုးရာခြင်းလုံးဒိုင်လူကြီးများအား ဆန်၊ ဆီ၊ ဆား စားသောက်ကုန် ၁၀ မျိုး ထောက်ပံ့လှူဒါန်းခြင်းကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်ဟိုတယ်၌ပြုလုပ်ရာ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်နာယက ဦးစိုးတင့်၊ ဥက္ကဋ္ဌ ဦးသက်လွင်နှင့် ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များ တက်ရောက်ချီးမြှင့်ပေးသည်။

မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်က ယခင်က သက်ကြီးခြင်းလုံးအားကစားသမားများနှင့် ၅၅ နှစ်အထက် နည်းပြ/ဒိုင်လူကြီးများကို ယခုလိုထောက်ပံ့ပေးခဲ့ပြီး ယခုဒုတိယအကြိမ်အနေဖြင့် အဖွဲ့ချုပ်အမှုဆောင်များစုပေါင်းကာ ဒိုင်လူကြီး ၁၆ ဦးအား ဆန်၊ ဆီ၊ ဆားအပါအဝင် စားသောက်ကုန် ၁၀ မျိုး ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ ဒိုင်လူကြီးများအနေဖြင့်လည်း နိုင်ငံတော်ကကျင်းပမည့်ပြိုင်ပွဲများ၊ အဖွဲ့ချုပ်ပြိုင်ပွဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲများကျင်းပရန်ရှိသည့်အတွက် အဆင်သင့် ပြင်ဆင်ထားရန်လိုကြောင်း ပြောကြားပြီး အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးဝင်းတင့်က ထောက်ပံ့လှူဒါန်းရခြင်းအကြောင်းကို ပြောကြားသည်။

ခင်မောင်ဝင်း (ကြေးမုံ)



GRAND STYLE
TILES EXPO'20
EVERYDAY LOW PRICE
GS
Special discount for flooring*
ကြမ်းခင်း ပစ္စည်းများအတွက် အထူးလျှော့စျေး
20% + 3%
1/06 - 31/08, 2020
*except one price items
Tel. +95-9785088488,+95-95088488 www.grandstylemm.com GrandStyleMM
Thiriyadanar Wholesale Market Compound

အသုံးမလိုတော့သော
လေအေးပေးစက်များ
ဝယ်ယူလိုပါသည်။
09 25 38 33810

EAZY DRIVE (အမျိုးသမီးသီးသန့်)
(ကားမောင်းအမြန်ရက်တိုသင်တန်း)
- ရန်ကုန်မြို့ထဲ လမ်းများပေါ်တွင် ယာဉ်/လမ်းစည်းကမ်း နားလည်ပြီး ကိုယ်တိုင်ကျွမ်းကျင်ပိုင်နိုင်စွာ မောင်းနိုင်ရန်နှင့် ပါကင်အစုံ အမြန်ထိုးနိုင်အောင် တစ်ဦးချင်း အတတ်သင်ပေးသည်။
ဖုန်း-၀၉-၂၆၄၈၀၇၆၉၉

အမြန်ဝယ်မည်
Hijet Delivery Van
BGO လိုင်စင်
Call –09–5000800



သွေးတိုးကျ သွေးတိုးကျ
သန္တိသုခ
သွေးတိုးကျ
ဆေးဝါးမှတ်ပုံတင်အမှတ်
014/0819
အမြို့မြို့ဆိုင်တိုင်းတွင် ရနိုင်ပါသည်။
လပြည့်သစ္စာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၄၈၀၁၄၄၇၇၊ ၀၉ ၂၆၁၀၉၉၃၆၅၃၊ ၀၉ ၄၂၂၄၄၃၈၄၅


## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်သိန်းတင်**

**အသက်(၈၈) နှစ်**

**မန္တလေး**

မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၏ နာယက၊ ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း (နာယက–KBZ Bank/ KBZ Group)–ဒေါ်နန်းသန်းထွေးတို့၏မိခင်၊ ဒေါ်နန်းလိုင်းခမ်း ၊ ဒေါ်နန်းခမ်းနောင့်နှင့် ဒေါ်နန်းမိုဟွမ်တို့၏ အဘွားဖြစ်သူ ဒေါ်သိန်းတင် အသက်(၈၈)နှစ်သည် ၇–၆–၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး (SSC)၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)**

ဓော်ဘွားလေးမိုလ်မိုလ်မောင်ကုမ္ပဏီလီမိတက်မှ
အဆင့်မြင့် စတီးဘလိတ်တားသွားဆူးကြိုးများကိုစျေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊
(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ မဟာန်းမြို့နယ်။
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

မူးယစ်
ဆန့်ကျင်
အောင်ပွဲ
ဆင်

## အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယကကြီး ဦးအောင်ကိုဝင်း (နာယက၊ KBZ Bank Ltd.)၏ မိခင်ကြီး ဒေါ်သိန်းတင် အသက် (၈၈)နှစ်သည် ၇–၆–၂၀၂၀ ရက် ညနေပိုင်းတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဇော်ဇော်၊ ဇနီး ဒေါ်ဌေးဌေးခိုင်နှင့် မိသားစု**
**ဥက္ကဋ္ဌ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့်**
**မြန်မာနေရှင်နယ်လိဂ်ကော်မတီ**

BOSS အဆင့်မြင့် ပါကေးအရောင်းဆိုင်
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ
ဗီနိုင်းကြမ်းခင်းပြားများကို စျေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁) - အမှတ်(၂၄က)၊ အရှေ့မြင်းခြံပြိုင်ကွင်းလမ်းမကြီး၊ မြန်မာ့ရေနံဆောင်ဘတ်စ်၊ တာမွေမြို့နယ်။
Ph: 09-5076661, 09-5076662, 09-5076663
အရောင်းခန်းမ(၂) - တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာအနီး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ဥညာဒလလမ်း။
Ph: 09-5425251, 09-73225484

## အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယကကြီး ဦးအောင်ကိုဝင်း (နာယက၊ KBZ Bank Ltd.)၏ မိခင်ကြီး ဒေါ်သိန်းတင် အသက်(၈၈) နှစ်သည် ၇–၆–၂၀၂၀ ရက် ညနေပိုင်းတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊**
**MNL ကလပ်အသင်းပိုင်ရှင်များ၊**
**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့်မြန်မာနေရှင်နယ်လိဂ်ကော်မတီ**

SUPER RICH MAN GROUP OF COMPANIES
အမှတ်(29/B) တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်။
ကျွန်ုပ်တို့ကုမ္ပဏီအုပ်စုမှ ဖြန့်ဖြူးရောင်းချနေသော အောက်ပါပစ္စည်းများကို
ရန်ကုန်လုပ်ငန်းခွင်အရောက်လိုက်လံပို့ဆောင်ပေးနေပါပြီ။
ရေကူးကန်သုံးပစ္စည်းများ ❀ Safety ပစ္စည်းများ ❀ ရောင်စုံကွန်ပို့စစ်ပြားများ

ရေကူးကန်အသစ်ဆောက်လိုသူများ၊ အဟောင်းပြင်လိုသူများ၊ ရေသန့်စင်လိုသူများ ဖုန်းဆက်လိုက်ပါ။
ရေကူးကန်ပစ္စည်းလိုအပ်လျှင် 09-969770906 09-969770904
Safety ပစ္စည်းလိုအပ်လျှင် 09-426777200 09-426777800
ကွန်ပို့စစ်ပြားများ လိုအပ်လျှင် 09-969770910 09-426777300

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-(၁၄)၊မြေကွက်အမှတ်(၈၇၇)၊ဧရိယာ(၄၀ပေx၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအမှတ်-၈၇၇၊အင်းဝလမ်း၊ ၁၄-ရပ်ကွက်၊ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ရန်ကုန်မြို့ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အားတရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးသက်နိုင်အေး (နိုင်ငံသားကတ်အမှတ်-၁၂/ဒဂရ(နိုင်)၀၁၇၂၀၆)ထံမှကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်စရံငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ဆိုင်ရေးဆိုခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အတွင်းကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်နန်းဆင့်ဆင့်ထွန်း( LL.B ) | ဒေါ်မိုးမိုးအေး ( LL.B ) |
| D.B.L,D.M.L | D.B.L,D.M.L,D.I.L |
| | WIPO,DL-101 Switzerland |
| (စဉ်-၁၂၆၃၉) | (စဉ်-၈၅၅၈) |

(တရားလွှတ်တော်ရှေ့နေများ)
အမှတ်-၈၃၊ ဝန်းဆိုးအနီးလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
(ဖုန်း-၀၉-၄၂၅၇၅၈၂၇၀)

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သိန်းတင်

**အသက်(၈၈)နှစ်**

**မန္တလေး**

COVID-19 Pandemic အတွက် ရှမ်းပြည်နယ်၊ ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီ၏ နာယကကြီး ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း (နာယက-KBZ Bank/KBZ Group)-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး(လူမှုထူးချွန်ပထမဆင့်)တို့၏ မိခင်၊ ဒေါ်နန်းလိုင်းခမ်း၊ ဒေါ်နန်းခမ်းနောင့်နှင့် ဒေါ်နန်းမိုဟွမ်တို့၏အဘွားဖြစ်သူ ဒေါ်သိန်းတင် အသက်(၈၈)နှစ်သည် ၇-၆-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး(SSC)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Excellent Myanmar Co.,Ltd.**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သိန်းတင်

**အသက်(၈၈)နှစ်**

**မန္တလေး**

COVID-19 Pandemic အတွက် ရှမ်းပြည်နယ်၊ ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီ၏ နာယကကြီး ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း (နာယက-KBZ Bank/KBZ Group)-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး(လူမှုထူးချွန်ပထမဆင့်)တို့၏ မိခင်၊ ဒေါ်နန်းလိုင်းခမ်း၊ ဒေါ်နန်းခမ်းနောင့်နှင့် ဒေါ်နန်းမိုဟွမ်တို့၏အဘွားဖြစ်သူ ဒေါ်သိန်းတင် အသက်(၈၈)နှစ်သည် ၇-၆-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး(SSC)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Excellent Myanmar Development Group**

## သစ်ပင် စိုက်ပါ ဒို့ကမ္ဘာ သာယာ လှပ စိမ်းမြမြ

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သိန်းတင်

**အသက်(၈၈) နှစ်**

**မန္တလေး**

KBZ Bank /KBZ Group ၏ နာယကကြီး ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေးတို့၏မိခင်၊ ဒေါ်နန်းလိုင်းခမ်း(ဒုတိယအမှုဆောင်အရာရှိချုပ်-KBZ Bank)၊ ဒေါ်နန်းခမ်းနောင့် (ဒုတိယအမှုဆောင်အရာရှိချုပ်-KBZ Bank)နှင့် ဒေါ်နန်းမိုဟွမ်(အမှုဆောင်ဒါရိုက်တာ-KBZ Bank)တို့၏ အဘွားဖြစ်သူ ဒေါ်သိန်းတင် အသက် (၈၈)နှစ်သည် ၇-၆-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းမော်-ဒေါ်ခင်ခင်လေး**
**သား- Dr.ဟိန်းထက်အေး**
**သမီး- Dr.ခင်လင်းမော်**
**Forever Group မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သိန်းတင်

**အသက်(၈၈)နှစ်**

**မန္တလေး**

COVID-19 Pandemic အတွက် ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီ၏ နာယကကြီး၊ ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း (နာယက - KBZ Bank/KBZ Group)- အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး(လူမှုထူးချွန်ပထမဆင့်)တို့၏မိခင်၊ ဒေါ်နန်းလိုင်းခမ်း ၊ ဒေါ်နန်းခမ်းနောင့်နှင့် ဒေါ်နန်းမိုဟွမ်တို့၏ အဘွားဖြစ်သူ ဒေါ်သိန်းတင် အသက်(၈၈)နှစ်သည် ၇-၆-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး(SSC)၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**COVID-19 စားနပ်ရိက္ခာထောက်ပံ့ရေး**
**ကော်မတီဝင်များနှင့် ပရဟိတအဖွဲ့ဝင်များ**
**တောင်ကြီးမြို့**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မြလွင် (ညောင်တုန်း) (၈၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ရွှေသီရိ(၃)လမ်း၊ အမှတ်(၁၀)နေ (ဦးမှန်-ဒေါ်အေးတင်)တို့၏ သမီး၊ (ဦးတင်အောင်)၏ ဇနီး၊ (ဒေါ်မြမေ)၊ (ဒေါ်မြရွှေ)၊ (ဒေါ်မြကြည်)တို့၏ ညီမ၊ (ဦးတင်အုန်း)၏ အစ်မ၊ (ဒေါ်ပြုံးပြုံးရီ)၊ ဦးချိုမြင့်-ဒေါ်စန်းမာ၊ ဦးချိုဝင်း-ဒေါ်ခင်မျိုးဝင်း၊ (ဦးချိုအေး)၊ ဦးတင်ဝင်း-ဒေါ်မိုးမိုးအေး(Asia Gold)၊ ဒေါ်သင်းသင်းအေး၊ ဦးအောင်မြတ်စိုး (သက်ခိုင်) (Managing Director-မုခ်ဦး ပညာရေး)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးသုံးယောက်တို့၏ အဘွားသည် ၇-၆-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၃:၀၈ နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၆-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၆-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်စန်းကြည် (ပြည်) (၉၄)နှစ်

ရန်ကုန်မြို့နေ (ဦးခင်စိုး)၏ ဇနီး၊ ဦးဇော်လင်းထွန်း-ဒေါ်မိုးပပလှိုင်၊ (ဦးကျော်ညီညီမျိုး)၊ ဒေါ်ခိုင်ခိုင်၊ ဦးစည်သူဝင်း-ဒေါ်အိမာ၊ ဦးဇေယျာထွဋ်-ဒေါ်မေသင်းခိုင်၊ ဦးကြည်ဇင်သန့်၊ ဦးစိုင်းအောင်လှိုင်မြင့်-ဒေါ်နုန္ဒာဝင်း၊ ဦးဇော်ဖြိုးနိုင်-NHUQUYNH NGUYEN၊ ကိုကျော်ကိုကိုဇင်-ဒေါ်မြင့်မိုရ်ဦး၊ ဦးဝေနိုင်ဦး-ဒေါ်မေသင်းခိုင်၊ (ဒေါ်ခိုင်မာသန့်ဇင်)၊ မသဉ္ဇာဝင်း၊ မဖြိုးပြည့်စိုး၊ မဝိုင်းပြည့်စိုး၊ မနွယ်သင်းခိုင်၊ မအိမ့်ပြည့်စိုး၊ ချစ်စမ်းမောင်တို့၏ အဘွား၊ မောင်ဖွဲ့မဟာထွန်း၊ ဧကရီထွန်း၊ မြင့်မြတ်သူကျော်၊ ဝဏ္ဏကျော်ဇင်၊ သီဟကျော်ဇင်၊ စိုင်းဆယ်ဟန်ဖ၊ သစ္စာသံစဉ်၊ နန်းကေစွမ်ဖ၊ ရာဇကျော်ဇင်၊ BROOKLYN KIEN NAING၊ ထူးထက်ထက်နိုင်တို့၏ ဘွားဘွားကြီး ဒေါ်စန်းကြည်(ပြည်)သည် ၆-၆-၂၀၂၀ ရက် ည ၇:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သိန်းတင်

**အသက်(၈၈)နှစ်**

**မန္တလေး**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (SSSCCI)၏ နာယကကြီး၊ ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း (နာယက-KBZ Bank/KBZ Group)- အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး(လူမှုထူးချွန်ပထမဆင့်)တို့၏မိခင်၊ ဒေါ်နန်းလိုင်းခမ်း၊ ဒေါ်နန်းခမ်းနောင့်နှင့် ဒေါ်နန်းမိုဟွမ်တို့၏ အဘွားဖြစ်သူ ဒေါ်သိန်းတင် အသက် (၈၈)နှစ်သည် ၇-၆-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးရုံကြီး(SSC)၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့**
**ရှမ်းပြည်နယ်တောင်ပိုင်း၊ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (SSSCCI)**

## ဒေါက်တာခင်မောင်ဆွေ

**မြန်မာနိုင်ငံ နည်းပညာပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ**
**အငြိမ်းစားသင်္ချာပါမောက္ခ**
**အမျိုးသားစာပေဆုရှင်**

**အသက်(၈၄)နှစ်**

တောင်သာမြို့နယ်၊ ကျောက်ကာရွာနေ (ဦးဘအောင်-ဒေါ်တင်မြ)တို့၏ သား၊ အာဇာနည်ခေါင်းဆောင်ကြီး (ဝန်ကြီး မန်းဘခိုင်-ဒေါ်ခင်နီ)တို့၏ သားသမက်၊ အငြိမ်းစားသင်္ချာပါမောက္ခ ဒေါ်မြင့်မြင့်ခိုင်၏ ခင်ပွန်း၊ ကိုဆွေခိုင် (TOTAL E&P MYANMAR)-မတိုးတိုးငယ်၊ ကိုညီညီဆွေခိုင် (THANLWIN DRAGON COMPANY)-မခိုင်သဇင်၊ ကိုပြည်စိုးဆွေခိုင် (ACUTE BUSINESS SERVICES)-မခိုင်သဇင်ထွန်းတို့၏ ဖခင်၊ နေထက်ဟိန်း၊ မိုးထက်ဟိန်း၊ မြမှူးခိုင်၊ ဆွေသဇင်ခိုင်တို့၏ အဘိုး ဒေါက်တာခင်မောင်ဆွေသည် ၇-၆-၂၀၂၀ ရက် နံနက်တွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## သွေးသည်အသက်

## ဝမ်းနည်းကြေကွဲခြင်း

ရွှေတိဂုံစေတီတော် ရက္ခိုင်မောင်မယ် တံမြက်စည်းလှည်းအသင်း၏ ဥက္ကဋ္ဌဟောင်းဖြစ်သူ ဒေါ်ယဉ်ယဉ်ခိုင်၏ ဖခင်ဖြစ်သူ ဆရာကြီး (ဦးအောင်ကျော်သာ၊ စစ်တွေ) အသက် (၈၀)နှစ်သည် ၆-၆-၂၀၂၀ (စနေနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အသင်းမှ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ရွှေတိဂုံစေတီတော်**
**ရက္ခိုင်မောင်မယ်တံမြက်စည်းလှည်းအသင်း**
**(၂၀၂၀)ဥက္ကဋ္ဌနှင့် အမှုဆောင်များအဖွဲ့**

## ဦးကျော်လင်း(ခ)ပန်းချီကျော်ထွန်းလင်း(အုတ်ဖို) (၇၉)နှစ်

**အခြေခံပညာဦးစီးဌာန (ပန်းချီ-ငြိမ်း)**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ နွယ်နီ(၁၆)လမ်း၊ အမှတ်(၈၅၄)နေ (ဦးစိန်ဟုတ်-ဒေါ်ကြင်သန်း)တို့၏ သားကြီး၊ (ဦးမောင်မောင်သီ)၊ ဦးကျော်လေး-ဒေါ်စန်းစန်းမြင့်၊ ဒေါ်ခင်အုန်းကြည်၊ ဒေါ်ညွှန့်ညွှန့်စိန်၊ ဒေါ်မြင့်မြင့်စန်း၊ ဦးဝင်းချို-ဒေါ်လှလှညွှန့်၊ ဒေါ်ခင်ဆွေရီ၊ (ဦးကျော်ဟိန်း)၊ ဦးမျိုးမင်း-ဒေါ်ရီရီလွင်တို့၏ အစ်ကိုကြီး၊ ကိုကျော်ကိုကိုထွန်း-မမိုးသဉ္ဇာကျော်၊ ကိုကျော်ခိုင်ထူး-မဆုဆုပိုင်၊ မထက်ရောလင်းတို့၏ ဖခင်ကြီး၊ မြေးနှစ်ယောက်တို့၏အဘိုး၊ ဒေါ်သန်းသန်းဌေး၏ခင်ပွန်းသည် ၇-၆-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၃-၆-၂၀၂၀ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

၁၉၈၄၊ ပျဉ်းမနား(ရေဆင်း) လူငယ်အခြေစိုက်လုပ်အားပေးစခန်းတွင် ချွေးနဲ့ရင်းပြီး အတူတူလုပ်အားပေး ဆုံစည်းခင်မင်ခဲ့ကြတဲ့ သူငယ်ချင်းတွေ ပြန်လည်ဆုံစည်းကြတာ တစ်နှစ်မပြည့်သေးချိန်ပါ။ သူငယ်ချင်း ကသ-၁၇ ဦးဦးမောင်သန်း အသက်(၅၇)နှစ်၊ စစ်တွေ၊ ၂၆-၅-၂၀၂၀ ရက်တွင် ကွယ်လွန်ပြီးလို့မှ မကြာသေးခင် သူငယ်ချင်း၊ ကသ-၃၇၊ ကျော်လွင်ဆန်း(၆၀)နှစ်၊ ဟသ်ာတ ၄-၆-၂၀၂၀ ရက်တွင် ကွယ်လွန်ပြီး တို့ကိုရုတ်တရက် နှုတ်မဆက်ပဲခွဲခွာသွားသောကြောင့် မင်းတို့ မိသားစုတွေနဲ့အတူ ဝမ်းနည်းကြေကွဲရပါတယ်၊ ချွေးချင်းဆုံသလိုရင်ဘတ်ချင်းလည်း ထပ်တူကျခဲ့ကြတဲ့ သူငယ်ချင်းတို့ ကောင်းရာ သုဂတိရောက်ရှိကြပါစေလို့ ၈၄ ရေဆင်း ညီအစ်ကိုမောင်နှမတွေက ဆုတောင်းပေးလိုက်ပါတယ်။ တို့အတူတူပြုခဲ့တဲ့ ကုသိုလ်အပါအဝင် ကုသိုလ်အဖို့အားလုံး မင်းတို့အတွက် အမျှပေးဝေလိုက်ပါတယ်။

**၁၉၈၄ ရေဆင်းလုပ်အားပေး ညီအစ်ကိုမောင်နှမများ**

## မူးယစ် ဆန့်ကျင် အောင်ပွဲ ဆင်

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာခင်မောင်ဆွေ**
**မြန်မာနိုင်ငံနည်းပညာ ပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ**
**အငြိမ်းစားသင်္ချာပါမောက္ခ၊ အမျိုးသားစာပေဆုရှင်**
**အသက်(၈၄)နှစ်**

မြန်မာနိုင်ငံနည်းပညာ ပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အငြိမ်းစားသင်္ချာပါမောက္ခ၊ အမျိုးသားစာပေဆုရှင် ဒေါက်တာခင်မောင်ဆွေသည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပည့်များ**
**ဦးသိန်းထွန်း-ဒေါ်အေးအေးခိုင်**
**ဦးဌေးမြင့်-ဒေါ်ယဉ်အေးမင်း**
**ဦးမျိုးတင့်-ဒေါ်ချိုချိုလှ**

## စာအုပ်စာပေ လူ့မိတ်ဆွေ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ပစ္စည်းလေးပါး၊ သာသနာ့ ဒါယကာကြီး**

## ဦးသောင်းညွှန့်

**အသက်(၆၀)**

ရန်ကုန်မြို့၊ အင်းလျားလမ်းနေ (ဦးဘိုရီ-ဒေါ်အုန်းကြည်)တို့၏ သား၊ ရန်ကုန်မြို့၊ ရွှေတောင်ကြားလမ်းနေ (သခင်သာခင်)-ဒေါ်မြသန်းတင်တို့၏ သားသမက်၊ မန္တလေးမြို့နေ (ဒေါ်တင်အိ)၊ ဦးကြီးမောင်တို့၏ တူ၊ ဦးဘောဂ၏ညီ၊ ဦးမိုးကြွယ်-ဒေါ်ကျော့ကျော့စိန်၊ ဒေါက်တာမျိုးလွင်-ဒေါ်လှထွေးဥ၊ ဦးနန္ဒသာခင်-ဒေါ်သက်သက်စိုးတို့၏ အစ်ကို၊ သံလွင်လမ်းနေ ကိုပြည့်စုံ-မလင်းဝတ်မှုံ၊ ကိုမင်းလှိုင်ဖြိုး-မသုန္ဒရီတို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်၊ မောင်သူရိယပြည့်စုံ၏ ချစ်လှစွာသောအဘိုး၊ ဒေါ်ဥမ္မာသာခင်၏ ချစ်လှစွာသောခင်ပွန်း ဦးသောင်းညွှန့်သည် ၆-၆-၂၀၂၀ (စနေနေ့) နံနက် ၉:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်သိန်းတင်

### အသက်(၈၈)နှစ်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ်(မ-၁/၁၂)နေ ဦးတင်ယု၏ဇနီး၊ ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေးတို့၏ ချစ်လှစွာသောမိခင် ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀(တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**
**မိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်သိန်းတင်

### အသက် (၈၈) နှစ်

**မန္တလေး**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ်(မ-၁/၁၂)နေ (ဦးစံဘ-ဒေါ်အေးကြည်)တို့၏ သမီး၊ (ဦးစိန်-ဒေါ်သိန်း)တို့၏ သမီးချွေးမ၊ ဦးတင်ယု၏ ဇနီး၊ သား/သမီး ခုနစ်ယောက်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၂ ယောက်၊ မြစ်ခုနစ်ယောက်တို့၏ ဘွားဘွားကြီး ဒေါ်သိန်းတင် အသက်(၈၈)နှစ်သည် ၇-၆-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ရန်ကုန်မြို့ ရွှေဂုံတိုင်အထူးကုဆေးရုံကြီး(SSC)၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်အား ၈-၆-၂၀၂၀ (တနင်္လာနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

### ဦးခင်မောင်

**အသက်(၈၉)နှစ်**

**ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (ငြိမ်း)**

ရန်ကုန်မြို့နေ (ဦးနီ-ဒေါ်ညွာ)တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ စိတ္တသုခလမ်း၊ အမှတ်(၁၀၆)၊ သုံးလွှာ(က)နေ ဒေါ်ညွန့်ညွန့်၊ [ဒေါ်မြရွှေ (လဝက-ငြိမ်း)]တို့၏ ခင်ပွန်း၊ [ဦးခင်မောင်လေး (ပြည်တွင်းရေကြောင်းပို့ဆောင်ရေး)]-ဒေါ်မြင့်မြင့်စန်း (မူအုပ်-ငြိမ်း၊ မင်္ဂလာဒုံ)၊ ဦးဝင်းနိုင်-ဒေါ်သီတာမြင့်၊ ဦးမြင့်အောင် (မိုးမြင့်စံဆောက်လုပ်ရေး)-ဒေါ်ခင်စန်းဝင်း၊ [ဦးခင်ဇော်ဝင်း (ပြည်တွင်းရေကြောင်းပို့ဆောင်ရေး)-ဒေါ်ဝင်းဝင်းမော်]၊ ဦးမြင့်နိုင် (မိုးသစ္စာခတ်ပုံတိုက်)-ဒေါ်ဝင်းမာလေး၊ ဦးညီညီအောင် (အထက်တန်းနည်းပြ)-ဒေါ်ခင်သီတာ (ခတ်ခွဲခန်းမှူး၊ ရောဂါဗေဒဌာန၊ မန္တလေးဆေးတက္ကသိုလ်)၊ (ဦးနေလင်း)၊ (ဦးချမ်းငြိမ်း)၊ ဦးလွင်မောင်မောင်လွင် (MCB Bank)-ဒေါ်ဖြူဖြူအောင် (MD Bank)၊ (ဦးအောင်ဟိန်း)၊ [ဒုတပ်ကြပ်အောင်ဆင့်(တပ်မတော်ရေ)]တို့၏ ဖခင်၊ မြေး ၁၀ ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီး ဦးခင်မောင် (ပြည်တွင်းရေကြောင်းပို့ဆောင်ရေး-ငြိမ်း)သည် ၆-၆-၂၀၂၀ ရက် ည ၉:၄၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၇-၆-၂၀၂၀ ရက်နေ့တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်သိန်းတင်

### အသက်(၈၈) နှစ်

**မန္တလေး**

KBZ Bank /KBZ Group ၏ နာယကကြီး ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေးတို့၏မိခင်၊ ဒေါ်နန်းလိုင်းခမ်း(ဒုတိယအမှုဆောင်အရာရှိချုပ်-KBZ Bank)၊ ဒေါ်နန်းခမ်းနောင့်(ဒုတိယအမှုဆောင်အရာရှိချုပ်-KBZ Bank)နှင့် ဒေါ်နန်းမိုဟွမ်(အမှုဆောင်ဒါရိုက်တာ-KBZ Bank)တို့၏ အဘွားဖြစ်သူ ဒေါ်သိန်းတင် အသက် (၈၈)နှစ်သည် ၇-၆-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့**
**ကမ္ဘောဇဘဏ်လီမိတက်**

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်သိန်းတင်

### အသက်(၈၈) နှစ်

**မန္တလေး**

KBZ Bank /KBZ Group ၏ နာယကကြီး ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေးတို့၏မိခင်၊ ဒေါ်နန်းလိုင်းခမ်း(ဒုတိယအမှုဆောင်အရာရှိချုပ်-KBZ Bank)၊ ဒေါ်နန်းခမ်းနောင့်(ဒုတိယအမှုဆောင်အရာရှိချုပ်-KBZ Bank) နှင့် ဒေါ်နန်းမိုဟွမ် (အမှုဆောင်ဒါရိုက်တာ-KBZ Bank)တို့၏ အဘွားဖြစ်သူ ဒေါ်သိန်းတင် အသက် (၈၈)နှစ်သည် ၇-၆-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၅:၄၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေ ကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့**
**KBZ Group of Companies**

---

**သွေးသည်**
**အသက်**

---

## ဒေါ်မြမြခင် (မေသီး)

### အသက်(၉၇)နှစ်

သထုံမြို့နေ (ဦးဘိုးသီး-ဒေါ်ခင်ခင်ကြီး)တို့၏ သမီး၊ (ဦးဘသီး၊ ဒေါ်ခင်ခင်လှ)တို့၏ အစ်မ၊ ဒေါ်တင်မာလာ၊ ဒေါ်မြဒါလီ၊ ဦးစိုးလင်းတို့၏ ချစ်လှစွာသောမိခင်၊ ဝင်းစိုးလင်း၊ မင်းသူရ၊ အမရာသီရိမြိုင်တို့၏ အဘွား ဒေါ်မြမြခင် သည် ၃-၆-၂၀၂၀ ရက် ည ၈:၃၀ နာရီတွင် ရန်ကုန်မြို့၊ (၅၄) အင်းယားလမ်း၊ ကမာရွတ်မြို့နယ် နေအိမ်၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၇-၆-၂၀၂၀ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၉-၆-၂၀၂၀ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရက်လည်ဆွမ်းသွတ်တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်စိန်ဝင်း (ကန်တော်ကလေး)

### အသက် (၁၀၃) နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး တောင်ပိုင်းရပ်ကွက်၊ ဓမ္မာရုံဖြတ်လမ်း၊ အမှတ်(၃၃)နေ (ဦးဖိုးအောင်-ဒေါ်ခင်စိန်)တို့၏သမီး၊ (ဦးဖိုးထောင်)၏ညီမ၊ (ဦးမြင့်စိုး)၊ (ဒေါ်စိန်ရင်)၊ (ဦးခင်မြင့်)၊ (ဒေါ်လှကြည်)တို့၏အစ်မ၊ ဦးထွန်းမြင့်(မြေတိုင်းဦးစီးဌာန)၏အစ်မ၊ တူမ လေးယောက်၊ တူ သုံးယောက်၊ မြေး ၁၀ ယောက်တို့၏ အဘွားသည် ၆-၆-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၆-၂၀၂၀ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်အေး

### အသက်(၉၅)နှစ်

**Modern Hose Furniture**

ရန်ကုန်မြို့၊ အမှတ်(၇၂)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်နေ (ဦးလှရွှေ)၏ ဇနီး၊ ဒေါ်ကြည်ကြည်ဝင်း-ဦးရန်အောင်၊ ဦးသိန်းမြင့်-ဒေါ်ခင်အေးရီ၊ ဦးထွန်းအောင်-ဒေါ်သန်းသန်းဌေးတို့၏မိခင်၊ မြေးလေးယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီး ဒေါ်ခင်အေးသည် ၆-၆-၂၀၂၀ (စနေနေ့) ညနေ ၃:၅၁ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၈-၆-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ တရုတ်ဖုကျန့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်သိန်းတင်

### အသက်(၈၈)နှစ်

**KBZ Group** နာယကကြီး ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေးတို့၏ ကျေးဇူးရှင် မွေးသမိခင်ကြီး ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀(တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဦးမိုးဆန်းအောင်၊ ဒေါ်ခင်မျိုးဆွေ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်စန်းကြည် (ပြည်)

### အသက်(၉၄)နှစ်

ရန်ကုန်မြို့နေ (ဦးခင်စိုး)၏ ဇနီး၊ ဦးမြင့်ဆွေ-ဒေါ်နွဲ့နွဲ့ရီ၊ ဦးတင်ထွဋ်-ဒေါက်တာခင်နုနု၊ ဦးလှဆန်း-ဒေါ်စမ်းစမ်းအေး၊ ဦးမျိုးနိုင်-ဒေါ်လှလှ၊ ဦးအောင်ဝင်း-ဒေါ်မေသန္တာတင်၊ ဒေါ်ခင်မျိုးမြင့်၊ ဒေါက်တာသန့်ဇင်-ဒေါ်ခင်မျိုးတင့်၊ ဦးခင်မောင်စိုး-ဒေါ်မင်းမင်းကျော် တို့၏ ကျေးဇူးရှင် မွေးသမိခင်ကြီး ဒေါ်စန်းကြည်(ပြည်)သည် ၆-၆-၂၀၂၀ရက် ည ၇:၂၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၇-၆-၂၀၂၀ ရက် နံနက် ၁၀:၃၀ နာရီတွင် ရန်ကုန်မြို့၊ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ မိခင်ကြီး နာမကျန်းဖြစ်စဉ်မှစ၍ ကွယ်လွန်သည့်အချိန်ထိ အစစအရာရာ ကူညီပေးပါသော ပါမောက္ခ ဒေါက်တာဒေါ်ဝင်းမင်းသစ်၊ ဒေါက်တာဒေါ်ခင်သီတာသွင်၊ ပါမောက္ခ ဒေါက်တာဦးမြင့်စိုးဝင်းနှင့်တကွ အာရှတော်ဝင်ဆေးရုံကြီးမှ တာဝန်ကျ ဆရာဝန်ဆရာမ၊ သူနာပြုများအားလုံးနှင့် ပါဝင်ကူညီပေးကြသော ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

---

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

### ဒေါ်အေးအေးနွယ်(ခ)Dora Glay (ခ)ခိုင်ရိုနီဆာ

### အသက်(၆၉)နှစ်

**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(ငြိမ်း)**

လက်ပံတန်းမြို့နေ (ဦးလူကလေး-ဒေါ်ဟဝါဘီ)တို့၏ မြေး၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၂၄၉/၂၅၁၊ ပထမထပ်၊ ဗိုလ်အောင်ကျော်လမ်းနေ (ဦးသာဒင်-ဒေါ်ခင်ဦး)တို့၏ သမီး၊ (ဒေါ်အေးအေးကြိုင်-ဦးကျော်မြင့်)၊ (ဒေါ်ဌေးဌေးလှိုင်-ဦးသန်းဝင်း)၊ (ဒေါ်အေးအေးမြိုင်)၊ ဒေါ်လှလှအေး-ဦးတက်ထွန်း၊ (ဒေါ်မေမေခင်)တို့၏ ညီမ၊ (ဦးမိုးကျော်)၊ ဒေါ်ဝေဝေ-ဦးစိုးဝင်း၊ ဦးစိုးပိုင် တို့၏ အစ်မ၊ [ဦးတင်ဝင်း (အ-လ-ည-ငြိမ်း)]၏ ဇနီး၊ ဒေါ်ခင်ဝင်းမွန် (MFTB)၊ (မောင်တင်ထူးအောင်)တို့၏ မိခင်၊ တူ/တူမ ကိုးယောက်တို့၏အဒေါ်၊ မြေးလေးယောက်တို့၏အဘွားသည် ၇-၆-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၃:၃၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၈-၆-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် (ဇဟိုရ်)အပြီး ရေဝေးကပရ်စတန်၌ ဂျနာဇာနမာဇ်ပတ်ပြီး ဒဖနာမည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်မာမာ (၆၉)နှစ်

**ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ ဒဿနိကဗေဒဌာန၊ ပြည်တက္ကသိုလ်**

ရန်ကုန်မြို့နေ (ဦးတင်အောင်-ဒေါ်ခင်လှ)တို့၏ သမီးကြီး၊ (ဗိုလ်မှူးသန်းအောင်-ဒေါ်အေးအေးမာ)တို့၏ ကတ္တိမသမီး၊ ပြည်မြို့၊ ရွှေတံခါးအပိုင်း(၁)၊ အမှတ်(၁/၁၂/၁၇၅)နေ ဦးအုန်းရွှေ၏ဇနီး၊ ဦးကျော်သွင်အောင်-ဒေါ်ချိုချိုလွင်(လမ်းဦးစီးဌာန၊ ဒီမော့ဆိုမြို့နယ်ရုံး)၊ ဦးစည်သူ-ဒေါ်မြင့်မြင့်ခိုင်တို့၏မိခင်၊ ရန်ကုန်မြို့နေ ဦးမြင့်ကျော်-ဒေါ်အေးအေး၊ ဒေါက်တာတင်မောင်မြင့်-ဒေါ်သန်းသန်းအေး၊ ဦးထွန်းသိန်း-ဒေါ်သန်းသန်းဆွေ၊ ဦးဖေသိန်း-ဒေါ်ခင်ခင်ထွေး တို့၏ အစ်မကြီး၊ တူ/တူမ ခုနစ်ယောက်တို့၏ကြီးကြီး ဒေါ်ခင်မာမာသည် ၆-၆-၂၀၂၀ ရက်နေ့တွင် ပြည်မြို့၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၇-၆-၂၀၂၀ ရက်နေ့တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၆-၂၀၂၀ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါပြည်မြို့နေအိမ်သို့ ရက်လည်ဆွမ်းသွတ်တရားတော်နာကြွရောက်ပါရန် ကျန်ရစ်သူမိသားစုမှ ညှိုးငယ်စွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

### ဦးမင်းတိုးအောင် (သန်လျင်)

### အသက်(၆၂)နှစ်

သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ရွာဝ၊ အမှတ် (၁၉/က)၊ ရာစုဥဒါန်းလမ်းနေ (ဦးတင်ကြည်-ဒေါ်ယုံ)တို့၏ သား၊ (ဦးမျိုးမြင့်-ဒေါ်ခင်စန်းမြင့်)တို့၏ သားသမက်၊ ဦးမောင်မြင့်-(ဒေါ်ညိမ်းညိမ်းဝင်း)တို့၏ မောင်၊ ဒေါ်မူမူသက်(ခ)ဒေါ်ချိုမာ၏ခင်ပွန်း၊ ကိုကျော်မြင့်မောင်-မအိချိုဇင်ဦး၊ ကိုညွန့်ဝင်း-မသူသူဇင်(ILBC, Library Dept:)တို့၏ဖခင်၊ ကိုနေမင်းထက်-မကြည်ဇာထွန်း၊ ကိုရန်ဝင်းနိုင်-မခိုင်သဇင်မြင့်၊ ကိုသက်နိုင်ဝင်း-မချောကလျာတို့၏ ဦးလေး၊ မပိုးသိမ့်ရွှေဇင် (ILBC, Thar Yar Shwe Pyi II)၊ မောင်ဖြိုးမင်းသန့်၊ မောင်မင်းသက်ခိုင်တို့၏အဘိုးသည် ၆-၆-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**သင့် သွေး ဖြင့် အ သက် ကယ် ပါ**

# ပြင်သစ်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့



ပြင်သစ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၇**

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။

**အဆင်ပြေချောမွေ့စွာ ရောက်ရှိ**

ပြင်သစ်၊ အီတလီနှင့် နယ်သာလန်နိုင်ငံတို့သို့ ရောက်ရှိနေသည့် ရှန်ဟိုင်းအခြေစိုက် Norwegian Cruise Line Holding Ltd. ကုမ္ပဏီ၏ ကမ္ဘာလှည့်သင်္ဘောများပေါ်မှ မြန်မာသင်္ဘောသားစုစုပေါင်း ၈၃ ဦးတို့အား ပါရီမြို့အခြေစိုက် Amelia Airlines မှ စီစဉ်ပေးသည့် အထူးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စာမျက်နှာ ၁၀ ကော်လံ ၆ သို့ ○

## ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသူများအား လားရှိုးမြို့မှတစ်ဆင့် မီးရထားဖြင့် ဆက်လက်ပို့ဆောင်

**လားရှိုး ဇွန် ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့များရှိ နှစ်နိုင်ငံနယ်စပ်ဂိတ်များမှတစ်ဆင့် တရုတ်နိုင်ငံမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား လားရှိုးမြို့မှတစ်ဆင့် မီးရထားဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် နေရပ်ပြန် အမျိုးသား ၁၇၄ ဦး၊ အမျိုးသမီး ၈၆ ဦး စုစုပေါင်း ၂၆၀ တို့အား ထပ်မံပို့ဆောင်ပေးနိုင်ခဲ့သည်။

အဆိုပါ နေရပ်ပြန်ပြည်သူ ၂၆၀ တွင် ကချင်ပြည်နယ်မှ ၃၆ ဦး၊ ချင်းပြည်နယ်မှ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၁၃ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၆၀၊ မကွေးတိုင်းဒေသကြီးမှ ငါးဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၂၅ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ သုံးဦး၊ ရခိုင်ပြည်နယ်မှ သုံးဦး၊ နေပြည်တော်မှ တစ်ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ၁၃ ဦးတို့ဖြစ်ကြသည်။ စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ✻


ကြေးမုံ ယနေ့ ဖတ်စရာ

လစ်ဗျားနိုင်ငံဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစီမံချက် အီဂျစ်သမ္မတ အယ်လ်စီစီ အဆိုပြု

စာမျက်နှာ » ၁၁

အိုပက်၊ ရုရှားနှင့် မဟာမိတ်နိုင်ငံများက ဇူလိုင်လကုန်အထိ ရေနံထုတ်လုပ်မှုလျှော့ချရေး တိုးမြှင့်ဆောင်ရွက်မည်






စာမျက်နှာ » ၁၂

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်နိုင်သည့်အတွက် အသွားအလာကန့်သတ်မှု ထပ်မံဖြေလျှော့မည်ဟု မလေးရှားဝန်ကြီးချုပ် ကြေညာ

စာမျက်နှာ » ၁၃

ဟိုပုံးမြို့၌ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် နေရပ်ပြန်ပြည်သူ ၈၈ ဦးအား အသွားအလာကန့်သတ်ထားရှိ

စာမျက်နှာ » ၁၆




## ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်မှ ဝင်ရောက်လာသူများအား တောင်ကြီးမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**တောင်ကြီး ဇွန် ၇**

တရုတ်နိုင်ငံနှင့် အထူးဒေသ(၄)တို့တွင် သွားရောက်အလုပ်လုပ်ကိုင်ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် နမ့်လွေချောင်းတံတားမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၁၄၉ ဦးအား ယမန်နေ့ ညနေ ၆ နာရီတွင် တောင်ကြီးမြို့ အဝေးပြေးကားဝင်းမှတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးသို့ မော်တော်ယာဉ်များဖြင့် စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံနှင့် မိုင်းလားဒေသမှ ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ရှမ်းပြည်နယ်မှတစ်ဆင့် သက်ဆိုင်ရာဒေသများသို့ စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ အဆိုပါ နေရပ်ပြန်ပြည်သူများသည် မိုင်းလားအထူးဒေသ(၄)နမ့်ပန်းတွင် အသွားအလာကန့်သတ်၍ ၂၁ ရက် စောင့်ကြပ်ကြည့်ရှုခြင်းကို ခံယူခဲ့ပြီးဖြစ်သည်။ မိုင်းယောင်း နမ့်လွေချောင်းတံတားမှ တောင်ကြီးမြို့အထိ သက်ဆိုင်ရာယာဉ်လိုင်းများဖြင့် ပြန်လည်ဝင်ရောက်လာခြင်းဖြစ်ပြီး တောင်ကြီးမြို့မှတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မော်တော်ယာဉ်များဖြင့် ထပ်ဆင့်လွှဲပြောင်းပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ နေရပ်ပြန်ပြည်သူ ၁၄၉ ဦးတို့တွင် ရန်ကုန်တိုင်းဒေသကြီးမှ လေးဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၁၀ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၂၇ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ လေးဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ တစ်ဦး၊ ရခိုင်ပြည်နယ်မှ ၉၇ ဦးနှင့် ရှမ်းပြည်နယ်မှ ခြောက်ဦးတို့ဖြစ်ကြောင်း သိရသည်။ ယနေ့အထိ နေရပ်ပြန်ပြည်သူ ၄၀၀၀ ကျော်အား တောင်ကြီးမြို့မှတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ တောင်ကြီးမြို့အခြေစိုက် ခရီးသည်တင်ယာဉ်လိုင်းများဖြင့် ပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

စိုးညွန့်ရွှေ(ပြန်/ဆက်)